တက္ကသိုလ်

# သိဟအောင်

မရဏာခရီးသွား

ပ-၃ ဇာတ်သိမ်း



စာမူ ခွင့်ပြုအမှတ် ၅၉၁/၉၅(၉)

မျက်နှာဖုံး ခွင့်ပြုအမှတ် ၅၉၈/၉၅(၁၀)

ပထမအကြိမ်

၁၉၉၅ ခုနှစ်၊ ဒီဇင်ဘာလ

တန်ဖိုး ၈၀/- အုပ်ရေ [၄၀၀]

ထုတ်ဝေသူ ဦးကျော်ကျော် (မြဲ ၀၃၃၁၁)
ဝဏ္ဏထွန်းစာပေ
၉၀/သီ၊ (၅) လမ်း၊ လမ်းမတော်၊
ရန်ကုန်မြို့။

ပုံနှိပ်သူ ဒေါ်ကျင်ငွေ (မြဲ ၀၃၁၄၆)
ဇမ္ဗူအောင်ပုံနှိပ်တိုက်
အမှတ်(၁)၊ စပယ်ခြံ(၃)လမ်း၊
ကမာရွတ်၊ ရန်ကုန်။

မျက်နှာဖုံးရိုက် ဦးကျော်မိုးစိန် (မြဲ-၀၃၁၃၇)
အောင်သာပုံနှိပ်တိုက်
၁၇၂၊ ၃၁ လမ်း၊
ရန်ကုန်မြို့။

# လမ်းပေါ်ကလူ

ထိုက်ဝူးမြို့။

ထိုက်ဝူးမြို့သည် စည်ကားသိုက်မြိုက်ပြီး သာယာလှပသော မြို့တစ်မြို့ဖြစ်ပါသည်။

လမ်းဆုံလမ်းခွကျသော မြို့လေးဖြစ်၍ အနယ်နယ်အရပ်ရပ်မှ ကုန်သည်ပွဲစားများ၊ ခရီးသွားများ၊ သိုင်းလောကသားများ ဝင်ထွက်သွားလာမစဲဖြစ်သဖြင့် နေ့ရောညပါ စည်ကား သိုက်မြိုက်နေသော မြို့ဖြစ်ပေသည်။

ရှောင်မာသည် ထိုက်ဝူးမြို့သို့ ရောက်လာလျှင် အလွန် သဘောကျသွားလေသည်။

မင်းစမ်းမကြီးအတိုင်း ဟိုဟိုသည်သည်ငေးမောကြည့်ရှုလျှောက်လာရင်း....

'အင်း...ဝါတော့ ဒီမြို့ကလေးမှာ အေးအေးချမ်းချမ်းအနားယူနိုင်မယ်ထင်ပါရဲ့'

ဟု တီးတိုးရေရွတ်လိုက်လေသည်။

စားသောက်ဆိုင် တစ်ဆိုင်ရှေ့မှ ဖြတ်သွားစဉ် မွှေးကြိုင်ထင်းပျံ့သော ဟင်းနံ့များ ထွက်ပေါ်လာသဖြင့် နှာခေါင်းတရှုံ့ရှုံ့ဖြစ်သွားလေသည်။

ဗိုက်ထဲက ဆာလာသည်ဟုလည်း ခံစားလိုက်ရသည်။

ထို့ကြောင့်....

'တစ်ခုခု ဝင်စားဦးမှပဲ'

စားသောက်ဆိုင်ထဲသို့ လှမ်းဝင်လိုက်သည်။

ဆိုင်ထဲ၌ လူစည်ကားနေပါသည်။

ရှောင်မာဝင်လာသည်ကိုမြင်သော်လည်း ဆိုင်လုလင်များက သာရောက်ကြိုဆိုခြင်းမရှိပေ။

အကြောင်းမှာ...

ရှောင်မာသည် အရောင်အဆင်း လွင့်ပျယ်နေသော အပြာရောင် အဝတ်အစားများကို ဝတ်ထားပြီး ဘိုသီဘတ်သီ နိုင်လှသဖြင့် အထင်ကြီးတဲ့ တမင်လျစ်လျူရှုထားလိုက်ကြခြင်းဖြစ်သည်။



အကယ်၍ ချမ်းသာကြွယ်ဝသူတစ်ယောက် ဝင်လာသည်ဆိုလျှင် ပျာပျာသလဲ ဆီးကြိုကြမည်ဖြစ်ပေသည်။

ချမ်းသာကြွယ်ဝသူများသည် ဈေးကြီးသော ဟင်းလျာများ မှာယူစားသောက်တတ်ကြပြီး ဆိုင်လုလင်များကို ဆုငွေပေးလေ့ ရှိကြခြင်းကြောင့် ဖြစ်လေသည်။

သို့သော်....

ချမ်းသာကြွယ်ဝသူတိုင်းလည်း မဟုတ်ချေ။

ရှောင်မာ ကဲ့သို့သော ခပ်နွမ်းနွမ်းရှိသူ တစ်ယောက်ထံမှ ဆုငွေ ရနိုင်စရာအကြောင်း မမြင်ပါ။

ထို့ကြောင့် မသိလိုက်မသိဘာသာ နေလိုက်ကြခြင်း ဖြစ်လေသည်။

ရှောင်မာကလည်း မည်သို့မျှ သဘောမထားချေ။

ပြတင်းပေါက်နှင့် ကပ်လျက်ရှိသော ချောင်ကျကျ စားပွဲတစ်လုံး၌ နေရာယူလိုက်လေသည်။

'ဘာများသုံးဆောင်မလဲ အစ်ကိုလေး'

အသက်ဆယ့်လေးနှစ်ခန့်ရှိ ဆိုင်လုလင်လေး တစ်ယောက်အနီးသို့ရောက်လာပြီး မေးသည်။

ထိုဆိုင်လုလင်လေးသည် အခြားသော ဆိုင်လုလင်များနှင့် မတူဘဲ သဘောကောင်းပုံ၊ ရိုးသားပုံရသည်။

စည်သူမျှ ကြိုဆိုချင်သောညွှန်သည်ကို အမြဲတမ်း ကြိုဆို ခဲ့ပုံရလေသည်။

ရှောင်မာက အင်္ကျီအိတ်ထဲ လက်နှိုက်လိုက်သည်။

ဖျင်ကြမ်းဖြင့် ချုပ်ထားသည့် ငွေထုပ်အိတ်ကလေးပါလာ အနာသည်။ အိတ်ကိုဖွင့်ပြီး စားပွဲပေါ် သွန်မှောက်လိုက်သော ငွေတုံးကလေးတစ်တုံးနှင့် ကြေးပြားအချို့ ကျသွား လေသည်။

ရှောင်မာက...

'ဒီငွေနဲ့တန်သလောက် ထမင်းဟင်းနဲ့ အရက်ယူခဲ့ပါ'

ဟု ပြောလိုက်လေသည်။

'ကောင်းပါပြီ ခင်ဗျာ'

ဆိုင်လုလင်ကလေးသည်ငွေတုံးတစ်တုံးနှင့်ကြေးပြားများကို ယူကာ ထွက်သွားလေသည်။

မကြာပါချေ။

လင်ပန်းတစ်ချပ် ကိုင်ဆောင်ကာ ပြန်လည်ရောက်ရှိလာ လေသည်။

လင်ပန်းထဲ၌ အပေါ်စား ဆန်အရက်တစ်အိုး၊ ပဲပြားဟင်း တစ်ပွဲ၊ မြေပဲဆံကြော်နှင့် ထမင်းတစ်ပွဲပါလာလေသည်။



ဆိုင်လုလင်သည် စားသောက်ဖွယ်ရာများကို ရှောင်မာ ရှေ့တွင်ချပေးလိုက်ပြီး....

'ကြေးပြားသုံးပြားပိုပါတယ် အစ်ကိုလေး'

ဟုပြောလိုက်သည်။

ရှောင်မာက ပြုံးလိုက်သည်။

'မင်း ယူလိုက်ပါ'

ဆိုင်လုလင်က....

'အစ်ကိုလေး၊ အရက်တစ်အိုး ထပ်ယူဦးလေး'

'ဟေ'

'ကျွန်တော် ကြေးပြားနှစ်ပြားထပ်ပေးလိုက်ပါ့မယ်၊ အရက် တစ်အိုး ထပ်ယူလိုက်ပေါ့'

ပြောပြောဆိုဆို ဆိုင်လုလင်က ထွက်သွားလေသည်။ ရှောင် မာက ကြောင်အမ်းအမ်းဖြစ်သွားသည်။

ဆိုင်လုလင်သည် သူ့ကိုပင် ပြန်ပြီး ကရုဏာသက်နေသေး သည် မဟုတ်ပါလော။

ဆိုင်လုလင်သည် အရက်တစ်အိုးဆွဲကာ ချက်ချင်း ပြန်လည် ရောက်ရှိလာလေသည်။

'အစ်ကိုလေး၊ အရက်တစ်အိုးနဲ့ ဝမှာမဟုတ်ဘူးဆိုတာကျွန် တော် ရိပ်မိပါတယ်'

ဟု ပြောလေသည်။

ရှောင်မာက ပြုံးလိုက်သည်။

'ငါ့က အရက်သမားနဲ့ တူနေလို့လား'

'အရက်သမားနဲ့တော့ မတူပါဘူး၊ ဒါပေမယ့် အစ်ကိုလေး တကယ်သောက်မယ်ဆိုရင် အရက်တစ်အိုးနဲ့ ဝမှာမဟုတ်ဘူးလို့ ကျွန်တော် အကဲခတ်မိလို့ပါ'

ရှောင်မာက…

'မင်း လူကဲခတ် ဘယ်လိုလို့လဲ'

'ကျွန်တော်တို့က နေ့စဉ် လူပေါင်းစုံနဲ့ ဆက်ဆံနေရတော့ အတွေ့အကြုံ ရနေတာပေါ့ဗျာ၊ အစ်ကိုလေးက ခရီးဝေးကို လာပြီး ဒီမြို့ရဲ့ သူဋ္ဌေးတစ်ယောက်ဆီ ဘာလဲ သိတယ်၊ အစ်ကိုလေး စားသောက်ပြီးလို့ အနားယူချင်တယ်ဆိုရင် မြို့အနောက်ဘက်မှာ ဘုံကျောင်းကြီးရှိတယ်၊ အဲဒီကိုသွားပါ၊ အေးအေးဆေးဆေး အနားယူလို့ရပါတယ်၊ ကဲ ကျွန်တော် လုပ်စရာရှိတာ သွားလုပ်လိုက်ဦးမယ် ခွင့်ပြုပါဦး'

ဆိုင်လုလင်ကလေးသည် ရှောင်မာကို နှုတ်ဆက်ကာ ထွက်ခွာသွားလေသည်။

ရှောင်မာက ပါးစပ်အဟောင်းသား ဖြစ်နေသည်။

သို့သော်…



ဗိုက်ထဲက တကြုတ်ကြုတ် အသံထွက်လာသဖြင့် ဆက်၍ မငိုင်မနေနိုင်တော့ဘဲ စားသောက်ဖွယ်ရာများကို အားပါးတရ စားသောက်လိုက်လေသည်။

ဆိုင်လုလင်ကလေး ယူလာပေးသည့် ထမင်းဟင်းနှင့် အရက်နှစ်အိုးမှာ ခဏအတွင်းမှာပင် ထက်ဘက်စင် ပြောင်သွားလေသည်။

ရှောင်မာက နှုတ်ခမ်းကို လက်ခုံဖြင့်သုတ်ကာ ဗိုက်ကို ပုတ်လိုက်သည်။

ထိုင်ရာမှထကာ သဘောကောင်းသော ဆိုင်လုလင်ကလေးအား ရှာဖွေကြည့်လိုက်သော်လည်း မတွေ့ရပါချေ။

တစ်နေရာရာတွင် အလုပ်ရှုပ်နေပုံရသည်။

ရှောင်မာက နှုတ်မဆက်တော့ဘဲ ဆိုင်ထဲမှထွက်လာခဲ့သည်။

ရှောင်မာက ထမင်းမစားရသည်မှာ သုံးရက်ရှိပြီ ဖြစ်လေသည်။

* * *

ည…

ဝန်းကျင်တစ်ခုလုံး သာယာလှပနေသည်။

ဆောင်းကင်ပေါ်တွင် လမင်းထိန်ထိန်သာနေပြီး အေးမြသော လရောင်သည် ထိုက်ဝူးတစ်မြို့လုံးသို့ ဖြာကျနေလေသည်။

လရောင်အောက်တွင် မြို့လယ်၌ လူစည်ကားနေသည်ကို တွေ့မြင်နိုင်ပါသည်။

ရပ်ဝေးမှ ခရီးသည်များ ကုန်သည်ပွဲစားများသည် အချိန်အခါမရွေး ဝင်ထွက်သွားလာနေခြင်းကြောင့် နေ့ရောညပါ စည်ကား သိုက်မြိုက်နေခြင်း ဖြစ်လေသည်။

ညလုံးပေါက်ဖွင့်သော တည်းခိုခန်းများ စားသောက်ဆိုင်များသည်လည်း မြို့လယ်တွင် စုရုံး တည်ရှိနေပေသည်။

ထိုက်ဝူးမြို့၏ ညဘက်တွင် အေးချမ်းဆိတ်ငြိမ်သော နေရာဟူ၍ မြို့ပြင်သုသာန်သို့ သွားရာလမ်းပေါ်ရှိ မြို့အနောက်ဘက် ဘုံကျောင်းတစ်ဝိုက်သာ ရှိလေသည်။

ရှောင်မာသည် ဆိုင်လုလင်ငယ်လေး၏ စကားကို အလေးအနက်ထားကာ မြို့အနောက်ဘက် ဘုံကျောင်းသို့ လာခဲ့လေသည်။

တခြား တစ်စုံတစ်ယောက်ဆိုလျှင် ဆိုင်လုလင်၏စကားကို ပေါ့ပေါ့တန်တန်သာ သဘောထားမည်သာ ဖြစ်သည်။

သို့သော်....



ဆိုင်လုကောင်သည် လူလူချင်း စာနာထောက်ထားတတ်သော စိတ်ထားရှိကြောင်း သဘောပေါက်ထားသည့် ရှောင်မာက အလေးအနက်ထားလိုက်ခြင်း ဖြစ်သည်။

အေးအေးဆေးဆေး အနားယူဖို့ သူ့အတွက် လိုအပ်နေသည် မဟုတ်ပါလား။

ငွေမကုန်စေရဘဲ အေးအေးဆေးဆေး အနားယူနိုင်မည့်နေရာကို ဆိုင်လုလင်က ပြောပြလိုက်ခြင်းဖြစ်ကြောင်း သဘောပေါက်၍ မြို့အနောက်ဘက် ဘုံကျောင်းဆီသို့ လာခဲ့ခြင်းဖြစ်လေသည်။

မြို့အနောက်ဘက်တွင် ဘုံကျောင်းတစ်ခု ရှိနေပါသည်။

ဘုံကျောင်းသည် ဟောင်းနွမ်းယိုယွင်းနေပြီ ဖြစ်သည်။

ကျယ်ဝန်းသော ဘုံကျောင်းပိုင်မြေပေါ်တွင် သီးပင်စားပင်များ စိုက်ပျိုးထားပြီး သာအေးယံဇရပ်တစ်ဆောင် ရှိလေသည်။

အယုတ်အမြတ်မရွေး မည်သူမဆို တည်းခိုအိပ်စက်နိုင်သော ဇရပ်တစ်ဆောင် ဖြစ်လေသည်။

ရှောင်မာအား သဘောကျသွားသည်။

ဇရပ်ပေါ်တွင် တက်လိုက်သောအခါ ပိန်လှီနေသော ခွေးတစ်ကောင် ပြေးဆင်းသွားသည်။

ရှောင်မာက ပြုံးလိုက်မိလေသည်။

ဇရပ်ပျက်ပေါ်ကြည့်လိုက်သောအခါ ကောက်ရိုးများ ဟိုတစ်ပုံသည်တစ်ပုံရှိနေသည်ကို တွေ့ရသေးသည်။

လာရောက် တည်းခိုအိပ်စက်သူများသည် ကောက်ရိုးများကို မွေ့ရာမှာ အသုံးချပုံရသေးသည်။

ဤနေရာတွင် ခြေသလုံးအိမ်ကိုင်သမားများ လာရောက်အိပ်စက်သေးရှိကြောင်း ချက်ချင်း အကဲခတ်မိလိုက်သည်။

ဆိုင်းလုံးသင်က ဤနေရာသို့သွန်လိုက်၍ ရှောင်ခဲ့စိတ်မဆိုးပါ။

သူကိုယ်တိုင်ကလည်း ခြေသလုံးအိမ်တိုင်သမားတစ်ယောက် မဟုတ်ပါလား။

ဇရပ်ထောင့် တစ်နေရာသို့ လျှောက်သွားပြီး ကောက်ရိုး အနည်းငယ်ယူခါ ကြမ်းပြင်ပေါ် ခင်းလိုက်သည်။

ထို့နောက်....

ကောက်ရိုးမွေ့ရာပေါ်၌ ကျောခင်းလိုက်သည်။

စိတ်ကို လျော့ချပြီး မျက်လုံးမှိတ်ထားလိုက်ရာ တစ်ခဏအတွင်းမှာပင် အိပ်ပျော်သွားလေတော့သည်။

* * *

အချိန်မည်မျှ ကြာသွားမှန်းမသိ၊



အနီးတွင် တစ်စုံတစ်ယောက် လှုပ်ရှားမှု ဖြစ်ပေါ်နေသည်ဆိုသောအသံကြောင့် ရှောင်မာ ဖျတ်ခနဲလန့်နိုးလာလေသည်။

မျက်လုံးဖျတ်ခနဲ ဖွင့်ကြည့်လိုက်သော်လည်း ခန္ဓာကိုယ်အား တုတ်တုတ်မျှမလှုပ်ချေ။

သို့သော်....

အကြောလျှော့ထားသည့် သူ့တစ်ကိုယ်လုံးသည် ချက်ချင်းပင် ကြောင်ရိုင်းတစ်ကောင်သဖွယ် ခုန်ထရန် အသင့်ဖြစ်နေကြောင်း သူ့ကိုယ်သူသိပါ၏။ မလိုအပ်သေး၍ မလှုပ်ရှားဘဲ နေလိုက်ခြင်း ဖြစ်သည်။

မျက်လုံးဖွင့်လိုက်သည်နှင့် မနီးမဝေးတွင် လှုပ်ရှားနေသော လူရိပ်တစ်ခုကို တွေ့ရလေသည်။

ထိုလူရိပ်သည် ကုန်းကုန်းကွကွနှင့်လှုပ်ရှားနေခြင်းဖြစ်သည်။

လရောင်သည် ပေါက်ပြဲနေသောအမိုးမှ တစ်ဆင့် ဇရပ်ထဲသို့တိုင် ထိုးကျနေပါသည်။

လရောင်ဖြင့် ကုန်းကုန်းကွကွ လုပ်နေသူသည် ကောက်ရိုးများကို ပွေ့ပိုက် သယ်ယူနေခြင်းဖြစ်သည်ကို တွေ့ရလေသည်။

ထိုလူသည် ကောက်ရိုးများပွေ့ပိုက်ကာ ရှောင်မာအနီးသို့ ချဉ်းကပ်လာပါသည်။

ရှောင်မာနှင့် သုံးလေးပေမျှအကွာတွင် ကောက်ရိုးများကို ခင်းလိုက်ပြီး ကျောခင်းလိုက်လေသည်။

ရှောင်မာ ပင့်သက်ရှိုက်လိုက်သည်။

လျှော်ဘစ်ပြက် လှုပ်ရှားရန် စုစည်းထားသော ခွန်အားများကို လျှော့ချလိုက်ပြီး....

'လက်စသတ်တော့ မင်းလဲ ဒီမှာအိပ်တာကိုး'

ဟု ပြောလိုက်လေသည်။

တိတ်ဆိတ်နေသောဝန်းကျင်တွင် လူငယ်အသံသည် ကြည်လင်ပီသစွာထွက်ပေါ်လာလေသည်။

ရှောင်မာအနီး၌ ထောင်ထောက်ကျောခင်းလိုက်သူမှာ ဆိုင်လုသင်ကလေး ဖြစ်နေသည်။

ဆိုင်လုသင်ကလေးသည် အံ့ဩသွားဟန်ဖြင့်....

'ဟင်....အစ်ကိုကြီးက မအိပ်သေးဘဲကိုး'

ဟု ပြောလေသည်။

ရှောင်မာက ရယ်မောလိုက်သည်။

'ငါက တရေးနိုးပြီလေကွာ၊ မင်းက ဒီမှာ လာအိပ်နေကျ ဟုတ်လား'

'ဟုတ်တယ် အစ်ကိုကြီး၊ ဒီနေရာဟာ ကျွန်တော့်ရဲ့ဘုံဗိမာန်လေးပေါ့'

မင်းမှာ အိမ်မရှိဘူးလားဟု ရှောင်မာက မေးလိုက်ချင်ပါသည်။ သို့သော်....



အိမ်မရှိ၍ ဤနေရာမှာ လာအိပ်ကြောင်း ထင်ရှားနေ၍ မမေးဖြစ်ပါတော့ချေ။

ဆိုင်လုသင်ကလေးက....

'ကျွန်တော်က ဒီမြို့က မဟုတ်ဘူး၊ တောင်ဘက် မိုင်လေးဆယ်လောက်ဝေးတဲ့ ရွာလေးတစ်ရွာက လာတာ၊ ရွာမှာ အမေအိုကြီးတစ်ယောက်ပဲ ကျန်ခဲ့တယ်၊ ကျွန်တော်က အလုပ်လုပ်ပြီး အမေ့အတွက် ငွေပို့ပေးရတယ်လေ၊ အိပ်ခန်းတစ်ခန်းလောက်တော့ ငှားပြီး နေချင်ပါတယ်၊ ဒါပေမယ့် ငွေကုန်မှာစိုးလို့ ဒီမှာပဲ ဖြစ်သလို လာအိပ်လိုက်တာ'

'ဪ....'

ဆိုင်လုသင်ကလေးက....

'မိုးမလင်းခင် အလုပ်ဆင်းရတယ်၊ ညဉ့်နက်သန်းခေါင်မှ ပြန်လာရတယ်ဆိုတော့ ကျောခင်းဖို့ တစ်နေရာရရင် လုံလောက်ပြီပဲ ဘာမှမလိုတော့ပါဘူး အစ်ကိုကြီးရာ'

ရှောင်မာသည် ဆိုင်လုသင်ကလေးအပေါ် ကရုဏာ သက်သွားလေသည်။ ထို့ကြောင့်....

'ညီလေးက လခ ဘယ်လောက်ရသလဲ'

ဟု မေးလိုက်မိသည်။

'တစ်လကို ငွေငါးကျပ်သားလောက် ရပါတယ်'

'ငွေဝါးကျပ်သားဆိုတာ အဆောင်းစား၊ အရက်တစ်အိုးဖိုး လောက်ပဲ ရှိတာ'

ဆိုင်လုလင်ကလေးက ရယ်မောလိုက်သည်။

'ဟဲ... ဟဲ... ဒါကြောင့် အစ်ကိုကြီးဟာ အပေါစားအရက် တစ်အိုးနဲ့ မလောက်ဘူးဆိုတာ ချက်ချင်း သိတာပေါ့'

'ဟား....ဟား....ဟား'

ရှောင်မာက မနေနိုင်တော့ဘဲ ရယ်မောလိုက်လေ သည်။ ဆိုင်လုလင်ကလေးက....

'အစ်ကိုကြီးက အရက်အပေါစားက စပြီး အကောင်းစား အရက်မျိုးစုံ သောက်ဖူးတဲ့လူ၊ ဒီနေ့ရာမျိုးမှာ အိပ်နိုင်သလို ဈေးအကြီးဆုံး တည်းခိုခန်းတွေမှာ အိပ်ခဲ့ဖူးတဲ့လူ၊ အစ်ကိုကြီး လုပ်ဘူးတာ မစားဘူးတာ ဘာမှ မရှိဘူးဆိုတာ ကျွန်တော် သိပါတယ်'

ရှောင်မာက မျက်နှာတည်သွားသည်။

'မင်းက ဘယ်လိုလုပ်သိလဲ ပြောစမ်းပါဦး'

ဟု မေးလိုက်သည်။

ဆိုင်လုလင်က....

'ဒါတော့ မပြောတတ်ဘူး၊ လူပေါင်းစုံနဲ့ ဆက်ဆံနေရတာ ဆိုတော့ စိတ်ထဲက အလိုလိုသိနေတာ၊ ရှင်းရှင်း ပြောရရင်



ကျွန်တော် တွေ့ဘူးတဲ့လူတွေ အားလုံးထက် ပိုပြီး အစ်ကိုကြီးက ထူးခြားတဲ့လူဆိုတာ ကျွန်တော် သိတယ်'

'ကောင်းကွာ'

ဆိုင်လုလင်က....

'ကျွန်တော့်နာမည် ရေမြင်းလေးလို့ ခေါ်တယ်၊ အစ်ကို ကြီးရော....'

ဟု မေးလိုက်သည်။

ရှောင်မာက အဖြေမပေးဘဲ

'မင်း တစ်သက်လုံး ဒီလိုပဲ နေသွားတော့မှာလား'

ဟု မေးလိုက်သည်။

ဆိုင်လုလင် (ဝါ) ရေမြင်းလေးသည် ရှောင်မာ၏အမည်ကို မေးရန်ပင် မေ့လျော့သွားလေသည်။

'ကျွန်တော်လဲ ဒီလို ဘယ်နေချင်ပါ့မလဲ အစ်ကိုကြီးရာ၊ ဒါပေမယ့် ဘဝပေးအခြေအနေအရပေါ့၊ ကြီးပွားနိုင်တဲ့လမ်းစ မတွေ့ခင် ဒီလိုပဲ နေရဦးမှာပေါ့'

'ကောင်းကွာ'

'ကဲ... ညဉ့်လဲနက်ပြီ အစ်ကိုကြီး အိပ်ချင်အိပ်တော့ ကျွန်တော်လဲ အိပ်တော့မယ်'

ပြောပြောဆိုဆို ရေမြင်းကလေးသာ စကားမပြတ်ကာ အိပ်စက်ရန် ဟန်ပြင်လိုက်လေသည်။

ထိုစဉ်....

'ဟော.... ညဉ့်နက်သန်းခေါင် အချိန် ရောက်တော့မယ်ကွ၊ ခုထိ မအိပ်သေးဘဲ စကားပြောနေကြတာ ဘာသဘောလဲ ပတီဝန်းကျင်ကိုလဲ အားနာဦးမှပေါ့ကွ'

ကျယ်လောင်သော စကားသံတစ်ချက် ဇရပ်ထောင့်မှ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

ရှောင်မာက သတိနဲ့ လှည့်ကြည့်လိုက်လေသည်။

ရေမြင်းလေး ပြုံးလိုက်သည်။

'မျက်မမြင်ကြီးပါ အစ်ကိုလေးရှ၊ သူက ဒီလိုပဲ'

ဟု အသံတိုးတိုးဖြင့် ပြောလေသည်။

ယခုမှ....

ဇရပ်ပေါ်တွင် လူအောင်းတော်များများ ရောက်ရှိနေသည်ကို တွေ့မြင်ရလေသည်။

ညဉ့်နက်ပြီမို့ ခြေဘလုံးအိမ်တိုင်သမားများ လာရောက်အိပ်စက်နေကြခြင်း ဖြစ်လေဘော့သည်။

ဇရပ်ထောင့်တွင် အသက် လေးဆယ်နီးပါးခန့်ရှိ လူတစ်ယောက်က နံရံကိုကျောမှီကာ ထိုင်နေသည်ကို တွေ့ရလေသည်။



လရောင်ဖြင့် ထိုလူသည် ခန္ဓာကိုယ် ပိန်ပိန်ပါးပါးရှိပြီး အနက်ရောင် အဝတ်အစားများ ဝတ်ဆင်ထားသည်တို့ တွေ့ရ၏။

ဒူးထောက်ကာ လက်နှစ်ဖက်ဖြင့် ပိုက်ထားပြီး ရင်ဘတ်ကြား၌ အထုပ်တစ်ထုပ် ရှိနေသည်ကို တွေ့ရ၏။

ရေမြင်းလေးက....

'သူက ဖိနပ်ချုပ်သမားပါ အစ်ကိုကြီး၊ ဈေးထောင်းမှာ ဖိနပ်ချုပ်တယ်၊ ညကျ ဒီမှာ လာအိပ်တယ်၊ ထိုက်ဝူးမြို့ကို သူရောက်လာတာ သုံးနှစ်လောက်ရှိပြီ၊ ဗီဇာ ကြောင်မပေမယ့် သဘောကောင်းပါတယ်၊ ကျွန်တော့်ဖိနပ်တွေဆို အခကြေး ချုပ်ပေးတာ'

ဟု တီးတိုး ပြောပြန်လေသည်။

ရှောင်မာက ဆက်မြင်းချလိုက်သည်။

ခေါက်ခေါက်မာမာ ပြောနေသော်လည်း ဖိနပ်ချုပ်သမားတစ်ယောက်နှင့်ဖက်ပြီး ရန်မဖြစ်လိုတော့ပါ။

ကို့ကြောင့်....

'အေးလေ၊ တို့ အိပ်ဖို့ သင့်ပါပြီ'

ဟု ပြောကာ အကြောအချဉ်လျော့ပြီး အိပ်စက်ရန် ဟန်ပြင်လိုက်လေသည်။

ရေမြင်းလေးက....

'ဒီနေ့ နွားထိုင်းကြီး ဘယ်မှာ သွားအိပ်နေသလဲ မပြော တတ်ဘူး၊ နွားထိုင်းကြီးသာရှိရင် ဖိနပ်ချုပ်သမား မျက်မမြင်နဲ့ စကားများမှာ သေချာတယ်'

ဟု ပြောလေသည်။

ရှောင်မာက ပြုံးလိုက်ပြီး ဘာမှမပြောဘဲ နေလိုက်လေ သည်။

ရေမြင်းလေးက....

'နွားထိုင်းကြီးက နားသာ မကြားတယ် မျက်မမြင်က ပွစိ ပွစိ လုပ်နေပြီဆိုရင် နားမခံနိုင်တဲ့အတိုင်းပဲ တစ်ယောက်တစ် ခွန်း စကားများကြတော့တာပဲ'

ရှောင်မာမှာ ရေမြင်းလေး ပြောသည့်စကားများ မကြား နိုင်တော့ပါ၊ တခေါခေါဟောက်တာ အိပ်မောကျသွားပြီဖြစ် လေသည်။

ဤသို့ဖြင့် ...

ရှောင်မာသည် ထိုက်ဝူးမြို့သို့ ရောက်လာပြီး ပထမညကို လွန်မြောက်ခဲ့လေတော့သည်။

* * *



မိုးစင်စင်လင်းလာပြီဖြစ်သည်။

'ဝါး....'

ရှောင်မာသည် ဝါးခနဲ သမ်းဝေကာ အပျင်းဆန့်လိုက်ပြီး လှဲလျောင်းနေရာမှ လူးလှိမ့်ထလိုက်သည်။

နေခြည်ဖျာကျနေပြီး ဝန်းကျင်တစ်ခုလုံး ထင်းလင်းကျင်း ကျင်း ဖြစ်နေချေပြီ။

တစ်ချက်ဝေ့ကြည့်လိုက်သောအခါ ဇရပ်ပေါ်တွင် သူတစ် ယောက်တည်းသာ ရှိတော့သည့်အဖြစ်ကို တွေ့ရလေသည်။

ညက လာရောက်အိပ်စက်ခဲ့ကြသူအားလုံး ကိုယ်စီကိုယ်စီ ထွက်သွားကြပြီ ဖြစ်လေသည်။

ရှောင်မာက ရေမြင်းလေး အိပ်စက်ခဲ့သည့် နေရာကို ကြည့် လိုက်သည်။ ရေမြင်းလေးသည် ကော်ကက်ရိုးများကို ဇရပ်ထောင့် တွင် သေသေသပ်သပ် ဖုံးသွား၏။

ရှောင်မာက သက်ပြင်းချလိုက်သည်။

ဇရပ်ပျက်ပေါ်မှဆင်းကာ မြို့ထဲသို့ ထွက်လာခဲ့လေသည်။ မြို့ထဲ၌ လူစည်ကားနေပါ၏။

ရှောင်မာသည် ဟိုကြည့်သည်ကြည့်နှင့် လျှောက်လာခဲ့ရာ မြို့လယ်ပိုင်းသို့ ရောက်လာလေသည်။

ရေမြင့်လေး အလုပ်လုပ်သော စားသောက်ဆိုင်ရှေ့သို့ ရောက်ရှိလာသောအခါ တွေ့လိုတွေ့ငြား လှမ်းကြည့်လိုက်မိလေသည်။

ထိုစဉ်....

'အစ်ကိုကြီး'

ရေမြင့်လေးသည် ဆိုင်ထဲမှ အထုပ်ကလေးတစ်ထုပ်ဆွဲကာ ပြေးထွက်လာသည်ကို တွေ့ရ၏။

ရှောင်မာက ပြုံးလိုက်သည်။

'မင်းက အလုပ်တောင်ဆင်းနေပြီကိုး၊ ငါ အခုမှအိပ်ရာက နိုးတာကွ'

ဟု ပြောလိုက်သည်။

ရေမြင့်လေးက....

'ရော့....အစ်ကိုကြီး၊ ဒီအထုပ်ကလေးကို ယူသွား'

ပြောပြောဆိုဆို ဆွဲလာသော အထုပ်ကလေးကို ရှောင်မာ လက်ထဲ ထည့်ပေးလိုက်လေသည်။

ရှောင်မာက ကြောင်အမ်းအမ်းဖြစ်နေစဉ်....

'ရေမြင့်လေး၊ ပန်းကန်တွေ လာဆေးဦးဟေ့'

ဆိုင်ထဲမှကျယ်လောင်စွာ အော်ဟစ်ပြောဆိုလိုက်သောအသံ ထွက်ပေါ်လာလေသည်။



ရေမြင့်လေးက....

'ကျွန်တော့်ကို ခေါ်နေပြီ၊ သွားတော့မယ် အစ်ကိုကြီး'

ဆိုင်ထဲသို့ အမြန်အတန်းပြေးဝင်သွားလေတော့သည်။

ရှောင်မာ အထုပ်ကလေးကိုကြည့်လိုက်မိသည်။

အထုပ်ကလေးသည် ခပ်နွေးနွေးရှိနေပြီး မွှေးကြိုင်သော အနံ့များထွက်ပေါ်လာပေသည်။

စားသောက်ဖွယ်ရာများ ပါရှိနေမည်ဖြစ်ကြောင်း ရှောင်မာ ဆင်ခြင်မိလေသည်။

သူ့အား စားသောက်စေလိုသည့် ရေမြင့်လေး စေတနာကြောင့် စိတ်မကောင်း ဖြစ်သွားမိလေသည်။

သူက ရေမြင့်လေး၏ ပင်ပင်ပန်းပန်း ရှာဖွေထားသည်ကို ဇိမ်ဖြင့် ထိုင်စားဆင့်ပါသလော။

ရှောင်မာက....

'ငါသာ စားသာ လွှင့်ပစ်လိုက်ရင် ရေမြင့်လေး ပိုပြီးတော့ စိတ်မကောင်းဖြစ်သွားဦးမယ်'

ဟု တွေးလိုက်ပြီး အထုပ်ကလေးကိုဆွဲကာ ထွက်ခွာသွားခဲ့လေတော့သည်။

* * *

ရေမြင်းကလေး ပေးလိုက်သော စားသောက်ဖွယ်ရာများဖြင့် ရှောင်မာ ဗိုက်ပြည့်ဘင်းသွားပြီ ဖြစ်လေသည်။

သာနဲ့ နံနက်ပိုင်းအတွက် ဘာမှပူစရာမလိုတော့ပါ။

ဟိုဟိုသည်သည် ငေးမောကြည့်ရင်း လျှောက်လာခဲ့ရာ မြို့လယ်ဈေးအနီးသို့ ရောက်ရှိလာလေသည်။

ဈေးရှေ့တွင် လူအများ ရှုပ်ယှက်ခတ်နေပါသည်။

'အတော်စည်ကားတာပဲ'

ရှောင်မာက ချီးကျူးလိုက်သည်။

ထိုစဉ်....

'ဘေးကို...ဘေးကို'

ကျယ်လောင်သောအော်ပြောသံနှင့်အတူ အလွန်ထွားကျိုင်း သန်မာသူတစ်ယောက် ပြေးထွက်လာနေသည်ကို တွေ့မြင်လိုက်ရလေသည်။

ထိုသူသည် အလွန်လေးလံသော အထုပ်ကြီးနှစ်ထုပ်ကိုထမ်းကာ ပြေးလာနေခြင်း ဖြစ်သည်။

ဈေးအတွင်း၌ ကုန်ပစ္စည်းထမ်းသော အထမ်းသမားဖြစ်ပုံရ၏။

ထိုသူ ပြေးသွားသည်ကိုကြည့်ရင်း ဈေးအလုပ်သမား ဖြစ်ပုံရသူ နှစ်ယောက်က....



ရှောင်မာသည် ရေမြင်းကလေး ပြောခဲ့သည့် စကားများကို ပြန်လည် သတိရလာလေသည်။

ဇရပ်တွင် ဖိနပ်ချုပ်သမားမျက်မမြင်တစ်ယောက်လာရောက် အိပ်စက်လေ့ရှိသည် မဟုတ်ပါလား။

ညက သူတို့စကားပြောနေသည်ကို မကျေမနပ် အော်ပြောခဲ့သူသည် သူ၏ရှေ့မှ ဖိနပ်ချုပ်သမား မျက်မမြင် ဖြစ်ရမည်ဟု ဆင်ခြင်မိလေသည်။

ပြတ်နေသောဖိနပ်ကို ထိုးပေးလိုက်သည်တွင် မျက်မမြင်က လှမ်းယူပြီး....

'ဒီဖိနပ်က လွှင့်ပစ်လိုက်ဖို့ကောင်းတာကြာပြီ'

ဟု ပြောလေသည်။

ရှောင်မာက ပခုံးတွန့်လိုက်သည်။

'ခင်ဗျား သေသေချာချာ ချုပ်ပေးရင် တစ်နှစ်လောက် ထပ်စီးလို့ရဦးမှာဗျ'

'ကောင်းပြီလေ၊ ကျုပ်အလကားပဲ ချုပ်ပေးလိုက်ပါမယ်၊ ညကျရင်တော့ ဟောင်ဘွာဟောင်ဘွာ မလုပ်ပါနဲ့၊ အိပ်ရေးပျက်လွန်းလို့ပါ'

ဟု ပြောနေလေသည်။

'ဟိုက်'

ရှောင်မာကာ လွှတ်ခနဲ ရေရွတ်မိလိုက်သည်။

မျက်မမြင်သည် မျက်စိကန်းနေသည့်တိုင် သူ့အား စောင့်ကြည့်နေသည် မဟုတ်ပါလော။

ရှောင်မာက ဘာမှမပြောဘဲနေလိုက်သည်။

မျက်မမြင်သည် ရှောင်မာ့ ဖိနပ်ကို ကျွမ်းကျင်စွာ ချုပ်ပေးလိုက်လေတော့သည်။

❀ ❀ ❀

ည…

ဇရပ်သို့ ရှောင်မာ ဦးဆုံးရောက်လာသည်။

ကောက်ရိုးများခင်းကာ လှဲချပြီး မျက်လုံးများမှိတ်ထားလိုက်သည်။

ထမင်းတစ်အိုးချက်ခန့်ကြာလျှင် တစ်ညတာ အိပ်စက်မည့်သူများ တစ်ယောက်ပြီးတစ်ယောက် ရောက်ရှိလာကြလေသည်။

ယနေ့ည…

မျက်မမြင်အပြင် ကုန်ထမ်းသော နဘားထိုင်းကြီးပါ ရောက်လာလေသည်။ အားလုံးတို့၏ အိပ်စက်နေကျ နေရာများတွင် ကောက်ရိုးများခင်းကာ အိပ်စက်ရန်ပြင်ဆင်လိုက်ကြလေသည်။



ရေမြင်းစလေးတား ရောက်မလာသေးပါ။

ရှောင်မာက…

'ဒီကောင်လေး ဒီည ဘာကြောင့် နောက်ကျနေတာပါလိမ့်'

ဟု တွေးနေမိလေသည်။

ထိုစဉ်…

'ခြင်… ခြင်… ခြင်'

'ဂျောက်…ဂျောက်…ဂျောက်'

ထူးခြားသော မြည်သံများ ထွက်ပေါ်လာသောကြောင့် ရှောင်မာကာ စိတ်ဝင်စားသွားမိလေသည်။

အသံထွက်ပေါ်လာရာဆီသို့ လှမ်းကြည့် လိုက်သောအခါ နဘားထိုင်းကြီးနှင့် မျက်မမြင်တို့သည် ငွေစများကို ရေတွက်နေကြသည်ကို တွေ့မြင်လိုက်ရလေသည်။

တစ်နေ့တာ ပင်ပင်ပန်းပန်း ရှာဖွေထားကြသမျှ ညဘက်ရောက်မှ ရေတွက်ကြည့်ကာ စိတ်ချမ်းမြေ့မှု ရှာဖွေနေကြပုံမျိုး ဖြစ်လေသည်။

ရှောင်မာကာ ပြုံးလိုက်သည်။

ထိုစဉ်…

အပြင်ဘက်မှ ခြေသံများထွက်ပေါ်လာပြီး လူတစ်ယောက် ဝရပ်ပေါ်တက်လာသည်ကို တွေ့လိုက်ရလေသည်။

ရေမြင်းလေး ပြန်လာခြင်း ဖြစ်လေသည်။

ရေမြင်းလေးသည် လက်ထဲတွင် စားသောက်ဖွယ်ရာ အထုပ် တစ်ထုပ်နှင့် အရက်ဘော်အိုးပါလာသည်ကို တွေ့ရ၏။

ရေမြင်းလေးသည် ရှောင်မာထံသို့ ဦးတည်လျှမ်းလာပြီး...

'အစ်ကိုကြီး....အိပ်ပြီလား'

ဟု မေးလိုက်လေသည်။

ရှောင်မာက ...

'မအိပ်သေးဘူး၊ မင်းကို စောင့်နေတာ'

'အချိန်ပို လုပ်နေရလို့ နောက်ကျသွားတာပါ၊ ကဲ... အစ်ကိုကြီးလဲ ဆာနေရောပေါ့၊ စားလိုက်ပါဦး'

အသင့်ယူဆောင်လာသော စားသောက် ဖွယ်ရာ များကို ကျွေးမွေးလိုက်လေသည်။

ရှောင်မာလည်း အားမနာလျှာမကျိုး စားသောက်လိုက် လေသည်။

ငွေစာအသေးများ ရေတွက်သံကွယ်ပျောက်သွားပြီဖြစ်သည်။

နားထိုင်းကြီးနှင့် မျက်မမြင်တို့သည် ဆက်လက်ရေတွက်ခြင်း မပြုကြတော့ဘဲ ငွေစာသေးများကို လုံခြုံအောင် သိမ်းလိုက် ကြလေသည်။



ရှောင်မာက သတိပြုမိလိုက်သဖြင့် ပြုံးလိုက်မိသည်။

ရေမြင်းကလေးက...

'ကျွန်တော်တို့ စားသောက်ဆိုင်မှာ အဆောင်သစ်တစ်ခု ထပ်ချဲ့ပြီး လောင်းကစားခန်းမလုပ်ဖို့ ဆိုင်ရှင်က စီစဉ်သွား တယ်၊ အလုပ်သမားတွေ လိုလိမ့်မယ်၊ အစ်ကိုကြီး လုပ်ချင်ရင် ပြောပါ'

ရှောင်မာက ပြုံးလိုက်သည်။

'လောင်းကစားခန်းမ၊ ဟုတ်လား'

'ဟုတ်တယ် ..အစ်ကိုကြီး၊ လောင်းကစား သမားတွေက နိုင်ရင် အလုပ်သမားတွေကို ဆုငွေများများ ပေးတတ်တယ်၊ ပိုက်ဆံများများ ရနိုင်တာပေါ့'

'သူတို့ရှုံးရင်ကော'

'ဗျာ'

'ရှုံးရင်ကော ဆုငွေပေးပါ့မလား'

ရေမြင်းလေးက....

'နိုင်တဲ့သူက ပေးမှာပေါ့'

'ကောင်းပြီ၊ နိုင်တဲ့လူက ပျော်နေသလောက် ရှုံးတဲ့လူက မှိုင်တွေနေတာ တွေ့ရရင် ရမယ့်ဆုငွေကို မင်း လိုချင်ပါဦး မလားကွ'

ရှောင်မာ၏စကားကြောင့် ရေမြင်းလေး သက်ပြင်းချလိုက်သည်။

'မလိုချင်တော့ပါဘူးဗျာ၊ အစ်ကိုကြီးတာ ကျွန်တော့်အစ်ကို ကျွန်းစုနဲ့ သိပ်တူတာပဲ'

ရှောင်မာက မျက်မှောင်ကြုတ်သွားသည်။

'ဘယ်လိုတူတာလဲ ပြောစမ်းပါဦး'

'အစ်ကိုကျွန်းစုဟာ မတရားတာ လုံးလုံးမကြိုက်ဘူးဗျ၊ ကျွန်တော့်အဖေ ဆုံးသွားတော့ အကြွေးတွေကျန်ခဲ့တယ်၊ အမေက ပြန်မဆပ်နိုင်တော့ သူဌေးကြီးလျှူက ကျွန်တော်တို့ အိမ်တွေ မြေတွေကို အကြွေးနဲ့ သိမ်းသွားတယ်လေ....'

'ပြောဦ'

'ဒါနဲ့ အစ်ကိုကျွန်းစုဟာ မကျေနပ်လို့ သူဌေးကြီးလျှူနဲ့ သွားပြီး ရင်ဆိုင်တယ်၊ သူဌေးကြီးလျှူရဲ့ လူတွေက ရိုက်နှက်လိုက်ကြလို့ ကျွန်းစု သေလုမျောပါး ဒဏ်ရာရသွားတယ်'

ရှောင်မာက....

'တော်တော်ရက်စက်တာပဲ'

'ဟုတ်တယ်၊ အစ်ကိုကျွန်းစု တော်တော်စိတ်နာသွားတယ်၊ တစ်နေ့ သူဌေးကြီးလျှူကို လက်တုံ့ပြန်မယ်ဆိုပြီး အိမ်ကထွက်သွားတာ ခုထိ တာသတင်းမှ မရတော့ဘဲ စုပ်စမြုပ်စ ပျောက်သွားတော့တာပါပဲ'



ရှောင်မာက....

'သူဌေးကြီး လျှူဆိုတာက....'

'ဒီမြို့မှာ အချမ်းသာဆုံး သူဌေးကြီးပေါ့၊ ကျွန်တော်တို့ စားသောက်ဆိုင်ဟာလဲ သူဌေးကြီးလျှူ ပိုင်ဆိုင်တာပါပဲ'

ရှောင်မာ မျက်မှောင်ကြုတ်သွားသည်။

'မင်းက သူဌေးကြီးလျှူရဲ့ဆိုင်မှာ အလုပ်လုပ်နေတာကို မင်း အစ်ကိုသိရင် ဘယ်လိုလုပ်မလဲ'

'ဒါတော့ ကံပေါ့အစ်ကိုရာ၊ ကျွန်တော့်မှာ တခြားအလုပ်မှ မရှိသေးတာ'

သူတို့ ပြောဆိုနေကြစဉ်....

'မြန်မြန်လာဟေ့'

ကျယ်လောင်သော စကားသံများ ထွက်ပေါ်လာပြီး လူသုံးယောက် ဇရပ်ပေါ်သို့ တက်လာသည်ကို တွေ့မြင်လိုက်ရလေတော့သည်။

*   *   *

လူသုံးယောက် ဇရပ်ပေါ်သို့ တက်လာကြသည်။

ရေမြင်းလေးက....

'ဒုက္ခပဲ၊ ဒီအမူးသမားသုံးယောက်က ဒီကိုလာပြီး အနိုင်ကျင့် ကောင်းကျန်းနေအုံးမှာ အစ်ကိုကြီးရ'

ဟု တီးတိုးပြောလိုက်လေသည်။

ပြီးလျှင် မျက်လုံးမှိတ်ကာ အိပ်ချင်ဟန် ဆောင်နေလိုက်လေသည်။ အမူးသမားသုံးယောက်သည် ခြေသံပြင်းပြင်းနင်းကာ ဇရပ်ပေါ် တက်လာကြသည်။

ဇရပ်ပေါ်ရောက်လျှင်....

'ဟေ့ ကောင်တွေ ထကြစမ်း'

ဟု ဝေါက်လိုက်လေသည်။

ဇရပ်ပေါ်တွင် အိပ်နေသူများသည် ချက်ချင်းပင် လူးလိမ့်ထလာကြပါတော့သည်။

မထလျှင်လည်း အမူးသမားသုံးယောက်က ခြေထောက်ဖြင့် ကန်ကျောက်ကာ နှိုးနေသည် မဟုတ်ပါလား။

ရေမြင်းလေးနှင့် ရှောင်မာတို့က ဇရပ်ထောင့်မှ မှောင်ရိပ်ကျသော နေရာတွင် ရှိနေကြသည်မို့ ရုတ်တရက် မမြင်နိုင်ပေ။

သို့သော်....

ရေမြင်းလေးက လူးလိမ့် ထလိုက်လေသည်။

ရှောင်မာက....



'ငြိမ်ငြိမ်နေစမ်း'

ဟု ပြောလိုက်သော်လည်း ရေမြင်းလေးသည် နားမထောင်ဘဲ လှမ်းထွက်သွားလေသည်။

ဇရပ်အလယ်တွင် လူအများ စုရုံးမိသွားလေသည်။

အမူးသမားသုံးယောက်က....

'ကဲ... မင်းတို့မှာ ရှိသမျှ ပိုက်ဆံအကုန်ထုတ်ကြစမ်း'

ဟု ဖင်ါက်လိုက်လေသည်။

ကြောက်ရွံ့နေကြသူ အချို့က ငွေစကြေးစလေးများ ထုတ်လိုက်ကြပါသည်။

ကရက်သမားသုံးယောက်က....

'ငါတို့ဆီကို တစ်ယောက်ဆီလာပေး'

ဟု အမိန့်ပေးလိုက်သည်။

ဇရပ်ပေါ်မှလူများက တစ်ယောက်ပြီးတစ်ယောက် သွားပေးကြလေသည်။

အရက်သမား သုံးယောက်က အလကား ရသည်ကို ပင်ကောင်းကောင်းမယူဘဲ....

'နည်းလိုက်တာ'

'ဒါပဲလား'

'တော့ကောင်... လက်နှစ်ဖက်နဲ့ ရှိရှိသောသေပေးမှပေါ့'

ဟု အဖြစ်မရှိအဖြစ်ရှာကာ နားရင်းအုပ်ကြသည်။ ပါးရိုက်ကြသည်။ အမျိုးမျိုးနှိပ်စက်ကြလေသည်။

အားလုံး၏ ခေါင်းငုံ့ခံနေကြသည်ကို တွေ့ရလေသည်။

ရှောင်မာတာ မသိသောအကဲခတ်ကြည့်နေပါသည်။

မျက်မြင်နှင့်နားထိုင်းကြီးတို့လည်း ထိုင်ရာမှမထဘဲ လှုပ်ယှက်ရှိနေကြသည်ကို တွေ့ရလေသည်။

အရက်သမားသုံးယောက်သည် အားလုံးထဲမှ မတရားယူပြီးလျှင် မျက်မမြင်နှင့်နားထိုင်းကြီးတို့ဘက်သို့ အာရုံရောက်သွားကြလေသည်။

ရှောင်မာသည် ပြုံးလိုက်သည်။

'အင်း... ကြည့်လို့တော့ကောင်းပြီ'

ဟု စိတ်ထဲတွေးလိုက်မိလေသည်။

အရက်သမားသုံးယောက်က....

'ခင်ဗျားတို့နှစ်ယောက်က ဘာလုပ်နေတာလဲ'

ဟု ဝေါက်လိုက်လေသည်။

မျက်မမြင်က....



နားထိုင်းကြီးက ကြားဟန်မတူပါချေ။

အခြားသောလူများနှင့် ရေမြင်းလေးသည် တအံ့တသြဖြစ်နေပါသည်။ ရှောင်မာအနီးတွင် ချဉ်းကပ်လာပြီး....

'အစော်ကို အံ့သြဖို့ကောင်းတယ် အစ်ကိုကြီး၊ နားထိုင်းကြီး က အခြားလူတွေလိုပဲ အရက်သမားတွေနှိပ်စက်တာခံလာတာ ကြာပြီ၊ အခုမှ ဘယ်လိုဖြစ်သွားလဲ မသိဘူး'

ဟု ပြောလေသည်။

ရှောင်မာက ပြုံးလိုက်သည်။

'သူက လုပ်မယ်ဆိုရင် အရက်သမား သုံးယောက်မဟုတ်ဘူး၊ ဆယ်ယောက်လဲ ခံနိုင်မှာ မဟုတ်ပါဘူး'

'ဟင်... အစ်ကိုကြီးက ဘယ်လိုလုပ်သိတာလဲ'

'ဒီလိုပေါ့ကွ'

ရှောင်မာ၏ မျက်နှာတွင် လျှို့ဝှက်သော အပြုံးရိပ်များ ထွက်ပေါ်နေသည်ကို ရေမြင်းလေး သတိပြုမိလိုက်လေသည်။

နားထိုင်းကြီးက....

'မအိပ်ကြသေးဘူးလားကွ၊ ညဉ့်နက်နေပြီ' 

ဟု အော်ပြောလိုက်လေသည်။

ရေမြင်းလေးဘက်လှည့်ကာ....

'ကဲ....တို့ အိပ်ရင် ကောင်းမယ်ကွ'

ဟု ပြောလိုက်သည်။

ရေမြင်းလေးက ခေါင်းကုတ်လိုက်သည်။

'အစ်ကိုကြီးကော....သူ့ကို ကြောက်နေပြီလား'

ဟု တီးတိုးမေးလိုက်သည်။

ရှောင်မာက ဘာမှမပြောဘဲနေလိုက်သည်။

မျက်မမြင်က....

'မနက်ဖြန်ကျရင် ငါ နေရာပြောင်းတော့မယ်'

ဟု ညည်းသံကို ကြားလိုက်ရတော့သည်။

ရေမြင်းလေးက....

'အရက်သမား သုံးယောက်က ကျေနပ်မှာ မဟုတ်ဘူး၊ မျက်မမြင်ပြောတာ မှန်တယ်၊ ဒီမှာဆက်နေရင် အန္တရာယ်များမယ်၊ ပိုက်ဆံကုန်ချင် ကုန်ပါစေတော့၊ အိပ်ခန်းတစ်ခန်းငှားပြီး နေလိုက်တော့မယ်'

ဟု ပြောလိုက်၏။

ရှောင်မာ့ထံမှ တုံ့ပြန်စကားသံကို နားစွင့်လိုက်သည်။

သို့သော်....



ရှောင်မာသည် တခေါခေါဟောက်ကာ အိပ်ပျော်နေပြီ ဖြစ်လေသည်။

*　　　*　　　*

'အောက်အီးအီးအွတ်'

ကြက်တွန်သံများ ဟိုမှ သည်မှ ထွက်ပေါ်လာသည်။

အရှေ့ဘက်မှ အရုဏ်ဦး၏ ရောင်နီများ ထွက်ပေါ်လာပြီ ဖြစ်ပါသည်။

ရှောင်မာက အိပ်ပျော်နေဆဲပင်။

ရေမြင်းလေးက နိုးလာသည်။

'ဟာ....မိုးလင်းတော့မှာပါလား'

ခါတိုင်းဆိုလျှင် မိုးမလင်းမီ အလုပ်သွားနေကျ ဖြစ်သည်။

ယခုတော့....

ညဘက်က နေရာပြောင်းဖို့ တွေးတော စဉ်းစားရင်း ညဉ့်နက်သည်အထိ အိပ်မပျော်နိုင်ဘဲ ဖြစ်ခဲ့၍ မိုးလင်းခါနီးမှ နိုးလာခြင်း ဖြစ်သည်။

ဇရပ်ပေါ် ဝေ့ကြည့်လိုက်သောအခါ အခြားသူများ မရှိကြတော့သော်လည်း နားထိုင်းကြီးနှင့် မျက်မမြင်တို့ ရှိနေဆဲပင် ဖြစ်ကြောင်း တွေ့ရလေသည်။

'ဟင်....'

ရေမြင်းလေး အံ့ဩသွားလေသည်။

မျက်မမြင်နှင့် နွားထိုင်းကြီးတို့သည် သူများထက် စောပြီး လုပ်ငန်းခွင်ဝင်လေ့ရှိကြသူများ မဟုတ်ပါလား။

ယနေ့အဖို့ သူတို့နှစ်ယောက်သည် အေးတိအေးစက် ရှိနေပြီး အလုပ်သွားကြမည့်ပုံ မရချေ။

ရေမြင်းလေးသည် နားမလည်နိုင်ဘဲ ဖြစ်သွားရလေသည်။

ညက လာရောက် နှောင့်ယှက်ခဲ့သည့် အရက်သမား သုံးယောက်သည် သူဌေးကြီး လျူ၏အိမ်မှ ကြေးစားသိုင်းသမားများ ဖြစ်ကြပါသည်။

သူတို့သည် သိုင်းပညာ အားကိုးဖြင့် ဆင်းရဲနွမ်းပါးသူများ အားနည်းသူများအပေါ် နိုင်ထက်စီးနင်း ပြုလုပ်နေကျ ဖြစ်သည်။

ဇရပ်သို့ မကြာခဏ လာရောက်ပြီး ငွေညှစ်နေကျဖြစ်သည်။

ယခုမူ....

အမြဲတစေ ခေါင်းငုံ့ခံနေသော နွားထိုင်းကြီးက ဘာမပြော ညာမပြော ဆုံးမလိုက်ခြင်း ဖြစ်သည်။

အရက်သမား သုံးယောက်သည် ကျေနပ်မည် မဟုတ်ဘဲ ထပ်မံ လာရောက် ရန်ရှာကြမည်ဖြစ်ကြောင်း သေချာပါသည်။



ရေမြင်းလေး တွေးတောနေစဉ်မှာပင်....

'တော့ကောင်လေး... မင်းအလုပ် မသွားသေးဘူးလား'

နွားထိုင်းကြီးက လှမ်းမေးလေသည်။

ရေမြင်းလေးက....

'ကျွန်တော်က....'

'မင်း သွားတော့ရင် ကောင်းမယ်'

'ဗျာ....'

'မင်း သွားတော့ရင် ကောင်းမယ်'

နွားထိုင်းကြီးက ခပ်တည်တည် ပြောလေသည်။

ရေမြင်းလေးသည် နွားထိုင်းကြီး၏ မျက်နှာကိုကြည့်ရင်း ကျောရိုးတစ်လျှောက် အေးစိမ့်သွားသည်ဟု ခံစားလိုက်ရလေသည်။

အဘယ့်ကြောင့်ဆိုသော် ထိုသို့ ခံစားလိုက်ရသည်ကို သူ နားမလည်ချေ။

နွားထိုင်းကြီးက....

'ဒီနေရာဟာ နေဖို့ကောင်းတဲ့နေရာ မဟုတ်တော့ဘူးဆိုတာ မင်း သိပါတယ်'

ဟု ထပ်ပြောလေသည်။

ရှေမြင်းစေးတ သက်ပြင်းချလိုက်သည်။

'ကျွန်တော်က...'

သူ စကားဆုံးအောင် မပြောလိုက်ရပါ။ အဝေးကြောင်းမှာ ပြေးလွှားလာသော ခြေသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေတော့သည်။

လှမ်းကြည့်လိုက်သောအခါ လူတစ်စု ပြေးလွှား ရောက်ရှိလာသည်ကို တွေ့မြင်လိုက်ရလေတော့သည်။

လှိုင်စာပေ
အမှတ် ၁၅/၁၃၈၊ ဗိုလ်ဝေမီး
တောင် ၄ ခြ
ရုံး ၂၁၇၄၇

သိုင်းသမား

---

လူတစ်စု ပြေးလွှားရောက်ရှိလာလေသည်။

ညအခါ ထွက်ပြေးသွားသော အရက်သမား သုံးယောက်လည်း ပါလာကြလေသည်။

သူတို့သည် အဖော်များခေါ်ကာ ပြန်လာကြခြင်း ဖြစ်ကြောင်း ထင်ရှားပေသည်။

နခါးထိုင်းကြီးသည် ဇရပ်သို့လာရာလမ်းကို ကျောခိုင်းထားခြင်းကြောင့် ပြေးလွှားလာသူများကို မတွေ့ရပေ။

နားထိုင်းနေခြင်းကြောင့်လည်း ခြေသံများကို မကြားရခြင်း ဖြစ်ပုံရလေသည်။

သို့သော်....

မေမြင်းလေး မျက်နှာပျက်သွားသည်ကို မြင်လျှင် ချာခနဲ လှည့်ကြည့်လိုက်လေသည်။

ထိုအခါ အရက်သမားသုံးယောက်ကအဖော်များခေါ်ကာ ပြေးလွှား ရောက်ရှိလာကြသည်ကို တွေ့လိုက်ရလျှင်....

'ဟား....ဟား...ဟား....'

ဝါးလုံးကျင်ကျင် သွားများပေါ်အောင် တားတိုက်ရယ်မောလိုက်လေသည်။

မျက်မမြင်က....

'ဟော ... သိပ်မရယ်နဲ့၊ တော်ကြာ အိပ်ပျော်နေတဲ့လူ နိုးသွားဦးမယ်'

ဟု လှမ်းပြောလိုက်လေသည်။

ရေမြင်းလေးက ရှောင်မာကို ကြည့်လိုက်သည်။

ရှောင်မာက နှစ်နှစ်ခြိုက်ခြိုက်အိပ်ပျော်နေဆဲဖြစ်သည်။

ပြေးလွှားရောက်ရှိလာကြ လူများသည် ဇရပ်ကို ချက်ချင်း ဝိုင်းရံထားလိုက်ကြလေသည်။

ခန္ဓာကိုယ် ထွားကျိုင်းသန်မာပြီး မုတ်ဆိတ်မွေး၊ ပါးမြိုင်းမွေးများ ထူထပ်စွာ ရှိနေသူတစ်ယောက်က....



'ဟော ....မှင်စာသုံးကောင် မင်းတို့ကို စော်ကားလိုက်တာ ဘယ်သူလဲကွ ပြောပါဦး'

ဟု မေးလိုက်လေသည်။

အရက်သမားသုံးယောက်က....

'ဟိုလူပါ'

နားထိုင်းကြီးကို ပြောလိုက်သည်။

မုတ်ဆိတ်မွေး ထူပျစ်စွာရှိသူက....

'အခြေအနေမဲ့ ဈေးထဲကုန်သယ်တဲ့လူတစ်ယောက်ကို မင်းတို့ ရှုံးလာရတယ်ဆိုတာ ရှက်ဖို့ ကောင်းသေးတယ်၊ ကဲ ဝါးတစ်ယောက်လုံး ရှိနေပြီ သွားပြီးဆုံးမလိုက်ကြစမ်း'

ဟု အမိန့်ပေးလိုက်လေသည်။

အရက်သမား သုံးယောက်သည် အားတက်သွားကြပြီး ချက်ချင်းပင် နားထိုင်းကြီး ထံသို့ ပြေးဝင်သွားကြလေသည်။

နားထိုင်းကြီးမှာ ထိုင်ရာမှထလိုက်သည်။

တင်ဟုန်ထိုး ပြေးဝင်လာသည့် အရက်သမားသုံးယောက်ကို လုံးဝ အရေးမစိုက်ဘဲ ခြေတစ်ဖက်ဆန့်ထုတ်ကာ ကန်ကျောက်လိုက်လေသည်။

'ဝုန်း...'

'အား....'

'အမယ်လေး....'

စူးရှကျယ်လောင်သောအသံများ ထွက်ပေါ်လာလေသည်။

အရက်သမားသုံးယောက်သည် ဇရပ်ပေါ်မှ လွင့်စဉ် ထွက်ကျသွားကြလေတော့သည်။

မုတ်ဆိတ်မွေး ထူပျစ်စွာရှိသောသူမှာ သူဌေးကြီး၏ တယ်လက်ရုံးဖြစ်လေသည်။

အရက်သမားသုံးယောက်သည် သူ၏တပည့်များ ဖြစ်ပေသည်။

နားထိုင်းကြီး၏ လက်ချက်ကြောင့် မရှုမလှ ခံလိုက်ကြရသည်ကို တွေ့မြင်လိုက်ရလျှင် ကြောင်အမ်းအမ်း ဖြစ်သွားလေသည်။

နားထိုင်းကြီးက....

'မင်းတို့ ဒီနေ့ရက်ကနေ မြန်မြန်ထွက်သွားရင် ကောင်းမယ်'

ဟု လှမ်းပြောလိုက်သည်။

မုတ်ဆိတ်မွေး ထူပျစ်စွာရှိသောသူမှာ စန်းယန်ဟု အမည်ရှိလေသည်။

စန်းယန်က....

'ထွက်သွားရမယ်၊ ဟုတ်လား မင်းကိုဆုံးမပြီးမှ ထွက်သွားမယ်ကွ'



ဟု ဝေါက်ကာ ဇရပ်ပေါ် ခုန်တက်လာလေသည်။

'နားထိုင်းကြီးက....

'မင်းတို့ စေ ရာ လိုက်ရင် ကျုပ်နဲ့ရန်ဖြစ်ရော အကြောင်းမရှိဘူး၊ အေးအေးဆေးဆေးထွက်သွားပါ'

ဟု ထပ်ပြောလိုက်သည်။

စန်းယန်က....

'ငါက မင်းကို ကြောက်နေရမှာလားကွ'

ဟု ပြောကာ နွားရိုင်းတစ်ကောင်ပမာ ဝင်ဟုန်ထိုး မြေးဝင် တိုက်ခိုက်လေသည်။

သူ၏တိုက်ခိုက်မှုမှာ ကြောက်ရောကောင်းအောင် ပြင်းထန်နေပါသည်။

ရေမြင်းလေးက ထိတ်လန့်သွားသည်။

'နားထိုင်းကြီး ဒုက္ခရောက်တော့မှာပဲ'

ဟု ညည်းညူလိုက်သည်။

'ဒုက္ခရောက်မှာ သူ မဟုတ်ဘူးကွ'

ရှောင်မာ၏အသံ ထွက်ပေါ်လာလေသည်။

ရေမြင်းလေးက....

'ဩြော်... ဆစ်ကုံကြီးတောင် နိုးသွားပြီကိုး'

ထိုစဉ်....

'ဝုန်း....'

'အား....'

စူးရှကျယ်လောင်သောအသံများ ထွက်ပေါ်လာခဲ့သည်၊

စန်းယန်မှာ နားထိုင်းကြီး ခြေထောက်အနံ့ချက် မိကာ အဝေးသို့ လွင့်စဉ်သွားလေတော့သည်။

* * *

ခေါင်းဆောင်လာသူ စန်းယန်းကိုယ်တိုင် ခံလိုက်ရသည် ဖြစ်ရာ အားလုံး ထိတ်လန့်သွားကြလေသည်။

နားထိုင်းကြီးကိုလည်း မယုံကြည်နိုင်စွာ ကြည့်လိုက်ကြလေသည်။

ကုန်ထမ်းသော နားထိုင်းကြီးသည် စန်းယန်အား တိုက်ခိုက် အနိုင်ယူနိုင်မည်ဟု မည်သူကမျှ မယုံကြည်နိုင်ပေ။

ယခုတော့....

အထင်နှင့်အမြင် တလွဲစီ ဖြစ်နေရပြီတည်း။

စန်းယန်သည် မြေပေါ်မှ လူးလိမ့်ထလိုက်သည်။ နားထိုင်းကြီးကို မျက်လုံးပြူးကာ ကြည့်လိုက်သည်။



'ခင်....ခင်ဗျား....'

ဘာမှ ဆက်မပြောနိုင်ဘဲ စကား ထစ်ထစ်ငေါ့ငေါ့ ဖြစ်နေလေတော့သည်။

နားထိုင်းကြီးက....

'မင်းတို့ ထွက်သွားရင် ကောင်း မယ်'

ဟု ပြောလိုက်လေသည်။

စန်းယန်က....

'မင်း.... မင်း.... ဘယ်သူလဲ၊ သိုင်းပညာတတ်တယ် ဟုတ်လား'

ဟု မေးသည်။

နားထိုင်းကြီးက....

'မင်းတို့ မသွားသေးဘူးလား'

ဟု ထပ်ပြောလိုက်သည်။

စန်းယန် မနေဝံ့တော့ပါ။ ချာခနဲ လှည့်ကာ ပြေးလွှား ထွက်ခွာသွားလေတော့သည်။

ထိုအခါ ဈေးကို ဝိုင်းရံထားကြသူများမှာလည်း ဖနှောင့်နှင့်တင်ပါး တစ်သားတည်းကျအောင် ပြေးလွှား ထွက်သွားကြလေတော့သည်။

* * *

စော်ကား၊ မော်ကားလုပ်လာသည့် စန်းယန်တို့လူစု ထွက်ပြေးသွားကြပြီ ဖြစ်လေသည်။

နားထိုင်းကြီးက မျက်မမြင်ကို လှမ်းကြည့်လိုက်သည်။

မျက်မမြင်က....

'မင်းက သိုင်းပညာတတ်မှန်း သိရင် ငါက မင်းနဲ့ရန်မဖြစ်ပါဘူးကွာ'

ဟု ပြောလိုက်လေသည်။

နားထိုင်းကြီးက ဘာမှမပြောဘဲ ရှောင်မာကို လှမ်းကြည့်လိုက်၏။ ရှောင်မာက သူ့အား ပြုံးပြလိုက်လေသည်။

နားထိုင်းကြီးက မျက်မမြင်ဘက်သို့ပြန်လှည့်ကာ....

'မနေ့ညက ငါဘာကြောင့် ပြန်လာပြီး မအိပ်လဲဆိုတာ မင်းသိသလား'

ဟု မေးလိုက်သည်။

မျက်မမြင်က ပခုံးတွန့်လိုက်သည်။

'မင်းဘယ်သွားပြီး အလေလိုက်နေသလဲဆိုတာ ငါဘယ်လိုလုပ် သိနိုင်မှာလဲ'

ဟု ပြန်ပြောလေသည်။

သူ၏စကားကို နားထိုင်းကြီး ကြားသလား၊ မကြားသလား မသိပါ။



'သူ့ကြောင့်လား'

ရှောင်မာက ညွှန်ပြကာ ပြောလိုက်လေသည်။

ရေမြင်းကလေးက ကြောင်အမ်းအမ်း ဖြစ်သွားသည်။

နားထိုင်းကြီး မနေ့ညက ဇရပ်သို့ ပြန်လာမအိပ်သည်မှာ ရှောင်မာကြောင့် ဖြစ်ရသည်ဟုမထင်မိပေ။

ရှောင်မာနှင့် နားထိုင်းကြီးသည် မည်သို့မျှ ပတ်သက်စရာမရှိဟု သဘောပေါက်ထားသည် မဟုတ်ပါလား။

ရှောင်မာထံမှ စကားသံထွက်ပေါ်လာသည်။

'ကျွန်တော်နဲ့ ဘာဆိုင်လို့လဲဗျာ'

သူ၏အသံသည် တိုးတိုးညင်းညင်းလေးသာဖြစ်လေသည်။

ရေမြင်းလေးက....

'အစ်ကိုကြီး၊ သူကြားမှာမဟုတ်ဘူး၊ ကျယ်ကျယ်ပြောတာကောင်းမယ်'

ဟု သတိပေးလိုက်သည်။

သို့သော်....

'မင်းနဲ့ဆိုင်ပါတယ်၊ မင်း မလိမ်ပါနဲ့'

နားထိုင်းကြီးက ပြောလာလေသည်။

ရှောင်မာ၏ စကားကို ကြားသွားသည်ဖြစ်ရာ ရေမြင်းလေး ပါးစပ်အဟောင်းသား ဖြစ်သွားလေသည်။

'ဟင်....အစ်ကိုကြီးက တိုးတိုးလေး ပြောလိုက်တာကို သူ ကြားတယ်'

ဟု ရေရွတ်လိုက်သည်။

ရှောင်မာက....

'သူက နားထိုင်းပေမယ့် တစ်ဖက်လူ နှုတ်ခမ်းလှုပ်တာကို ကြည့်ပြီး ဘာပြောတယ်ဆိုတာ သိနေတယ်မဟုတ်လား'

ဟု ရှင်းပြလိုက်သည်။

ရေမြင်းလေးက နားထိုင်းကြီးအား တအံ့တဩ ကြည့်နေလေတော့သည်။

နားထိုင်းကြီးသ....

'မင်းက သိမ်းငှက်က လွှတ်လိုက်တာ မဟုတ်လား'

ဟု မေးလိုက်သည်။

ရှောင်မာက ခေါင်းခါယမ်းလိုက်သည်။

'မဟုတ်ပါဘူးဗျာ'

'မင်းမလိမ်နဲ့'

'ကျွန်တော်က ဘာဖြစ်လို့ လိမ်ရမှာလဲ'



'ဒါဖြင့် မင်း ဘယ်သူလဲ၊ ဘာကြောင့် ဗီနေရာကို လိုက်လာခဲ့ရတာလဲ၊ ပြောပါ'

ရှောင်မာက....

'ခင်ဗျားကရော ဘယ်သူလဲ၊ ဘာ့ကြောင့် ဗီနေရာမှာ လာပြီး ဇာတ်မြုပ်နေရတာလဲ ပြောပါ'

ဟု ပြန်မေးလိုက်သည်။

နားထိုင်းကြီးသည် ချက်ချင်းပင် ပါးစပ်ပိတ်ထားလိုက်ရလေတော့သည်။

ရှောင်မာက....

'ဗီနေရာဟာ ဘယ်သူမဆို လာလို့ရတယ် မဟုတ်လားဗျ'

ဟု ပြောလိုက်သည်။

သူ၏ စကားသံနှင့် မရှေးမနှောင်းမှာပင်....

'သိပ်မှန်တာပေါ့ကွာ၊ ကျုပ်လဲ လာလို့ရတာပေါ့'

စကားသံတစ်ချက် ထွက်ပေါ်လာသည်။

ပိန်ပိန်ပါးပါး ဆံတိုးအိုတစ်ယောက် ဇရပ်ပေါ် တက်လာသည်ကို တွေ့မြင်လိုက်ရလေတော့သည်။

• • •

ခန္ဓာကိုယ် ပိန်ပိန်ပါးပါးရှိသော အဘိုးအိုတစ်ယောက်သည် ဇရပ်ပေါ်သို့ လှမ်းတက်လာလေသည်။

ထိုအဘိုးအိုသည် စာပေသမားတစ်ယောက်အသွင် ဝတ်ဆင်ထား၏။

သို့သော်....

စာပေသမားတစ်ယောက် မဟုတ်ဘဲ လူသတ်သမား တစ်ယောက်ဖြစ်ကြောင်း ရေမြင်းလေးက သိထားလေသည်။

အကြောင်းမှာ....

ထိုအဘိုးအိုသည် သူတို့၏ ဇာတိရွာအလယ်မှ သူဌေးလျှို၏ အကြွေးမပေးနိုင်သူများ၊ သူဌေးလျှိုကို အာခံသူများကို ရက်ရက်စက်စက် နှိမ်နင်းခဲ့သူဖြစ်ကြောင်း ဒိဋ္ဌ မျက်မြင် တွေ့ထားခြင်းကြောင့် ဖြစ်သည်။

သူ၏အစ်ကို ကျန်းစုကိုနှိပ်စက်ခဲ့သူလည်း ဖြစ်ပေသည်။

ရေမြင်းလေး ဒေါသထွက်သွားလေသည်။

'ကျွန်တော့်အစ်ကိုကို သေလုမျောပါး ရိုက်နှက်နှိပ်စက်ခဲ့တာသူပေါ့၊ သူ့နာမည်တုအင်းလို့ခေါ်တယ်၊ အကြောင်းသိသူတွေကတော့ ရက်စက်တဲ့နဂါးကြီးလို့ ကွယ်ရာမှာခေါ်ကြတယ်'

ဟု ရှောင်မာကို ပြောပြလိုက်လေသည်။

ရှောင်မာက....



'လူဌေးလျှို့ရဲ့လူတွေထဲမှာ သူအခေါင်းဆောင်ပေါ့ ဟုတ်လား'

ဟု မေးလိုက်သည်။

ရေမြင်းလေးက ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်အစ်ကိုကြီး၊ ဒီမြို့မှာတော့ သူ့ကိုဘယ်သူမှ မော်မကြည့်ဝံ့ကြဘူး'

ရှောင်မာက ပြုံးလိုက်လေသည်။

'သူ့ကို နဂါးထိုင်းကြီးအဖြစ် ဆုံးမပါလိမ့်မယ်ကွာ'

'ဗျာ....'

ရေမြင်းလေး ပါးစပ်အဟောင်းသား ဖြစ်သွားမိလေတော့သည်။

ထိုစဉ်....

'ဟား....ဟား....ဟား....'

တုအင်း၏ရယ်မောသံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

တုအင်းသည် နဂါးထိုင်းကြီးနှင့် မလှမ်းမကမ်းတွင် ခြေလှမ်းရပ်လိုက်ပြီးလျှင်....

'ထိုက်စူးမြို့က သာလာယံဇရပ်မှာ မင်းလာနေမယ်လို့ ဘယ်သူက ထင်မှာလဲ'

ဟု ပြောလိုက်သည်။

နားထိုင်းကြီးသည် သူ့အား ကြည့်လည်းမကြည့်ပါ။ ဘာမှလည်းမပြောပါချေ။

တုထင်းက....

'ခေါင်းမာတဲ့ကျားဟာ ထိုက်ဝူးမြို့ဘက်ကို လှည့်လာတယ် ဆိုတဲ့သတင်း ကျုပ်တို့ကြားပြီးသားပါ။ ထိုက်ဝူးမြို့ကို ရောက်လာရင် ကျုပ်တို့အလုပ်တွေကို ဝင်ရှုပ်လိမ့်မယ် ဆိုတာလဲ ရိပ်မိတယ်။ ဒါကြောင့် ကျုပ်လူတွေကို မျက်ခြည်မပြတ် စောင့်ကြည့်နေဖို့မှာထားတာ ဆက်စသတ်လော့ မင်းက ဒီမှာ ရောက်နေတာကိုး'

ဟု ပြောလိုက်သည်။

နားထိုင်းကြီးက....

'ခင်ဗျားဘာတွေလာပြောနေတာလဲ'

ဟု ပြန်ငေါက်လိုက်လေသည်။

တုထင်းက....

'ခေါင်းမာတဲ့ကျား၊ ထိုက်ဝူးမြို့က မင်းအေးအေး ဆေးဆေး ထွက်သွားရင်ကောင်းမယ်'

ဟု ပြောလေသည်။

နားထိုင်းကြီးက....



'ခင်ဗျား ရူးနေပြီလား'

ဟု ပြန်ငေါက်လိုက်သည်။

တုထင်းက....

'ခေါင်းမာတဲ့ကျား၊ မင်းဟာ သိုင်းလောကထဲမှာ ခြေသလုံးအိမ်တိုင် လျှောက်သွားနေပြီး မကောင်းသူယုတ်ကောင်း သူကယ်တယ်လို့ နာမည်ကြီးခဲ့ပေမယ့် ထိုက်ဝူးမြို့မှာ ထင်တိုင်းကြဲလို့မရပါဘူး၊ သူဌေးကြီးလျူထာ မင်းဒီဘက်ကို လာနေတယ် ဆိုတဲ့သတင်းကြားတာနဲ့ မြေပြန့်ကသိုင်းသမား သုံးယောက်ကို ကြိုတင်ငှားရမ်း ထားလိုက်တယ်လေ၊ မင်းဒုက္ခရောက်သွားလိမ့်မယ်၊ အေးအေးဆေးဆေးပြန်ထွက်သွားပါ'

စကားဆုံးလျှင် လက်ခုပ်သုံးချက် တီးလိုက်လေသည်။

'ဖြောင်း....ဖြောင်း....ဖြောင်း....'

လက်ခုပ်သံနှင့် မရှေးမနှောင်းမှာပင် လူသစ်စု ရုတ်တရက် ထွက်ပေါ်လာပြီး ဇရပ်ပေါ် တက်လာကြလေသည်။

ထိုလူများသည် အနက်ရောင် ကိုယ်ကျပ်အင်္ကျီများ ဝတ်ဆင်ထားပြီး ဓားကိုယ်စီ ကျောပိုးထားကြလေသည်။

သူဌေးကြီးလျူ၏ ကိုယ်ရံတော်သိုင်းသမားများ ဖြစ်ကြလေသည်။

ရှေ့ဆုံးမှလူလေးယောက်သည် သေတ္တာတစ်လုံး သယ်ဆောင်လာကြလေသည်။

ထိုလူလေးယောက်သည် နားထိုင်းကြီးရှေ့တွင် သေတ္တာကို ချပေးလိုက်ပြီး အဖုံးဖွင့်လိုက်သည်။

ထိုအခါ....

သေတ္တာထဲ၌ ငွေဘိုးကလေးများ အပြည့်ရှိနေသည်ကို တွေ့ရ၏။

သေတ္တာသယ်ဆောင်လာသူလေးယောက် နောက်ဆုတ်သွားကြလေသည်။

တုသင်းက....

'ခေါင်းမာတဲ့ကျား၊ မင်း ဒီက အေးအေးဆေးဆေး ထွက်သွားမယ်ဆိုရင် ဒီငွေသေတ္တာဟာ မင်းအတွက်ပဲ၊ သူဌေးကြီး လျူက မင်းအတွက် လက်ဆောင်ပေးလိုက်တယ်'

ဟု ပြောလိုက်သည်။

ရေမြင်းလေးသည် ထိုအဖြစ်အပျက်များကိုကြည့်ကာ မယုံနိုင်လောက်အောင် ဖြစ်နေပါသည်။

သူဌေးကြီးလျူသည် ချမ်းသာကြွယ်ဝသည့်အချိန်ဖြစ်၍လည်းကောင်း၊ ကြေးစားသိုင်းသမားများ ငှားရမ်း၍လည်းကောင်း၊ ဒုစရိုက်လုပ်ငန်းမှန်သမျှ လုပ်ကိုင်နေသူဖြစ်လေသည်။

သူ့ကို အာခံလျှင်၊ အနှောင့်အယှက်ပေးလျှင် ကြေးစားသိုင်းသမားများ စေလွှတ်ကာ နှုတ်ပိတ်ခိုင်းတတ်သူ ဖြစ်သည်။



ရက်စက်ကြမ်းကြုတ်ရာ၌ လက်သံပြောင်လှသဖြင့် လူတိုင်းကြောက်ရွံ့နေကြလေသည်။

ယခု....

သူဌေးကြီး လျူသည် နားထိုင်းကြီးအား စိုးရွံ့နေကြောင်း သိရသဖြင့် ရေမြင်းလေး အံ့သြနေခြင်း ဖြစ်သည်။

နားထိုင်းကြီးသည် ခေသူမဟုတ်ကြောင်းလည်း၊ သဘောပေါက်လာလေတော့သည်။

နားထိုင်းကြီးသည် ငွေသေတ္တာကို တစ်ချက်ကြည့်လိုက်ပြီး မျက်နှာ လွှဲထားလိုက်လေသည်။

တုထင်းက....

'သူဌေးကြီးလျူက ဒီထက် ပိုပြီး သဘောကောင်းနိုင်မှာ မဟုတ်တော့ဘူး၊ ကဲ... မင်း ထွက်သွားတော့မယ် မဟုတ်လား'

ဟု မေးလိုက်လေသည်။

နားထိုင်းကြီးက ခေါင်းခါယမ်းလိုက်သည်။

'ဒီကနေ့ ကျုပ် ပစ္စည်းပို့ပေးရာတွေ အများကြီးရှိတယ်။ ဈေးသည်တွေ ကျုပ်ကို စောင့်နေကြလိမ့်မယ်'

ဟု ပြန်ပြောလိုက်လေသည်။

သူ၏စကားမှာ ရယ်စရာ ကောင်းလှသည်။

သို့သော်…

မည်သူမျှ ရယ်မောခြင်း မပြုကြချေ။

တုတင်းက…

'ခေါင်းမာတဲ့ကျား၊ မင်း ထွက်မသွားဘူးပေါ့ ဟုတ်လား'

ဟု မေးလေသည်။

နားထိုင်းကြီးက ခေါင်းခါယမ်းလိုက်သည်။

'ခင်ဗျား မှားပြီ'

'ဘာ…'

'ကျုပ်ဟာ ခေါင်းမာတဲ့ကျား မဟုတ်ဘူး'

ဟု ပြောလိုက်လေသည်။

* * *

တုတင်း၏ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွားသည်။

နားထိုင်းကြီး ကို စိုက်ကြည့်နေရာမှ သူ၏ မျက်လုံး အစုံသည် မျက်မမြင်ထံ ရောက်ရှိသွားလေသည်။

သူ၏နှုတ်ခမ်းတောဝို့တွင် အပြုံးရိပ်များဖြစ်ပေါ်လာသည်။

'လက်စသတ်တော့ ခေါင်းမာတဲ့ကျားဟာ မင်းကိုး'



ဟု ရေရွတ်လိုက်လေသည်။

မျက်မမြင်က ဘာမှမပြောဘဲ နားစွင့်နေသည်။

တုတင်းက…

'ကျုပ်တို့က ခေါင်းမာတဲ့ကျား ဘယ်တော့ရောက်လာမလဲလို့ စောင့်ကြည့်နေခဲ့တာကြာပြီ၊ မင်းက ကျုပ်တို့ မျက်စိအောက်ကတင် မြို့ထဲ ဝင်လာနိုင်တာကိုး'

ဟု ပြောလိုက်ပြန်သည်။

မျက်မမြင်က ငြိမ်နေဆဲ။

တုတင်းက…

'ဟော့…ငွေသေတ္တာကို သူ့ဆီ သွားပို့လိုက်'

သူ၏လူများကို အမိန့်ပေးလိုက်လေသည်။

အနက်ရောင် ဝတ်ဆင်ထားသော လူ ၂ ယောက်က ငွေသေတ္တာကိုမ,ကာ မျက်မမြင်အနီးသို့ ချဉ်းကပ်သွားကြသည်။

မျက်မမြင်က တုတ်တုတ်မျှ မလှုပ်ချေ။

အနက်ရောင်ဝတ်ဆင်ထားသူ ၂ ယောက်သည် ငွေသေတ္တာကို မျက်မမြင်ရှေ့၌ ချထားပေးလိုက်ကြပြီး နောက်ဆုတ်လိုက်ကြလေသည်။

တုတင်းက…

'ငွေသေတ္တာကိုယူပြီး အေးအေးဆေးဆေး ထွက်သွားပါ'

ဟု ပြောလိုက်လေသည်။

မျက်မမြင်က....

'ခင်ဗျားတို့ရဲ့ မသန့်ရှင်းတဲ့ငွေကို ကျုပ်က ဖိနပ်ချုပ်လို့ ရတဲ့ငွေလောက် တန်ဖိုးမထားဘူးဆိုတာမှတ်ပါ'

ဟု ပြောလိုက်လေသည်။

တုထင်းက ကြောင်အမ်းအမ်း ဖြစ်သွားလေသည်။

ထိုစဉ်....

အနက်ရောင်ဝတ်ဆင်ထားသူ တစ်ယောက်သည် တုထင်းအနီးသို့ ချဉ်းကပ်လာပြီး တီးတိုးပြောလိုက်လေသည်။

'ဆရာ၊ သူဟာဈေးရှေ့ ကသစ်ပင်အောက်မှာ ဖိနပ်ချုပ်တဲ့ မျက်မမြင် ဖိနပ်ချုပ်သမား တစ်ယောက်ပါ'

တုထင်း မျက်မှောင်ကြုတ်သွားသည်။

ယခု....

သူ၏ အာရုံသည် မျက်မမြင်ထံမှတစ်ဆင့် ရှောင်မာထံသို့ ပြောင်းလဲသွားသည်။

ရှောင်မာကို ခြေဆုံးခေါင်းဆုံး ကြည့်လိုက်ပြီး....

'ခေါင်းမာတဲ့ကျားဆိုတာ မင်းကိုး'

ဟု ရေရွတ်လိုက်လေသည်။

တန်ဖိုးမထားတဲ့လူ

---

ရေမြင်းဈေး ပါးစပ်အဟောင်းသား ဖြစ်သွားလေသည်။

တုထင်းကို တစ်လှည့်၊ ရှောင်မာကိုတစ်လှည့် ကြည့်လိုက်မိသည်။ တုထင်းက ရှောင်မာကို သိုင်းလောကတွင် ခြသလုံးအိမ်တိုင် လှည့်လည်သွားလာရင်း ကောင်းသူကယ် မကောင်းသူငယ်သည့် သိုင်းသမား 'ခေါင်းမာသောကျား'ဟု စွပ်စွဲလိုက်သည် မဟုတ်ပါလား။

ရှောင်မာက ဘာမှ မပြောပါ၊

တုထင်းကို ပြုံး၍ ကြည့်နေလေသည်။

တုထင်းက....

'ဒီမြို့ကို မင်းရောက်လာတာ မကြာသေးဘူး မဟုတ်လား'

ဟု မေးလိုက်လေသည်။

ရှောင်မာက ခေါင်းညိတ်လိုက်သည်။

'ဟုတ်ပါတယ် ခင်ဗျာ၊ တစ်နေ့ကမှ ရောက်လာတာပါ'

'မင်းအတွက် ငွေတစ်သောင်းရလို့ မနည်းဘူးထင်တယ်'

ရှောင်မာက ...

'ဆိုးတော့ မဆိုးဘူးဗျ'

'ဒါဆို ငွေသောင်းကိုယူပြီး မင်း ထွက်သွားပါ'

ရှောင်မာအား ငြင်းလိမ့်မည်ဟု ရေမြင်းလေ၊ ယုံကြည်ထားလေသည်။ လူ့ကောင်း တစ်ယောက်သည် မသန့်ရှင်းသော တုထင်းတို့၏ငွေကို လက်ခံမည် မဟုတ်ပါ။

မကောင်းသူပယ်၊ ကောင်းသူမွေးမည်ဟု သိုင်းလောကသားဆိုလျှင် ပြောဆိုပေမည်။

ငွေနှင့်မျှား၍ လားလားမျှရမည် မဟုတ်ချေ။

သို့သော်....

ရေမြင်းလေး အသင့်နှုတ်အမြင် တကြိတ်ကြိတ် အောင် လွဲမှားသွားလေတော့သည်။

'ဒီငွေသောင်းကို ကျုပ်ကို ပေးမှာလား'



'ဟုတ်တယ်လေ'

'ကောင်းပြီ၊ ခင်ဗျားတို့ကို ကျေးဇူးတင်ပါတယ်ဗျာ'

ရှောင်မာသည် တုထင်းကို ကျေးဇူးတင်စကား ပြောကာ ငွေသောင်းကို ပခုံးပေါ် ထမ်းလိုက်ပြီး ဇရပ်ပေါ်မှ ဆင်းသွားလေတော့သည်။

* * *

ဖွင့်ထားသော ပြတင်းပေါက်မှတစ်ဆင့် လေပြည်လေညင်း ဖြတ်သန်းဝင်ရောက်လာလေသည်။

ပန်းရနံ့များ သယ်ဆောင်လာ၍ မွှေးကြိုင်ပြီး အေးမြသော လေဖြစ်သည်။

သူဌေးလျူ၏ ပူလောင်နေသော နှလုံးသားကို ငြိမ်းချမ်းမှု မဖြစ်စေနိုင်ခဲ့ပါချေ။

သူဌေးလျူသည် လက်နှစ်ဖက်နောက်ပစ်ကာ အခန်းတွင်း၌ ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေသည်။

'တုထင်းသွားတာ ကြာလိုက်တာ'

ဟု ရေရွတ်လိုက်လေသည်။

ထိုစဉ်....

'သူဌေးကြီး ခင်ဗျား၊ ဆရာတုထင်း ရောက်လာပါပြီ'

အစောင့်တစ်ယောက်၏ အစီရင်ခံလိုက်သောအသံ ထွက်ပေါ်လာသဖြင့် သူဌေးကြီးလျှို လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။

'ငါ့ဆီ ချက်ချင်းလွှတ်လိုက်စမ်း'

ဟု အမိန့်ပေးလိုက်လေသည်။

အစောင့်ထွက်ခွာသွားပြီး မရှေးမနှောင်းပင် တုထင်း ဝင်ရောက်လာလေသည်။

သူဌေးလျှိုက ခရီးရောက်မဆိုက်ပင်....

'အခြေအနေ ဘယ်လိုလဲ'

ဟု မေးလိုက်သည်။

တုထင်းက....

'အားလုံးအဆင်ပြေပါတယ် သူဌေးမင်းခင်ဗျာ'

အပြုံးဖြင့် ပြန်ပြောလိုက်သည်။

သူဌေးလျှို မယုံနိုင်အောင် ဖြစ်သွားသည်။

'ဘယ်လို၊ အားလုံးအဆင်ပြေတယ် ဟုတ်လား'

'ဟုတ်ပါတယ် သူဌေးမင်း၊ အေးအေးဆေးဆေး ဖြစ်သွားပါတယ်'

'ဒါ....ဒါဆို ခေါင်းမာတဲ့ကျားက ငွေသုံးသောက္ကာကိုယူပြီး ထွက်သွားတယ်ပေါ့ ဟုတ်လား'



'ဟုတ်ပါတယ် သူဌေးမင်း'

သူဌေးလျှိုသည် ဒုစရိုက်လုပ်ငန်းများ လုပ်ကိုင်နေသူမို့ ခေါင်းမာတဲ့ကျား ထိုက်ဝူးမြို့သို့ ရောက်လာလျှင် သူ့အား ဒုက္ခပေးမည်ကို စိုးရိမ်မိခဲ့သည်။

ထို့ကြောင့်....

ငွေသုံးသောက္ကာဖြင့် စည်းရုံးသိမ်းသွင်းဖို့ တုထင်းကို စေလွှတ်လိုက်သည်။ တုထင်းက ငွေနှစ်သောက္ကာကို တိတ်တဆိတ်အပိုင်စီးကာ ယူထားလိုက်လေသည်။

သူဌေးလျှိုသည် ရင်ဘတ်ကို လက်ဖြင့်ဖိလိုက်ပြီး....

'တော်ပါသေးရဲ့၊ ခေါင်းမာတဲ့ကျားအကြောင်း ကြားဘူးကြတယ် မဟုတ်လား၊ သူရောက်လေရာ အရပ်တိုင်းမှာ ဒုစရိုက်သမားတွေ ဖရိုဖရဲဖြစ်ပြီး ကျန်ခဲ့တာချည်းပဲ၊ ထိုက်ဝူးမြို့ဘက်လာနေတယ် သတင်းကြားလို့ ကျုပ်ဖြင့် စိတ်ပူလိုက်ရတာ၊ အခုမှပဲ ရင်ထဲအလုံးကြီး ကျသွားတော့တယ်'

တုထင်းက ပြုံးလိုက်သည်။

'သူက ငွေသောက္ကာတွေကိုလက်မခံဘူးဆိုရင် မြေပြန့်က သိုင်းသမားသုံးယောက်ကို အသုံးပြုပြီး သူ့ကို ဆုံးခလိုက်ဖို့ရှိပါတယ်၊ ဘာမှမစိုးရိမ်ပါနဲ့ သူဌေးမင်း'

သူဌေးလျှိုက....

'ဘာပဲဖြစ်ဖြစ်၊ ခုလို အေးအေးချမ်းချမ်း ဖြစ်သွားတာ မကောင်းဘူးလား'

'ကောင်းပါတယ်ဗျာ'

ထိုစဉ် အစေခံတစ်ယောက်သည် အပြေးတစ်ပိုင်းဝင်ရောက်လာပြီး....

'သူဌေးမင်းခင်ဗျာ၊ ပျော်စရာစားသောက်ဆိုင်မှာ ဒီကနေ့မှ တွဲဖက်ဖွင့်လှစ်လိုက်တဲ့ လောင်းကစားခန်းမတာဝန်ခံ ရောက်လာပါတယ်၊ သူဌေးမင်းနဲ့ အရေးတကြီး တွေ့ချင်တယ်လို့ ပြောနေပါတယ်'

သူ၏ စကားသံနှင့် မရှေးမနှောင်းမှာပင်....

'ဟုတ်ပါတယ် သူဌေးမင်း'

လူတစ်ယောက် လှမ်းဝင်လာလေသည်။

သူဌေးလျူက—

'ဟော့....စုတ၊ လောင်းကစားခန်းမဟာ ဒီကနေ့မှ စဖွင့်တာ မဟုတ်လား၊ မင်းအဲဒီမှာမနေဘဲ ဘာဖြစ်လို့ ဒီကိုလာရတာလဲ'

ဟု အပြစ်တင်လိုက်လေသည်။

စုတဆိုသည့် တာဝန်ခံက....

'သူဌေးမင်းခင်ဗျာ၊ လောင်းကစားဝိုင်းမှာ တိုးသားကို လျော်စရာငွေမရှိတော့လို့ လာပြီး တင်ပြတာပါ'



'ဟော....'

မမျှော်လင့်သောစကားကို ကြားလိုက်ရလျှင် သူဌေးလျူ ပါးစပ်အဟောင်းသား ဖြစ်သွားလေတော့သည်။

စုတကို မျက်လုံးကြီးပြူးကာ စိုက်ကြည့်လိုက်ပြီး....

'ဘာပြောတယ်ကွ၊ မင်းတို့အတွက် ငွေဆယ်သိန်း ထုတ်ပေးထားတယ်မဟုတ်လား၊ ကုန်ပြီလား'

'ဟုတ်ကဲ့ ကုန်သွားပါပြီ၊ အကြွေးပေးဖို့ မလောက်တာနဲ့ စားသောက်ဆိုင်က ရောင်းရငွေတောင် ကောက်ယူပြီး စိုက်လျော်ပေးထားရပါတယ်'

'ကောင်းကွာ'

သူဌေးကြီး လျူမှာ ဒေါသထွက်သွားလေသည်။

စုတက....

'သူ့ကိုနောက်ထပ် သုံးသိန်းလောက် လျော်စရာ ရှိပါသေးတယ် သူဌေးမင်း'

'နေစမ်းပါဦး၊ မင်းတို့ ကစားဝိုင်းမှာ လောင်းကစားတဲ့လူတွေကို လိမ်လည် လှည့်စားတဲ့နည်းတွေ အများကြီး ရှိတယ် မဟုတ်လား၊ အစပိုင်းလောက်ပဲ လျော်ရလျော်ရ နောက်ပိုင်း ပြန်အနိုင်ရပြီး လောင်းကစားကြတဲ့ ထိုးသားတွေ ရှုံးသွားတာပဲ မဟုတ်လား၊ ငါ လောင်းကစားဝိုင်းဖွင့်ထားတာကြာပြီ ခုလို တစ်ခါမှ မဖြစ်ဘူးဖူး၊ ငါ့ကို ရှင်းပြစမ်း'

စုတက....

'အဲဒီလူဟာ လူဝယ်တစ်ယောက်ပါ၊ သူ့မှာ သေတ္တာတစ်လုံး ငွေတုံးကလေးတွေ ပါလာပါတယ်၊ လောင်းကစားတဲ့ အခါ အားလုံးကို တစ်ခါတည်း ပုံထိုးလိုက်ပါတယ်၊ သူ အဲဒီလို ထိုးမယ် မထင်လို့ လိမ်လည် လှည့်စားတဲ့နည်းကို မသုံးလိုက်ရပါဘူး၊ အဲဒီပွဲမှာ သူ အနိုင်ရသွားပြီး အကြီးအကျယ် အလျော်ပေးလိုက်ရတာပါပဲ'

သူတို့နှစ်ယောက် ပြောဆိုနေသည့် စကားများ ကြားရလျှင် တုဘင်း လှုပ်လှုပ်ရှားရှား ဖြစ်သွားလေသည်။

'အဲဒီလူဟာ အရောင်အဆင်း လွင်နေတဲ့ အပြာရောင်အင်္ကျီ ဝတ်ထားတဲ့လူ မဟုတ်လား'

ဟု ကြားဖြတ် မေးလိုက်လေသည်။

စုဘ...

'ဟုတ်တယ်... ဟုတ်တယ်'

တုဘင်း ဘာမှမပြောတော့ဘဲ ချာခနဲလှည့်ကာ အခန်းထောင့်မှ ပြေးထွက်သွားလေတော့သည်။

* * *

ရေမြင်းလေးသည် စားသောက်ဆိုင်သို့ ရောက်လာပြီ ဖြစ်လေသည်။



ယာနူ...

နောက်ကျပြီးမှ ရောက်လာသဖြင့် ဆိုင်တာဝန်ခံက ဆူပူကြိမ်းမောင်းခြင်း ခံခဲ့ရလေသည်။

ခါတိုင်းထက် ပို၍ ပင်ပန်းကြမ်းတမ်းသော အလုပ်များကို လုပ်ကိုင်ရလေသည်။

နံနက်စာ စားချိန်ရောက်သောအခါ လောင်းကစားခန်းမဘက်မှ ဆူဆူညံညံ အသံများ ထွက်ပေါ်လာသည်ကို ကြားရလေသည်။

လောင်းကစားခန်းမသည် ယခုနှုတ်စ၍ ဖွင့်လှစ်ကာ လောင်းကစားသူများ ရောက်ရှိလာပြီး လောင်းကစားနေကြပြီ ဖြစ်သည်။

ရေမြင်းလေး အသက်ပြင်းချမိသည်။

ရှောင်မာ ပြောသလို နိုင်သူ ပျော်နိုင်မည်ဖြစ်သော်လည်း ရှုံးသူမှာမူ စိတ်ဆင်းရဲရပေမည်။

လောင်းကစားမှုသည် မကောင်းမှု အလုပ်ဖြစ်ကြောင်း သဘောပေါက်မိလေသည်။

ရှောင်မာက လောင်းကစားမှုနှင့်ပတ်သက်၍ ပြောပြခဲ့စဉ်က ရေမြင်းလေး သဘောကျမိသည်။

ရှောင်မာကို အလိုလိုနေရင်း အားစားမိသဖြင့် ကိုယ့်ကိုယ်ကို အံ့သြနေလေသည်။

ယခုတော့....

'အစ်ကိုကြီးဟာ ငွေမက်တဲ့လူတစ်ယောက် ဘယ်နည်းနဲ့မှ မဖြစ်နိုင်ပါဘူး၊ သူက ဘာ့ကြောင့် ငွေတစ်သောတ္တာ ရတာနဲ့ ထွက်သွားရတာလဲ'

ဟု ညည်းညူလိုက်လေသည်။

ထိုစဉ်...

'ရေမြင်းလေး....ရေမြင်းလေး....'

တကြော်ကြော် အော်ခေါ်သံများ ထွက်ပေါ်လာလေသည်။

ရေမြင်းလေးက....

'လာပါပြီ ခင်ဗျာ'

ချက်ချင်းပင် ပြေးလွှားသွားလေသည်။

ဆိုင်တာဝန်ခံက....

'မင်းကို လောင်းကစားခန်းမထဲက ခေါ်နေတယ်ကွ'

'ဗျာ....'

'မင်းအခုသွားပြီး လိုအပ်တာမှန်သမျှလုပ်ပေးလိုက်၊ တို့ဆိုင်ကိုလာတဲ့ ဖောက်သည်တွေကို ကောင်းကောင်းမွန်မွန် ဧည့်ခံရလိမ့်မယ်'

'ကောင်းပါပြီခင်ဗျာ'



ရေမြင်းကလေးသည် လောင်းကစားခန်းမဘက်သို့ ထွက်လာခဲ့လေသည်။

လောင်းကစားသမားများသည် အများအားဖြင့် လက်ဖွာပြီး ငွေကို တန်ဖိုးမထားတတ်ကြပါ။

ဆိုင်လုလင်များကိုလည်း ဆုငွေ ရက်ရက်ရောရောပေးတတ်ကြလေသည်။

ထို့ကြောင့် ဆိုင်လုလင်များသည် စားသောက်ဆိုင် ခန်းမထက်စာလျှင် လောင်းကစားခန်းမ၌သာ တာဝန်ထမ်းဆောင်လိုကြပေသည်။

ရေမြင်းလေးမှာ လောင်းကစားခန်းမထဲ ဝင်ခွင့်မရဘဲ စားသောက်ခန်းမ၌သာ နေရပေသည်။

ယခု....

လောင်းကစားခန်းမမှ ခေါ်သည်ဆိုခြင်းကြောင့် အံ့ဩစိတ်ဖြင့် လှမ်းဝင်လာလေရာ တာဝန်ခံဆိုင်လုလင်ခေါင်းဆောင်က....

'ရေမြင်းလေး.... မင်းကိုခေါ်ပေးဖို့ပြောနေတယ်ကွ၊ သူက ပွဲတိုင်းအနိုင်ရလို့ တို့ရဲ့ဒိုင်မှာ လျော်စရာငွေတောင်မရှိတော့ဘူး၊ သူခိုင်းတာ ကောင်းကောင်းမွန်မွန် လုပ်ပေးလိုက်၊ မင်းအတွက် ဆုငွေများများရမှာ သေချာတယ်၊ ကဲ သွား....သွား'

ပြောရင်း တစ်နေရာဆီသို့ ညွှန်ပြကာ တွန်းလွှတ်လေသည်။ စားပွဲဝိုင်းတစ်ခုတွင် လောင်းကစားသမားများ ဝိုင်းအုံနေပါသည်။

သို့သော် ...

တကယ်ဘမ်း စားနေသူများမှာ တစ်ယောက်သည်သာဖြစ်သည်။

ထိုလူကို ဝိုင်းအုံကြည့်နေကြခြင်းဖြစ်သည်။

ထိုလူက ဂူခန္ဓာရဲရထိုင်ကာ ထောင်းကစားနေပြီး သူ၏ရှေ့တွင် ငွေတုံးများ၊ ငွေလွှဲအက်မှတ်များ၊ ရွှေတုံးများ တစ်ပုံတပင်ရှိနေ၏။

ထိုသူကိုမြင်လျှင် ရေမြင်းလေး မျက်လုံးပြူးသွားပြီး ....

'ဟင်....အစ်ကိုကြီး'

ဟု လွှတ်ခနဲ ရေရွတ်လိုက်မိလေတော့သည်။

ဇရုတ်သုတ်ခ

---

လောင်းကစားဝိုင်း ရောက်သွားသည်နှင့် ရေမြင်းကလေး ပါးစပ်အဟောင်းသား ဖြစ်သွားရပါတော့သည်။

'ဟင်....အစ်ကိုကြီး'

မှန်စပေသည်။

တဟဲဟဲရယ်မောရင်း စိတ်တိုင်းကျ လောင်းကစားနေသူမှာ ရှောင်မာဖြစ်နေပါတော့သည်။

ရှောင်မာရှေ့တွင် ရွှေတုံးငွေတုံးများ၊ ငွေလွှဲအက်မှတ်များ တစ်ပုံတပင်ကြီး ရှိနေပါ၏။

ရှောင်မာက အနီးရှိ လောင်းကစားသမားများအား....

'ခင်ဗျားတို့ကော၊ ဘာလုပ်နေကြတာလဲ၊ ကျောင်းကြီးပါ တော့သွား ဘာလဲ ငွေမရှိဘူးလား၊ ကျုပ်ဆီကယူ'

ပြောရင်း ငွေလွှဲလက်မှတ်များကို ဖြန့်ဝေပေးနေတော့သည်။

'ဟော....'

လောင်းကစားသမားများ ဝမ်းသာအားရ ဖြစ်ကုန်ကြတော့သည်။

ရှောင်မာက ဝေပေးသော ငွေလွှဲလက်မှတ်များကိုယူကာ ချက်ချင်းပင် လောင်းကစားကြသွားတော့သည်။

ရှောင်မာတဦးဆောင်ပြီး ထိုးသောအခါ အခြားလောင်းကစားသမားများလည်း ဝိုင်းထိုးကြသည်။

ဒိုင်လုပ်သူမှာ ပေါက်ကြောင်းဖွင့်၍ ရှောင်မာနှင့် ထိုးသားများကို ပေးလျော်ရပြန်သောအခါ လောင်းကစားခန်းမ တစ်ခုလုံး အုန်းအုန်းကျွက်ကျွက် ဖြစ်သွားတော့သည်။

ဒိုင်လုပ်သူမှာ လျော်စရာငွေမရှိတော့ပါ။

'ဟော့....မလျော်ဘူးလား'

'စားတုန်းကစားပြီး အခုမှမလျော်ဘူးဆိုရင် ဆိုင်ကို မီးရှို့ပစ်မယ်'

'ချကွာ....'



လောင်းကစား သမားများ၏ တစ်ယောက် တစ်ပေါက် အော်သံ ပြောသံများထွက်ပေါ်လာပြီး ရုတ်ရုတ်သဲသဲဖြစ်သွားတော့သည်။

ရှောင်မာသည် သူ၏ရှေ့မှ ရွှေတုံးငွေတုံး ငွေလွှဲ လက်မှတ်များကို သိမ်းကျုံးယူလိုက်သည်။

ဟိုဟိုသည်သည် ကြည့်လိုက်သောအခါ အနီးသို့ ချဉ်းကပ်လာနေသည့် ရေမြင်းလေးကို တွေ့လိုက်ရလေသည်။

ရှောင်မာ ဝမ်းသာသွားသည်။

'လာကူသယ်ပါဦးကွ'

ဟု လှမ်းပြောလိုက်သည်။

ရေမြင်းလေးက သက်ပြင်းချလိုက်သည်။

ရှောင်မာကို သဘောမကျတော့သော်လည်း မငြင်းဆန်ဘဲ ရွှေတုံးငွေတုံးများကို ကူသယ်ပေးလိုက်ရ၏။

သူတို့နှစ်ယောက် လောင်းကစားခန်းမမှ ထွက်လာချိန်တွင်....

'ချကွာ'

'ဖျက်ဆီးပစ်'

'ဝုန်း'

'အား'

စူးရှကျယ်လောင်သောအသံများ တစ်ခဲနက်ထွက်ပေါ်လာလေတော့သည်။

* * *

'တား...တား...တား'

ရှောင်မာက ဟားတိုက်ရယ်မောလိုက်လေသည်။

နေမြင့်လေးက မျက်နှာမသာမယာ ဖြစ်နေသည်။

ရွှေတုံးငွေတုံးများကို တစ်ပွေ့တစ်ပိုက် ဝိုင်းကူသယ်ဆောင်ရသဖြင့် စိတ်မသန့်ဘဲ ဖြစ်နေသည်။

ရှောင်မာသည် လောင်းကစားမှုကို ရှုံ့ချခဲ့ပြီး ကိုယ်တိုင်လောင်းကစားမှုကို ကျူးလွန်ခဲ့သည် မဟုတ်ပါလား။

ရှောင်မာက...

'မြန်မြန်လာဟေ့... ငါတို့သုံးလေးနေရာလောက် သွားစရာရှိတယ်ကွ'

ဟု ပြောကာ ခပ်သွက်သွက်လေး လျှောက်သွားကြသည်။

နေမြင့်လေးက လိုက်သွားရလေတော့သည်။

ထိုအချိန်တွင်...

* * *



ရှောင်မာနှင့် နေမြင့်လေးတို့ ထွက်သွားကြသည့်တိုင် လောင်းကစားခန်းထဲ၌ ရှုတ်ရှုတ်သဲဖြစ်နေဆဲ...

လောင်းကစားသမားများ၏လက်ထဲ၌ ငွေများပလူပျံနေပြီး ဒိုင်လုပ်သူတွင် ခြူးတစ်ပြားမှမရှိတော့ပါ။

လောင်းကြေးငွေများကို အလျော်မပေးနိုင်သဖြင့် ပွက်လောရိုက်နေလေတော့သည်။

ရှုတ်ထရက်...

'ဘာဖြစ်နေကြတာလဲဟေ့'

မိုးခြိမ်းသံပမာ ကျယ်လောင်သောအသံကြီးထွက်ပေါ်လာလေသည်။ ဆူဆူညံညံအသံများ ရုတ်ခြည်းပင်တိတ်ဆိတ်ငြိမ်သက်သွားလေသည်။

အားလုံးလှည့်ကြည့်လိုက်သောအခါ အဘိုးအိုတစ်ယောက်သည် အနက်ရောင်ဝတ်စုံဝတ်ထားသူများ ခြံရံလျက် တုထင်းရောက်လာပြီဖြစ်သည်။

တုထင်းက အားလုံးကိုကြည့်လိုက်ပြီး...

'ဘာဖြစ်လို့ ဒီလောက်တောင် သောင်းကျန်းနေရတာလဲ၊ ဒီလောင်းကစားခန်းမဟာ လူဝှေးလျှုပိုင်ဆိုင်တယ်ဆိုတာ မသိကြဘူးလား'

ဟု အော်ပြောလိုက်သည်။

ကျောင်းအစားသူများမှာ တုံးတိုက်မျှလှုပ်ကြသောချ။ တုထင်းအသည် အလွန်ရက်စက် ကြမ်းကြုတ်သောသူဟု သိထားသည့် မဟုတ်ပါလား။

တုသင်းက....

'ကဲ...အားလုံး ထွက်သွားကြစမ်း၊ ရှက်ရက်သဲသဲသုပ်တဲ့သူငါနဲ့တွေ့မယ်'

ဟု ပြတ်ပြတ်ပြော လိုက်လေသည်။

ကျောင်းကစားသမားများ မနေဝံ့ကြတော့ဘဲ အလျှိုလျှိုထွက်သွားကြလေတော့သည်။

တုသင်းက တစ်ယောက်ချင်းအကဲခတ်ကြည့်ပြီး ရှောင်မာကိုရှာဖွေလိုက်လေသည်။

ရှောင်မာအား အရိပ်အယောင်ပင် မတွေ့ရပါ။

ရှောင်မာသည် အနိုင်ရသည့် ရွှေတုံး ငွေတုံးများကိုယူ၍ ထွက်သွားပြီဖြစ်ကြောင်း ရိပ်မိလိုက်သည်။

သူက ချက်ချင်းလိုက်လာသော်လည်း မမီတော့ပေ။

'တောက်'

တုထင်း ဒေါသထွက်သွားကာ တက်ခေါက်လိုက်သည်။

သူနှင့်အတူလိုက်ပါလာသည့် အနက်ရောင်ဝတ်ဆင်ထားသူများကို....



'ဟေ့....လူခွဲပြီးလိုက်ရှာကြစမ်း'

ဟု အမိန့်ပေးလိုက်လေသည်။

အနက်ရောင်ဝတ်ဆင်ထားသူများသည် ချက်ချင်းလူစုခွဲကာ ရှောင်မာအား လိုက်လံရှာဖွေကြလေတော့သည်။

* * *

နေဝန်းနီမှာ အနောက်ဘက်တွင် ငုပ်လျှိုး ကွယ်ပျောက်သွားပြီဖြစ်သည်။ မှောင်ရိပ်များလွှမ်းမိုးလာချိန်တွင် ရှောင်မာနှင့် ရေမြင်းလေးတို့သည် ခြေဗလာလက်ဗလာ ဘာတစ်စည်းမျှမပါဘဲ ပြန်လာခဲ့ကြခြင်း ဖြစ်သည်။

ယခု....

ရေမြင်းလေးမျက်နှာ ပြုံးရွှင်နေသည်။

အလွန်ကျေနပ်အားရသည့် အသွင်ရှိသလို အလွန်ကြည်ညိုလေးစားသည့်အသွင် ဆောင်နေပါတော့သည်။

နှစ်ယောက်သား ဇရပ်ပေါ် တက်လိုက်ကြသောအခါ နားထိုင်ကြီး နှင့် မျက်မမြင်တို့ အရှင်ထောက်နှင့်ဦးနေကြသည်ကို တွေ့လိုက်ရလေသည်။

ရှောင်မာက....

'ဒီညနေ့တော့ ခင်ဗျားတို့တယ်စောပါလား'

ဟု လှမ်းပြီး နှုတ်ဆက်လိုက်လေသည်။

မျက်မမြင်က....

'ကျုပ်တို့ ဘယ်ကိုမှမသွားဘဲကိုး....'

ဟု ပြန်ပြောလေသည်။

ရှောင်မာက မျက်မှောင်ကြုတ်သွားသည်။

မျက်မမြင်နှင့် နားထိုင်းကြီးတို့သည် မနက် ကတည်းက အလုပ်မသွားဘဲ ဇရပ်ပေါ်၌နေခဲ့ကြခြင်းဖြစ်လေသည်။

'ခင်ဗျားတို့ အလုပ်မဆင်းရင် ဖောက်သည်ပျက်ကုန်မှာ ပေါ့'

ဟု ပြောလိုက်သည်။

မျက်မမြင်က....

'ကျုပ်မှာအရေးကြီးတဲ့ကိစ္စရှိနေလို့ဆိုတာ ဖောက်သည်တေ သိကြမှာပါ'

ဟု ပြန်ပြောလိုက်သည်။

ရှောင်မာက....

'အင်းလေ... ဒါတော့ ခင်ဗျားတို့ကိစ္စပဲ၊ ကျုပ်က တစ် လုံး ပင်ပန်းထားတော့ အနားယူလိုက်ဦးမယ်'



ပြောပြောဆိုဆို နံရံဘေးတွင် ကောက်ရိုးများပုံထား ကျော ခင်းလိုက်လေတော့သည်။

ရေမြင်းလေးက ငုတ်တုတ်ထိုင်နေသည်။

ရှောင်မာက ...

'ညီလေး....မင်းကော မအိပ်သေးဘူးလား'

'ဟင့်အင်း'

ရေမြင်းလေးက ခေါင်းခါယမ်းပြသည်။

ရှောင်မာက....

'ဘာဖြစ်လို့လဲကွ'

'ဗိုက်ဆာလို့'

'ဟာ....ဟုတ်သားပဲ'

ယခုမှ ညစာမစားရသေးသည့်အဖြစ်ကို ရှောင်မာ သတိရ လာ၏။ အင်္ကျီအိတ်ထဲနှိုက်လိုက်သောအခါ ဖြူးတစ်ပြားမှမတွေ့ ရပါ။

ရှောင်မာက မချိသွားဖြဲပြလိုက်သည်။

ရေမြင်းလေးက....

'အစ်ကိုကြီးဆီမှာ ငွေနဲ့တူတာဆိုလို့ ကြေးတစ်ပြားတောင် မရှိတော့ဘူး၊ ဆိုတာ ကျွန်တော်သိပါတယ်'

'အေး... ဒါ အမှန်ပဲကွ'

'ကဲပါလေ... ကျွန်တော်ပဲ ဝယ်ကျွေးပါ့မယ်'

ရေမြင်းသေးသည် သူအိပ်စက်နေကျနေရာရောက်မှ ကြမ်းပြင်ကို ခွာချလိုက်သည်။

ကြမ်းခင်းအောက်၌ ဝှက်ထားသော အထုပ်ကလေးတစ်ထုပ်ကို ယူလိုက်ပြီး....

'အစ်ကိုကြီး ခဏစောင့်ပါ'

ဟု ပြောကာ စားသောက်ဖွယ်ရာများဝယ်ရန် ဇရပ်ပေါ်မှ ဆင်းသွားလေတော့သည်။

* * *

ဇရပ်ပေါ်တွင် နားထိုင်းကြီး၊ ရှောင်မာနှင့် မျက်မမြင်တို့ သုံးဦးသာ ရှိသည်။

သို့သော်....

မည်သူမျှ စကားမပြောကြသဖြင့် တိတ်ဆိတ်နေသောသည်။

ရှောင်မာသည် နံနက်ပိုင်းက လောင်းကစားခန်းမတွင် ငွေဆယ်သိန်းမက အနိုင်ရခဲ့ပါသည်။



ထိုငွေပမာဏသည် နည်းနည်းနောနော ငွေပမာဏ မဟုတ်ပါ။

အိမ်ကြီး အိမ်ကောင်း ဝယ်ယူနိုင်ပြီး စီးပွားရေးလုပ်ငန်း ထူထောင်နိုင်သည်။

ချမ်းသာ ကြွယ်ဝသော သူဌေးဘွဲ့ကို ခံယူနိုင်သည်။

ယခု...

ရှောင်မာသည် အရောင်အဆင်းပြယ်သော အဝတ်အစားများနှင့် လူဝါကာ အိပ်စက်နိုင်သည့် ဆားလားယံဇရပ်တွင် လာရောက် အိပ်စက်နေသည်။

ညစာစားဖို့ပင် ငွေစင်ပြားတစ်ချပ်မှ မရှိတော့ပါ။

နံနက်ပိုင်းက ရရှိခဲ့သော ငွေများ ဘယ်ရောက်သွားပါသနည်း။

မကြာပါချေ။

ရေမြင်းလေး ပြန်ရောက်ရှိလာလေသည်။

ဇရပ်ပေါ်တက်လာပြီး ရှောင်မာ့ရှေ့သို့ရောက်သည်နှင့်....

'အစ်ကိုကြီးကို ဝမ်းသာစရာ ပြောရဦးမယ်'

'ဟော.... ဘာများလဲကွာ'

'ကျွန်တော် ဒီအခန့် တစ်နေကုန် ပျောက်နေတာကို ဆိုင်က လူတွေ မသိကြဘူး ဗျ၊ ဒါ့ကြောင့် ကျွန်တော် အလုပ်ပြုတ် တော့မှာ မဟုတ်ဘူး'

ရှောင်မာလည်း ဝမ်းသာသွားလေသည်။

'တော်ပါသေးရဲ့ကွာ၊ နို့မဟုတ် ငါ့ကြောင့် ညီလေး အလုပ်ပြုတ်နေဦးမှာ....'

ရေမြင်းလေးက....

'အလုပ်ပြုတ်သွားလဲ ကျွန်တော် မပူပါဘူး၊ ကဲ....အစ်ကိုကြီး လဲ ဆာနေရောပေါ့ စားလိုက်ပါဦး'

'အေး....ကျေးဇူးပဲ...'

ရှောင်မာသည် ရေမြင်းလေး ယူလာသော စားသောက် ဖွယ်ရာများကို အားရပါးရ စားသောက်လိုက်လေတော့သည်။

* * *

ညဉ့်နက်ပြီ ဖြစ်သည်။

ရှောင်မာနှင့် ရေမြင်းလေးတို့သည် အောက်ရှိမျှားခင်းက ကျောချ အိပ်စက်နေကြသည်။

သူတို့ အိပ်မပျော်နိုင်သေးပါ။



အထူးသဖြင့်...

ရေမြင်းလေးသည် ယနေ့ညအဖို့ မျက်စိကြောင်နေလေ သည်။

ရှောင်မာသည် အလွန် ထူးခြားသူတစ်ယောက်ဖြစ်ကြောင်း လက်တွေ့ သိလိုက်ရပြီ မဟုတ်ပါလား။

မျက်ကန်းကြီးကလည်း ကျောခင်းနေသည်။

ကျောမခင်းနိုင်သေးသူမှာ နွားထိုင်းကြီးဖြစ်သည်။

နွားထိုင်းကြီးသည် ထိုင်လိုက် စားလိုက် ကျောခင်းလိုက ပြန်ထလိုက်ဖြင့် ဂနာမငြိမ် ဖြစ်နေသည်။

အတော်လေး ညဉ့်နက်လာတော့မှ ရှောင်မာတို့ အနီးသို့ ချဉ်းကပ်လာပြီးလျှင်....

'မင်းတို့ မအိပ်ကြသေးဘူး မဟုတ်လား'

ဟု မေးလိုက်လေသည်။

သူ၏အသံ ကျယ်လောင်စွာ ထွက်ပေါ်လာခြင်း ဖြစ်လေ သည်။

ရေမြင်းလေး ခေါင်းထောင်ကာ....

'ဟုတ်တယ်၊ ခင်ဗျားရော'

ဟု ပြန်မေးလိုက်လေသည်။

ထူးခြားသည်ကား ယနေ့ညအဖို့ အခြား အိပ်စက်နေကျ လူများ ရောက်မလာကြဘဲ လူရှင်းနေခြင်း ဖြစ်လေသည်။

နံနက်ပိုင်းက တယင်းတို့ရောက်လာပြီး ရန်ရှာခဲ့ကြသည့် အဝတ်ဆက် ဇရပ်တွင် အန္တရာယ်များသည်ဟု သဘောပိုက်ကာ ရှောင်နေကြခြင်း ဖြစ်ပုံရလေသည်။

နားထိုင်းကြီးသည် ရေမြင်းလေး၏စကားကို လုံးဝ ဂရုမစိုက်ဘဲ ရှောင်မာကို စိုက်ကြည့်ရင်း....

'ခင်း အိပ်ချင်ဟန်ဆောင်နေလို့ မရဘူးကွ'

ဟု ခေါ်လိုက်လေသည်။

ရှောင်မာ သက်ပြင်းချလိုက်ပြီး....

'သူကသာ တွေးချင်စရာတွေးပြီး ဒေါသဖြစ်နေတာနေမှာပေါ့'

ဟု ပြောလိုက်သည်။

ထိုစကားကြားလျှင် နားထိုင်းကြီး၏ ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွားလေသည်။

ရှောင်မာက....

'ဒေါသထွက်နေရင် ဘာကိုမှ မဆင်ခြင်နိုင်တော့ဘူးကွ၊ အမှားတွေလျှောက်လုပ်မိတတ်တယ်။ တချို့လူတွေဟာ ဒေါသကြောင့် အမျိုးကြီးအမှားတွေဖြစ်ပြီး....'



သူ၏စကားမဆုံးမီ....။

'မင်းပါးစပ်ပိတ်ထားလိုက်စမ်း'

နားထိုင်းကြီး၏ အော်ပြောသံထွက်ပေါ်လာလေသည်။

နားထိုင်းကြီးသည် အလွန်ဒေါသထွက်နေပြီး ရန်မူတော့မလိမ့်မည်ဟု ရေမြင်းလေး ထင်မှတ်မိပြီး လန့်သွား၏။

သို့သော်....

နားထိုင်းကြီးသည် ရန်မူတိုက်ခိုက်လာခြင်းမရှိဘဲ ခေါင်းငိုက်စိုက်ကျသွားကာ ကြမ်းပြင်ပေါ် ခြေပစ်လက်ပစ်ထိုင်ချလိုက်သည်ကို အံ့သြစွာ တွေ့မြင်လိုက်ရတော့သည်။

ရှောင်မာက....

'ဒေါသကြီးတဲ့လူတစ်ယောက် သေသွားပြီး လူကောင်းတစ်ယောက် တိုးလာတာ ဝမ်းသာစရာ မဟုတ်ဘူးလား သိချေးရ'

ဟု ပြောလိုက်လျှင် ရေမြင်းလေးက ဘာမသိဘာမသိဘဲ....

'သိပ်ကောင်းတာပေါ့ အစ်ကိုကြီးရာ....'

ဟု ပြောလိုက်သည်။

နားထိုင်းကြီးသည် ရှောင်မာကို လှမ်းကြည့်လိုက်ပြီး....

'မင်းဟာ ခေါင်းမာတဲ့ကျားပဲ'

ဟု တီးတိုးရေရွတ်လိုက်လေသည်။

ရှောင်မာနှင့်ရေမြင်းလေးတို့ မကြားလိုက်ကြပါ။

ရှောင်မာက...

'ကဲ...အိပ်ကြစို့ညီလေး'

ဟု ပြောကာ မျက်လုံးမှိတ်ပြီး အိပ်စက်လိုက်၏။

ရှောင်မာ ခေါင်းကုတ်လိုက်သည်၊ လှဲလျောင်း နေရာမှ ထူးလိမ့်ထလိုက်ပြီးလျှင်...

'ညဉ့်နက်ပြီ၊ ကျုပ်တာသာအိပ်နေတာ ဘာကြောင့်လာပြီး နှောင့်ယှက်ချင်ရတာလဲ'

ဟု ပြန်မေးလိုက်လေသည်။

နားထိုင်းကြီးက...

'မင်းနဲ့ငါ စာရင်းရှင်းစရာရှိတယ်'

ဟု ပြောလေသည်။

ရှောင်မာ ပခုံးတွန့်လိုက်သည်။

'ခင်ဗျား ဘာတွေဖြစ်နေတာလဲ၊ ဘာတွေပြောနေတာလဲဗျ'

'ကျုပ်တာမှ နားမလည်ဘူး'

ဟု ခပ်တည်တည် ပြန်မေးလိုက်လေသည်။

နားထိုင်းကြီးက...



'မင်းက ငါ့နောက်ကို လိုက်လာတယ်ဆိုတာ ငါမသိဘူး ထင်နေသလား...'

'ဟား...ဟား...ဟား...'

ရှောင်မာရယ်မောလိုက်လေသည်။

နားထိုင်းကြီး ဒေါပွသွားလေသည်။

'ငါက အေးအေးဆေးဆေးနေတော့မယ်လို့ ဆုံးဖြတ်ထားခဲ့တယ်၊ ခုမင်းရောက်လာတော့'

စကားတစ်ပိုင်းတစ်စဖြင့် ရပ်ကာ ရှောင်မာကို စိုက်ကြည့်လိုက်လေသည်။

ရေမြင်းလေးသည် နားထိုင်းကြီး၏ သွင်ပြင် အမူအရာကို မြင်လျှင် ရင်ထိတ်သွားလေသည်။

နားထိုင်းကြီးသည် ရိုးသားသည်၊ သဘောကောင်းသည်ဟု သူသိထားခဲ့ပါသည်။

ယခုတော့...

နားထိုင်းကြီး၏ အသွင်သည် ကြောက်စရာကောင်းအောင် ခက်ထန်နေသည်ကို တွေ့ရလေသည်။

ထူးခြားသော အငွေ့အသက်များသည်၊ ထွက်ပေါ်နေသည်ဟု ခံစားလိုက်ရသည် မဟုတ်ပါလား...။

ရေမြင်းလေး မခံနိုင်တော့ဘဲ...

'အစ်ကိုကြီး သူဘာဖြစ်နေတာလဲ'

ဟု ရှောင်မာကို မေးလိုက်လေသည်။

ရေမြင်းလေးသည် ပြန်သည် မကျော်ခင်းလိုက်သည်။

'မကြာပါချေ။'

သူတို့နှစ်ယောက်စလုံး ပြန်သည့် အိပ်ပျော်သွားကြလေတော့သည်။

* * * *

'အောက်အီးအီးအွတ်'

ကြက်တွန်သံများ ထွက်ပေါ်လာသည်။

အရှေ့ဘက်တွင် အရုဏ်ဦး၏ ရောင်နီများ ပျို့အန်လာသည်။

ရေမြင်းလေး အိပ်ရာမှ နိုးလာလေသည်။

ထိုအခါ ရှောင်မာမှာ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေဆဲဖြစ်သည်ကို တွေ့ရလေသည်။

နားထိုင်းကြီးအား မရှိတော့ပါ။

မျက်မြင်သည် နံရံကိုမှီ၍ ထိုင်နေပြီး အင်္ကျီအစုတ်အပြဲများကို ချုပ်နေသည်။



ယနေ့လည်း ...။

မျက်မြင်သည် ဈေးဟောင်းသို့သွား၍ ဖိနပ်ချုပ်မည် မဟုတ်ကြောင်း ထင်ရှားပေသည်။

ရေမြင်းလေးက ရှောင်မာကို မနိုးစေဘဲ စားသောက်ဆိုင်သို့သွား၍ အလုပ်ဆင်းရန် ဆုံးဖြတ်လိုက်သည်။

ထိုင်ရာမှထလိုက်စဉ် ခြေသံများ ကျယ်လောင်စွာ ထွက်ပေါ်လာပြီး လူတစ်စု ရောက်ရှိလာသည်ကို တွေ့လိုက်ရလေသည်။

တုဆင်းဦးဆောင်သော သူဌေးကြီးလျူ၏ လူများ ဖြစ်လေသည်။

ရေမြင်းလေး ရှင်ထိတ်သွားလေသည်။

'ဟင်....သူတို့ရောက်လာကြပြန်ပြီ'

ချက်ချင်းပင် ရှောင်မာကို နိုးရန် ဟန်ပြင်လိုက်လေသည်။

ရှောင်မာ နိုးနေပြီ ဖြစ်ပါသည်။

ရေမြင်းလေးက....

'အစ်ကိုကြီး သူတို့...'

'ငါသိတယ်'

တုဆင်းတို့သည် ဇရပ်ပေါ်သို့ ရောက်လာသည်နှင့်...

'ဟေ့ကောင်၊ မင်း ထစမ်း'

ဟု ဖေါက်လိုက်လေသည်။

ရှောင်မာအား....

'စောစောစီးစီး ဘယ်လိုဖြစ်လာကြတာလဲဗျ'

'ဟော့ ကောင် မင်းကိုယ်မင်း ခေါင်းမာတဲ့ကျားလို့ လိမ်ပြောပြီး ငါပေးတဲ့ ငွေတစ်သေတ္တာယူသွားတယ်၊ အဲဒီငွေတွေနဲ့ လောင်းကစားဝိုင်းမှာ တနေ့တပိုကြီး နိုင်သွားတယ်၊ ကဲ မင်း တခါပြောဦးမလဲ'

ရှောင်မာက....

'ငွေတစ်သေတ္တာ ယူသွားတာရော လောင်းကစားဝိုင်းမှာ အနိုင်ရခဲ့တာတော့ မှန်တယ်၊ ဒါပေမယ့် ကျုပ်လိမ်ပြောတယ် ဆိုတာတော့ မဟုတ်ဘူးဗျ'

'ဘာကွ၊ မင်းကိုယ်မင်း ခေါင်းမာတဲ့ကျားလို့ လိမ်ပြောခဲ့တာ မင်းဘာပြောမလဲ'

ရှောင်မာအား....

'ကျုပ် လိမ်ပြောတာမှမဟုတ်တာ'

'ဘာကွ'

'ခေါင်းမာတဲ့ကျားဆိုတာ ကျုပ်ပဲ'

မျက်မြင် ဆတ်ခနဲ ခေါင်းထောင်လာလေသည်။

လှို့သော်...



တာမှမပြောဘဲ အစုတ်အပြဲများကို ဆက်ပြီး ချုပ်နေသည်။

'ဟား... ဟား... ဟား'

တုထင်းက ဟားတိုက် ရယ်မောလိုက်လေသည်။

ရှောင်မာအား အလွန် အထင်သေးသောအသံဖြင့်....

'မင်းကိုယ်မင်း ခေါင်းမာတဲ့ကျားလို့ ပြောရဲတာ မရှက်ဘူးလားကွ'

ဟု ပြောလိုက်လေသည်။

ရှောင်မာအား....

'ဟုတ်တယ်လေ၊ ကျုပ်က မှန်တဲ့အတိုင်းပြောတာ ဘာကြောင့် ရှက်ရမှာလဲ'

'မင်းလို လူလိမ်လူကောက် လောင်းကစားသမားက ခေါင်းမာတဲ့ကျား ဖြစ်နိုင်ပါဦးမလားကွ'

'ခင်ဗျား ဘာကိုဆိုလိုတာလဲဗျ'

'ငါပေးတဲ့ ငွေတစ်သေတ္တာကို ယူသွားတာတည်းက မင်းဟာ ခေါင်းမာတဲ့ကျား မဖြစ်နိုင်တော့ဘူးဆိုတာ ငါသိတယ်၊ ခေါင်းမာတဲ့ကျားဟာ ငွေနဲ့စည်းရုံးလို့ မရဘူးကွ'

'ဟား... ဟား... ဟား'

ရှောင်မာ ရယ်မောလိုက်လေသည်။

တုထင်းအား....

'ကဲ...မင်းရသွားတဲ့ငွေတွေ အကုန်ထုတ်စမ်း၊ ငါ့ဆီကယူသွားတဲ့ ငွေတစ်သောင်းကော၊ မောင်းတစ်စားဝိုင်းက နိုင်သွားတဲ့ ငွေတွေရော အကုန်ထုတ်၊ တစ်ပြားတစ်ချပ် လျော့တာနဲ့ သေပြီသာမှတ်'

ဟု ဟောက်လိုက်လေသည်။

ရှောင်မာက...

'တစ်ပြားမှ မရှိတော့ဘူးဗျ'

'ဘာ...ဘာပြောတယ်ကွ'

'ကျုပ်ရခဲ့တဲ့ငွေတွေထဲက တချို့တစ်ဝက်ကို မိဘမဲ့ကလေးတွေ ဂေဟာမှာ လှူပစ်လိုက်တယ်၊ တချို့ကို ဘိုးဘွားရိပ်သာ လှူတယ်၊ ဘုံကျောင်းပြင်ဖို့ လမ်းပြင်ဖို့ မရှိဆင်းရဲသားတွေကို ဝေပေးဖို့၊ အို...ရှိတာ မလောက်တဲ့အပြင် လိုတောင်လိုသေးတယ်ဗျ'

'ဟေ'

တုထင်း ပါးစပ်အဟောင်းသားဖြစ်သွားလေသည်။

ရှောင်မာကို မျက်လုံးကြီးပြူး၍ကြည့်ကာ...

'မင်း...မင်းမှာ တစ်ပြားတစ်ချပ်မှ မကျန်အောင် အကုန်လုံး ပေးကမ်း စွန့်ကြဲပစ်လိုက်တယ် ဟုတ်လား'

'ဟုတ်တယ်'



'ဒါ...ဒါဆို'

'ကျုပ်က စေတနာကောင်းလွန်းလို့ ညစာကိုတောင်မကျန်အောင် ပေးပစ်လိုက်မိတာ၊ ဟိုညီအေး ဝယ်ကျွေးလို့ပေါ့၊ နို့မဟုတ်ရင် ညက ထမင်းတစ်နပ်တောင် ငတ်သေးတယ်'

ရှောင်မာက ရယ်မောရင်း ပြောလေသည်။

ယခု...

ရှောင်မာသည် အရောင်အဆင်း လွှမ်းပြယ်နေသော အဝတ်အစားများ ဝတ်ဆင်ထားခြင်းသည် လည်းကောင်း၊ ဖိနပ်ကို ချုပ်၍ စီးနေရသည်ကိုလည်းကောင်း မဆန်းလှတော့ပါ။ —

တုထင်း ဒေါသခြောင်းခြောင်းထွက်ပြီး....

'သေစမ်းပတော့'

ရှောင်မာထံ ခုန်အုပ်တိုက်ခိုက်လိုက်လေတော့သည်။

* * *

တုထင်းသည် ထိပ်တန်းသိုင်းသမားတစ်ယောက် ဖြစ်ပါသည်။

သူ၏တိုက်ခိုက်မှုမှာ ကြောက်မက်ဖွယ်ကောင်းအောင် ပြင်းထန်နေပါသည်။

လက်ဝါးနှစ်ဖက် ဆန့်တန်းအော ရှောင်မာထံ ခုန်ဝင်ပြီး ရိုက်ချလိုက်လေသည်။

ပြင်းထန်သောတိုက်ကွက်ကြောင့် လေတိုးသံများ တဟူးဟူး မြည်ကာ ထွက်ပေါ်လာလေသည်။

ရေမြင်းလေး ထိတ်လန့်သွားသည်။

တုထင်း၏ဆက်ချက်ကြောင့် ရှောင်မာ ဒုက္ခရောက်သွားလိမ့်မည်ဟု ထင်မှတ်လိုက်လေသည်။

ထို့ကြောင့်....

'အစ်ကိုကြီး မြန်မြန်ရှောင်လိုက်ပါ'

ဟု အော်ပြောလိုက်လေသည်။

ရှောင်မာက ရှောင်တိမ်းရန် ကြိုးစားလိုက်ပါသည်။

ထိုသော် သူ၏ခြေနှစ်ချောင်းသည် အချင်းချင်း ခလုတ်တိုက်မိပြီး....

'အမယ်လေးဗျ'

ကြမ်းပြင်ပေါ် လဲကျသွားလေသည်။

ထိုသို့ လဲကျသွားခြင်းကြောင့်လည်း တုထင်း၏ တိုက်ခိုက်မှုမှ ပွတ်ကာ သီကာ လွတ်မြောက်သွားလေတော့သည်။

တုထင်း ကြောင်အမ်းအမ်းဖြစ်သွားသည်။



ရှောင်မာ ကပျာကယာ လူးလိမ့်ထလိုက်သည်။

'ခင်ဗျားရဲ့ တိုက်ကွက်က အတော်ကို ပြင်းထန်တာပဲဗျ၊ ထိသွားရင် မလွယ်ဘူး'

ဟု ပြောလိုက်သည်။

တုထင်းမှာ မကျေမနပ် ဖြစ်သွားသေးသည်။

'ဒီတစ်ခါ ရှောင်နိုင်ရင် ရှောင်ပေတော့'

လက်သီးတစ်လုံးဖြင့် ရှောင်မာ၏ မျက်နှာကို ထိုးသွင်းလိုက်၏။

ရှောင်မာက....

'ဟော့ လူ အရှမ်းမလုပ်နဲ့'

ကပျာကယာရှောင်လိုက်သည်။

သူ၏ခန္ဓာကိုယ် ယိမ်းယိုင်သွားခြင်းကြောင့် တုထင်း၏ လက်သီးထိုးချက်မှ ပွတ်တာသီတာ လွတ်မြောက်သွားလေသည်။

ရှောင်မာသည် နောက်သို့ ယိမ်းယိုင်သွားပြီး ရှေ့သို့ပြန် ငိုက်ကျလာသေးသည်။

ဤတွင်....

သူ၏ဦးခေါင်းသည် တုထင်း၏မျက်နှာကို ဆောင့်လိုက်သလို ဖြစ်သွားလေတော့သည်။

'ခွပ်...'

'အား...'

တုထင်းမှာ ဝူးရှစ္စားအော်ဟစ်ကာ ကြမ်းပြင်ပေါ် ဖင်ထိုင် ကျသွားလေသည်။

ရှောင်မာက...

'ခင်ဗျား ဘယ်လိုဖြစ်သွားတာလဲ'

ဟု မေးလိုက်သည်။

တုထင်း လူးလဲ၍ထလာသည်။

သူ၏ နှာခေါင်းမှ သွေးများ ယိုစီးကျလာသည်။

ရှောင်မာကို မျက်လုံးပြူးကြီးဖြင့်ကြည့်ကာ....

'မင်း....မင်း....'

ရှောင်မာ ရယ်မောလိုက်သည်။

'ကျုပ်ခေါင်းက တော်တော်မာတယ်ဗျ၊ ဒါကြောင့်မို့ ခေါင်းမာတဲ့ကျားလို့ ခေါ်ကြတာပေါ့'

တုထင်း အံ့ကြိတ်လိုက်သည်။

'မင်းဟာ ခေါင်းမာတဲ့ကျား ဟုတ်လား'

'ဟောဗျာ.... ဒီလောက် ပြောနေတာတောင် ခင်ဗျားက မယုံသေးဘဲကိုး'



'မင်း....မင်း....'

ရှောင်မာက....

'သူဌေးလျူကိုပြောလိုက်ပါ၊ သူပိုင်ဆိုင်တဲ့ ပစ္စည်းဥစ္စာအားလုံးကို ထားခဲ့ပြီး၊ လူငတ်ကြောင်ကို စွန့်လွှတ်လိုက်မယ်၊ ဘုန်းကြီးဝတ်လိုတယ်ဆိုရင် အသက်ချမ်းသာ ပေးလိုက်မယ်၊ ဒါမှမဟုတ်ရင် ကျုပ်ကိုယ်တိုင် သူ့ကိုဆုံးမပြီး သူမတရား ရယူထားတဲ့ပစ္စည်းတွေကို သိမ်းမယ်၊ သူ့ကြောင့်ဆင်းရဲဒုက္ခရောက်ခဲ့ရသူတွေကို ပြန်ဝေပေးမယ်လို့ ပြောလိုက်ပါ'

ဟု တည်ကြည်သောမျက်နှာထားဖြင့် ပြောလိုက်လေသည်။

တုထင်းက....

'မင်းဟာ ခေါင်းမာတဲ့ကျားဖြစ်လို့အော ငါတို့က ဂရုစိုက်ရမှာလား၊ မင်း၊ ဒီမြို့ထဲက အသက်ရှင်လျက် ထွက်သွားနိုင်အောင်ပဲ ကြိုးစားစမ်းပါဦး'

ရှောင်မာက....

'ကောင်းပြီလေ၊ ဒီကနေ့ပဲ ခင်ဗျားတို့ သူဌေးလျူရဲ့ ဒုစရိုက်အဆောက်အအုံကို ကျုပ်ဖြိုချင်တယ်'

တုထင်းသည် ခံပြင်းဒေါသထွက်ကာ....

'ဟေ့....ဘာလုပ်နေတာလဲ၊ ဝိုင်းတိုက်ကြပါတော့လား'

သူ၏လူများကို အော်ဟစ်အမိန့်ပေးလိုက်လေသည်။

အနက်ရောင် ဝတ်ဆင်ထားကြသူများသည် ဓားကိုယ်စီ ဆွဲထုတ်ကာ ချေပ်ပေါ် ပြေးတက်လာကြတော့သည်။

တိုက်ပွဲဖြစ်ပေါ်လာတော့မည်မို့ ရေမြင်းလေး ထိတ်လန့်သွားပါသည်။

ကပျာကယာ တိုင်တစ်လုံး နောက်ကွယ်၌ ဝင်ပုန်းလိုက်သည်။

မျက်မမြင်ကား လုံးဝဂရုမစိုက်ဘဲ အဝတ်စုတ်များကို ချုပ်လုပ်ဖာထေးနေသည်။

ရှောင်မာက....

'ကျုပ်က သတိပေးပြီးပြီ၊ ဒါကြောင့် ကျုပ်မှာ အပြစ်မရှိတော့ဘူး'

ဟု ပြောကာ ဆီးကြိုတိုက်ခိုက်လိုက်လေသည်။

သူ၏ ခြေထောက်များ သွက်လက်စွာ လှုပ်ရှားလိုက်သည်နှင့်-

'ဝုန်း'

'အား'

'အမယ်လေး'

စူးရှကျယ်လောင်သောအသံများ ထွက်ပေါ်လာသည်။

အနက်ရောင်ဝတ်ထားသူများမှာ တစ်ခဏအတွင်းပင် ဖရိုဖရဲဖြစ်သွားကြလေတော့သည်။



ရှောင်မာသည် တစ်ယောက်နှင့်အများ ရင်ဆိုင်တိုက်သည့်တိုင် ရှုံးနိမ့်သွားသည့်အပြင် အနိုင်တိုက်ခိုက် လိုက်သည်ကို တွေ့ရသောအခါ ရေမြင်းလေး မယုံကြည်နိုင်အောင် ဖြစ်သွားတော့သည်။

တုသင်းသည် ရှောင်မာကို မကျေနပ်ကြည့်ကာ....

'သတ္တိရှိရင် မင်း ဒီမှာစောင့်နေ၊ ကျုပ်တို့ ပြန်လာခဲ့မယ်'

ဟု အော်ပြောကာ ချာခနဲလှည့်ပြီး ပြေးထွက်သွားသည်။

အနက်ရောင် ဝတ်ဆင်ထားသူများလည်း ပြေးလွှားလိုက်ပါသွားကြလေတော့သည်။

* * *

တုသင်းတို့လူစု ထွက်သွားကြပြီ ဖြစ်သည်။

သူတို့သည် နောက်ထပ်တစ်ကြိမ် ပြန်လာကြဦးမည် ဖြစ်ကြောင်း ရေမြင်းလေးရိပ်မိထားလေသည်။

ရေမြင်းလေးသည် ရှောင်မာကို မယုံကြည်နိုင်စွာ ကြည့်နေသည်။

ရှောင်မာက သူ့အား ပြုံးပြလိုက်ပြီး--

'ငါ့ညီ အံ့သြနေသလား'

ဟု မေးလိုက်လေသည်။

ရေမြင်းလေးက....

'အင်း... အစ်ကိုက သိုင်းသမားဟုတ်လား',

ဟု ပြန်မေးလိုက်လေသည်။

ရှောင်မာ ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်လေ၊ ခေါင်းမာတဲ့ကျား ရှောင်မာ ဆိုတာ အစ်ကိုပေါ့'

'ခေါင်းမာတဲ့ကျား'သည် သိုင်းလောကတွင်ခြေသလုံးအိမ်တိုင် လှည့်လည်သွားတော မဆောင်းသူပယ် ဆောင်းသူတယ်နေသူဟု သတင်းကြီးပေသည်။

ယခု....

ရေမြင်းလေးသည် ခေါင်းမာတဲ့ကျား ရှောင်မာနှင့်မှ တိုက်တိုက်ဆိုင်ဆိုင် ဆုံတွေ့ခဲ့ရခြင်းဖြစ်လေသည်။

ရေမြင်းလေးက....

'ကျွန်တော်က သိုင်းသမားတွေကို တွေ့ဘူးပါတယ်၊ ဒါပေမယ့် အစ်ကိုတို့လို မဟုတ်ပါဘူး'

ဟု ပြောလေသည်။

မှန်ပေသည်။



ရေမြင်းလေး အလုပ်လုပ်နေသည့် စားသောက်ဆိုင်သို့ ရောက်လာသည်မှာ ကြုံကြိုက်သဖြင့် သိုင်းလောကသားများ ဝင်ရောက် စားသောက်ဖူးကြပေသည်။

သိုင်းသမားဟူသည် မြင်းတစ်စီး၊ ဓားတစ်လက်ဖြင့် ကိုယ်ကြပ်အင်္ကျီဝတ်စား ဆံကေသာကို သပ်ရပ်စွာ ဖြီးလိမ်းပြုပြင်ပြီး ဟန်အပြည့်ဖြင့် သွားလာ လှုပ်ရှားနေတတ်ကြသည်ဟု ယူဆထား၏။

ယခု....

ရေမြင်းလေးအဖို့ ရှောင်မာကိုတွေ့ရသည်မှာ သာမန်လူတစ်ယောက်နှင့် မခြားသဖြင့် အံ့သြနေမိတော့သည်။

'ဟား... ဟား... ဟား'

ရှောင်မာ ရယ်မောလိုက်သည်။

'ငါ့ညီက သိုင်းသမားဆိုတာ သူများထက် ထူးပြီး ချိုပေါက်နေတယ်ထင်လို့လား၊ သူလို ငါလိုပဲကွ၊ ဘာမှမထူးပါဘူး'

ရေမြင်းလေး အာမလို အားရေ ဖြစ်နေလေတော့သည်။

'အစ်ကိုက လူရှေ့လျှို့ရဲ့ မဆောင်းသတင်းကို ကြားလို့ လုံးမဖို့ လာခဲ့တာလား'

ဟု မေးလိုက်လေသည်။

ရှောင်မာ ခေါင်းခါယမ်းလိုက်သည်။

'မဟုတ်ဘူးကွာ၊ သူဌေးလျှူလို လူဝါးမျိုးတွေဟာ နေရာအနှံ့မှာ ရှိနေတတ်ကြတာပါပဲ'

'ဒါဆို ထိုက်ဝူးမြို့ကို လာခဲ့တာက....'

'လူတစ်ယောက်ကို ရှာမလို့ပါ'

'ဘယ်သူလဲဟင်....'

ရေမြင်းလေးက မေးလေသည်။

ရှောင်မာက မလှမ်းမကမ်းရှိ မျက်မမြင်ကို လှမ်းကြည့်လိုက်သည်။

ပြီးလျှင်....

'ကျုပ်က 'ငွေအပ်ရာဇာထင်မင်း'ကို လာရှာတာပါ'

ဟု ပြောလိုက်လေသည်။

* * *

ငွေအပ်ရာဇာထင်မင်း....

ခေါင်းမာတဲ့ဘျှား ရှောင်မာက ငွေအပ်ရာဇာထင်မင်းအား လိုက်ရှာနေသည်မှာ အဘယ်ကြောင့်ပါနည်း။

အရေးကြီးသော ကိစ္စ တစ်ခုခု ရှိရသည်ဟု ရေမြင်းလေး နားလည်လိုက်လေသည်။



ထို့ကြောင့်....

'အစ်ကိုကြီးက အရေးကြီးတဲ့ကိစ္စကြောင့် လိုက်ရှာတာ ဟုတ်လား'

ဟု မေးလိုက်လေသည်။

ရှောင်မာ ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်'

'ဘယ်လိုကြောင့်လဲဟင်'

'ငွေအပ်ရာဇာထင်မင်းက ကျုပ်နဲ့ ညီအစ်ကိုလိုခင်တဲ့ ဓားသမား ဝမ့်ယုကို သတ်သွားလို့ပါ'

'ဟင်....'

ရေမြင်းလေး ထိတ်လန့်သွားလေသည်။

ရှောင်မာသည် ငွေအပ်ရာဇာထင်မင်းကိုတွေ့လျှင် ကျိန်းသေ တိုက်ခိုက် သုတ်သင်ပစ်မည် ဖြစ်ပေသည်။

ရေမြင်းလေးက....

'အစ်ကိုကြီးက သူ့ကို ရှာတွေ့ပြီလား'

ဟု မေးလိုက်သည်။

ရှောင်မာ ခေါင်းညိတ်လိုက်သည်။

'တွေ့ထားပါပြီ'

'ဟဲ...သူ ဘယ်မှာလဲဟင်'

ချေမြင်းလေး အလောတကြီး မေးလိုက်မိလေသည်။

ရှောင်မာက အဖြေမပေးဘဲ မျက်မမြင်ကို စိုက်ကြည့်နေ၏။

မျက်မမြင်ထံမှ သက်ပြင်းချသံသဲ့သဲ့ ထွက်ပေါ်လာသည်။

ချုပ်ဆက်စအာသတိကို ကြမ်းပြင်ပေါ် ချလိုက်သည်။

ပြီးလျှင် ထိုဒီရာမှထချပ်ကာ....

'ငွေအပ်ရာဇာထင်မင်း ဆိုတာ ကျုပ်ပါပဲ'

ဟု ပြောလာလေတော့သည်။

* * *

မျက်မမြင်....

မျက်မမြင်သည် ထိုက်ဝူးမြို့သို့ ရောက်လာသည်မှာ အတော်ကြာပြီ ဖြစ်လေသည်။

မြို့အယ်ဈေးရှေ့တွင် ဖိနပ်ချုပ်သည်။ ညဘက်တွင် ဇရပ်၌ လာအိပ်သည်။ နေ့အရုဏ် မိုးလင်းထွက်သွားပြီး မိုးချုပ်ပြန်လာသည်။

ပြောင်းလဲခြင်း၊ လုံးဝ မရှိလှသောကြောင့် အားလုံးက ဖိနပ်ချုပ်သမားကြီးဟု အက်ခံသားလိုက်ကြတော့သည်။



ယခု....

ဖိနပ်ချုပ်သမား မျက်မမြင်သည် ငွေအပ်ရာဇာဆိုသည့် သိုင်းလောကသားတစ်ယောက် ဖြစ်နေသည်ဟု သိလိုက်ရသောအခါ ချေမြင်းလေး အအံ့တသြ ဖြစ်သွားရလေတော့သည်။

ရှောင်မာ၏ မိတ်ဆွေကို သုတ်သင်ပစ်ခဲ့သူဖြစ်၍လည်း ခေသူ မဟုတ်ကြောင်း ထင်ရှားနေပါသည်။

ချေမြင်းလေး ငေးမောကြည့်နေမိစဉ်မှာပင် မျက်မမြင်ထံမှ စကားသံ ထွက်ပေါ်လာလေသည်။

'ဓားသမားဝမ်ယုဟာ ကျုပ်သက်ချက်နဲ့ သေသွားကတည်းက တစ်နေ့မဟုတ် တစ်နေ့ မင်းဟာ ငါ့ကို လိုက်ရှာလိမ့်မယ်ဆိုတာ ငါရိပ်မိခဲ့ပါတယ်၊ ကဲ...အခု ခင်းငါ့ကို ရှာလို့တွေ့ပြီလေ'

မျက်မမြင်သည် ရှောင်မာနှင့် ရင်ဆိုင်တိုက်ခိုက်ရန် ဆုံးဖြတ်လိုက်ပုံရကြောင်း ချေမြင်းလေး ဆင်ခြင်မိလိုက်လေသည်။

ရှောင်မာက....

'ဝမ်ယုကို ဘာကြောင့် သတ်ပစ်လိုက်ရသလဲဆိုတာ ကျုပ်သိချင်တယ်'

ဟု မေးလိုက်သည်။

မျက်မမြင်က....

'ငါပြောရင် မင်းယုံမလား'

'ဒါတော့ ခင်ဗျားပြောတဲ့ စကားအပေါ် မူတည်ပါတယ်၊ ခင်ဗျားက အမှန်အတိုင်းပြောတယ်ဆိုရင် ယုံရမှာပေါ့လေ'

မျက်မြင်က မဲ့ပြုံးပြုံးလိုက်သည်။

'ငွေအပ်ရာဇာတာ ကြောက်တတ်တဲ့စိတ် မရှိဘူးဆိုတာ ခင်ဗျားနားလည်ထားပါ၊ လိမ်ပြောစရာလဲ အကြောင်း မရှိဘူး'

'ခင်ဗျား အရင်ပြောပြမှ ကျုပ် ဆုံးဖြတ်ပါရစေဗျာ'

မျက်မမြင်က....

'ကောင်းပြီ'

သူက ရှောင်မာ၏မိတ်ဆွေ ဓားသမားဝမ်ယုနှင့် ရင်ဆိုင်ခဲ့ရပုံကို ပြောပြလိုက်လေတော့သည်။

* * *

ကျင်းကျားမြို့....

ကျင်းကျားမြို့သည် ချန်အန်းမြို့နှင့် မနီးမဝေး၌ တည်ရှိသော မြို့လေးတစ်မြို့ ဖြစ်ပါသည်။

သိုင်းလောကသားများ၊ ကုန်သည်ပွဲစားများ၊ ခရီးသွားများ ဝင်ထွက် သွားလာမစဲရှိသော မြို့လေးလည်း ဖြစ်သည်



ငွေအပ်ရာဇာ ထင်မင်း (ဝါ) မျက်မမြင်သည် ကျင်းကျားမြို့ ရွှေလီမွှေ့ စားသောက်ဆိုင်၌ ရောက်ရှိနေပါသည်။

သူက ဆာမဲကြွစ်တစ်ပွဲနှင့် အရက်တစ်အိုးကို အရသာခံကာ စားသောက်နေလေသည်။

ကျင်းကျားမြို့လေးသို့ ရောက်လာရသည့် ရည်ရွယ်ချက်မှာ ချန်အန်းမြို့သို့ သွားရောက်လည်ပတ်ရန် ဖြစ်လေသည်။

မကြာမီ ရက်ပိုင်းအတွင်း....

ချန်အန်းမြို့၌ မြို့စားကြီးမွေးနေ့ အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲများ ကျင်းပမည် ဖြစ်လေသည်။

အနယ်နယ်အရပ်ရပ်မှ ပွဲကြည့်ပရိသတ်များ လာရောက်ကြသည် ဖြစ်သလို သိုင်းလောကသားများလည်း ရောက်လာကြမည် ဖြစ်ပါသည်။

ထင်မင်းအဖို့ မျက်မြင်ဖြစ်နေသော်လည်း သိုင်းလောက၏ ပျော်ပွဲရွှင်ပွဲများကို အလွန်ဝါသနာပါသူ ဖြစ်လေသည်။

ယခု....

မျက်မမြင် အရက်သောက်နေစဉ် ထဝါးဝါးတဟားဟား ရယ်မောသံများနှင့်အတူ လူတစ်စု စားသောက်ဆိုင်ထဲသို့ ဝင်ရောက်လာလေသည်။ သူတို့၏ ရယ်မောသံကို နားထောင်ခြင်းဖြင့် သိုင်းလောကသားများဖြစ်ကြောင်း မျက်မမြင် နားလည်မိလိုက်လေသည်။

ထိုစဉ်....

'ဟေ့ ငါတို့အတွက် နေရာသိုင်ခင်း လုပ်ပေးစမ်း'

လူတစ်ယောက်၏ စကားသံ ကျယ်လောင်စွာ ထွက်ပေါ်လာပါ၏။ ဆိုင်ထဲ၌ လူပြည့်ကျပ်နေသည်။

လူရှင်းသည့် စားပွဲဟူ၍ မျက်မမြင်ထိုင်နေသော စားပွဲတစ်လုံးသာ ရှိပါသည်။

ထို့ကြောင့်...

ဆိုင်လုလင်က ထိုလူစုံအား မျက်မမြင်၏ စားပွဲတွင် နေရာချပေးလိုက်လေသည်။

ထိုလူများသည် ဝိုင်းဖွဲ့ထိုင်လိုက်ကြပြီး အရက်နှင့် စားသောက်ဖွယ်များ မှာကြားလိုက်ကြသည်။

ထို့နောက်...

ဟေးလားဝါးလား ပြောဆိုရယ်မောရင်း စားသောက်လိုက်ကြလေသည်။ သူတို့ပြောဆိုနေကြသည့် စကားများတွင်...

'မြို့စားကြီးက ပျော်ပွဲရှင်ပွဲတွေအပြင် အထူးပွဲအဖြစ် သိုင်းပြိုင်ပွဲကျင်းပပေးမယ်လို့ သတင်းဖြစ်ပေါ်နေတယ်ကွ၊ ပြိုင်ပွဲမှာ အနိုင်ရတဲ့လူကို ထိုက်သိုက်တန်တန် ဆုချီးမြှင့်လိမ့်မယ်'

ဟု ပါရှိလေသည်။

မျက်မမြင် စိတ်ဝင်စားသွားသည်။



သိုင်းလောကသားများသည် သိုင်းပြိုင်ပွဲနှင့် ပတ်သက်လျှင် စိတ်ဝင်စားသွားတတ်ကြသည် မဟုတ်ပါလော။

ထိုလူစုသည် မျက်မမြင်ကို လုံးဝဂရုမစိုက်ဘဲ ပြောချင်ရာ ပြောကာ စားသောက်နေကြပါသည်။

အတန်ကြာသော် မူးယစ်လာကြလေသည်။

မျက်မမြင်ကမူ အရက်တစ်ခွက်သောက်လိုက်၊ အမဲကြော် တစ်ဖဲ့စားလိုက်ဖြင့် အေးအေးဆေးဆေးရှိနေသည်။

ယခု....

ဝိုင်းဖွဲ့စားသောက်နေကြသူများသည် မျက်မမြင်ကို သတိပြုမိလာကြလေသည်။

တစ်ယောက်က....

'ဒီလူက မျက်မမြင်တစ်ယောက်ပဲကွ'

ဟု တစ်ယောက်က တိုးတိုးပြောလိုက်သည်။

မျက်မမြင်က အကြားအာရုံအလွန်ကောင်းသူဖြစ်၍ ကောင်းစွာ ကြားလိုက်သည်။

သို့သော် ...

မကြားချင်ယောင်ဆောင်ကာ နေလိုက်လေသည်။

ထိုလူများသည် တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြပြီး တစ်ယောက်က...

'ပျင်းနေတာနဲ့ အတော်ပဲ'

ဟုပြောကာ မျက်မြင် ၏ပန်းကန်ထဲမှ အမဲကြော်တစ်တုံးကို တိတ်တဆိတ်ယူကာ စားပစ်လိုက်လေသည်။

မျက်မမြင်သိလိုက်ပါသည်။

သာမက်မမြင်ချင်ဟန် ဆောင်နေလိုက်သည်။

ထိုလူသည် မျက်မမြင်က မသိချင်ဟန်ဆောင်နေခြင်းကို ပို၍ အထင့်ရဲလာလေသည်။

အမဲကြော်များကို တစ်တုံးပြီးတစ်တုံး ယူစားပစ်လိုက်သည့်အပြင် အရက်ကိုလည်း ယူငှဲ့သောက်လိုက်လေသည်။

ထို့အပြင်....

ရေထည့်ထားသောခွက်နှင့် မျက်မမြင်၏ အရက်ခွက်ကို လဲထားလိုက်သေး၏။

လုပ်ရှားမှုအသံဗလံများကို နားထောင်ရင်း ထိုလူ၏လုပ်ရပ်များကို မျက်မမြင်ကောင်းစွာသိနေပါ၏။

သို့အား နောက်ပြောင်နေမှန်း သိအောင်လည်း ဘာမှ မပြောဘဲ နေလိုက်လေသည်။

ထိုလူများသည် မျက်မမြင်က ငြိမ်နေလေလေ ပို၍အတင့်ရဲလာလေလေ ဖြစ်လေသည်။

'ဟား... ဟား ဓိဆိုင်က ဟင်းတွေက တော်တော်စားလို့ကောင်းထယ်ကွ'



'အရက်လဲ ကောင်းတာပါပဲကွ'

'ဘာလဲ ရေလိုပဲလား'

'ဟား... ဟား... ဟား'

သူတို့၏ နောက်ပြောင်မှုကြောင့် မျက်မမြင် ထက်မြင်းချလိုက်သည်၊ ထိုင်ရာမှ ထလိုက်သည်။

ထို့နောက် ...

'ဘယ်လောက်ကျသလဲဟေ့'

ဟု မေးလိုက်လေသည်။

ဆိုင်လုလင်တစ်ယောက် ချက်ချင်းရောက်လာပါသည်။

'ငွေတစ်ဆယ် ကျပါတယ် ခင်ဗျာ'

မျက်မမြင်က ငွေတစ်ဆယ် ထုတ်ပေးလိုက်သည်။

ပြီးလျှင် တောင်ဝှေးကိုထောက်ကာ ထွက်သွားရန် ဟန်ပြင်လိုက်လေသည်။

ဤဘုင် နောက်ပြောင်နေကြသူများအနက် တစ်ယောက်က ခြေတစ်ဖက် ရှေ့သန့်ထုတ်ကာ ထိုးခံလိုက်သည်။

မျက်မမြင်သာ ရှေ့တိုးလိုက်လျှင် ခလုတ်တိုက်မိကာ ပုံပျက်သန်းပျက် လဲကျသွားလိမ့်မည် ဖြစ်လေသည်။

သို့သော်...

မျက်မမြင်သည် ထိုလူထိုးခံလိုက်သည့်ခြေထောက်ကို အသ
ရှောင်ထွက်သွားလေသည်။

ထိုလူ မကျေမနပ်ဖြစ်သွားသည်။

နောက်ထပ် ခြေတစ်ဖက် ဆန့်ထုတ်ကာ ထိုးခံလိုက်ပြန်
သည်။

ယခုတစ်ကြိမ်....

မျက်မမြင်ကမရှောင်တော့ဘဲ ထိုလူ၏ခြေထောက်ကို တက်
နင်းလိုက်တော့သည်။

'အမယ်လေးဗျ'

ထိုလူမှာ ခြေထောက်နာကျင်သွားခြင်းကြောင့် လွှတ်ခ
အော်လိုက်လေသည်။

မျက်မမြင်က လုံးဝ အရေးမစိုက်ဘဲ ထွက်သွားလေသည်။

ခြေထောက်နာသွားသောသူသည် ဒေါသထွက်သွားကာ...

'ဟေ့ မျက်ကန်း၊ ကျုပ်ခြေထောက်ကို တက်နင်းသွားတာ
တာသဘောလဲ၊ ကျုပ်ကို စော်ကားတာလား'

ဟု အော်ပြောလိုက်လေသည်။

မျက်မမြင်က စကားမှမပြောဘဲ ဆက်ပြီးထွက်သွားသည်။

ထိုလူက....



'သိကြတာပေါ့ကွ'

ဟု ငေါက်ကာ ပြေးလိုက်သွား၏။

သူ၏အပေါင်းအဖော်များလည်း မနေနိုင်ကြတော့ဘဲ ပြေးလိုက်လာ
ကြလေတော့သည်။

• • •

မျက်မမြင်သည် ဆိုင်ရှေ့ဆိပ်ပေါ်သို့ ရောက်သွားပြီ ဖြစ်
ပါသည်။

သို့သော်....

သူ ရှေ့ဆက်သွား၍ မရအောင် လူငါးယောက်က ဝိုင်းရံ
ဟန့်တားထားလိုက်ကြလေသည်။

ခြေထောက် နာသွားသူက....

'ဟေ့ မျက်ကန်း၊ ကျုပ်ခြေထောက်ကို တက်နင်းသွားတဲ့
အတွက် ကျုပ်ရှေ့မှာ ဒူးထောက်ပြီး တောင်းပန်ရလိမ့်မယ်၊
ဒါမှမဟုတ် ရင်ကျုပ်အဆိုး မဆိုနဲ့'

ဟု အော်လိုက်လေသည်။

မျက်မမြင်က....

'မင်းတို့ လွန်နေပြီထင်တယ်'

'ဘာပြောတယ်ဗျ'

လင်းစာပေ
အမှတ် ၁၅/၁၃၈၊ ဗိုလ်
ဘောဂ ရုံ
ဖုန်း ၂၁၃၅၅

'မင်းတို့ဘာလုပ်တယ်ဆိုတာ ကျုပ်ကောင်းကောင်းသိတယ်၊ ကျုပ်ကို ဒုက္ခမပေးကြပါနဲ့၊ ကျုပ် [illegible] ကျုပ် အေးအေးဆေးဆေးသွားပါရစေ'

'ဟား....ဟား... ဟား....'

ဝိုင်းရံထားသူ ငါးယောက်က ဟားတိုက်ရယ်မောလိုက်ကြသည်။ ပြီးလျှင်...

'မျက်နှာကြီးကြီးကျယ်ကျယ်၊ သုံးမလိုက်စမ်းကွာ'

'ဟုတ်တယ်၊ ချကွာ'

ပြောသံပေးရင်း ငါးယောက်သား ပြိုင်တူ ခုန်ဝင်တိုက်ခိုက်လာကြလေတော့သည်။

မျက်ခမြင် ထက်ပြင်းချလိုက်သည်။

သည်းခံနိုင်သည့် အတိုင်းအတာ ကုန်ဆုံးသွားပြီ ဖြစ်လေသည်။

ထို့ကြောင့်...

'သူတစ်ပါးကို နိုင်ထက်စီးနင်းလုပ်ချင်တဲ့စိတ် မင်းတို့မှာ ရှိနေသရွေ့ သိုင်းလောကနဲ့မတန်တော့ဘူး'

ဟု ပြောရင်း လက်ဝှေ့ယမ်းလိုက်လေသည်။

'ဝုစ်....ဝုစ်....ဝုစ်...'



ဝင်းလက်တောက်ပသော အလင်းရောင်များ ထွက်ပေါ်လာသည်။ ငွေအပ်လေး ငါးချောင်းသည် ထိုလူငါးယောက်၏ ချိုတီ သွေးကြောနေရာ၌ အသီးသီးစိုက်ဝင်သွားလေသည်။

'အား....'

'အွန့်....'

'အမယ်လေး'

စူးရှသော အော်ဟစ်သံများ ထွက်ပေါ်လာသည်။

ထိုလူငါးယောက်သည် မြေပေါ်သို့ အရုပ်ကြိုးပြတ် လဲကျသွားလေသည်။

မျက်ခမြင်ကား လုံးဝဂရုမစိုက်တော့ဘဲ ဘောင်ဝှေးကို မြေပေါ်ထောက်ကာ ဆက်၍ လျှောက်သွားလိုက်လေတော့သည်။

* * *

မျက်ခမြင်၏ ဆုံးမခြင်းခံလိုက်ရသော ငါးယောက်မှာ သိုင်းလောက၌ ထင်ရှားသော ရွှေခါးကျောင်းချုပ်ထံသို့ သွားရောက် တိုင်တန်းကြလေသည်။

ထိုအချိန်တွင်....

ရွှေခါးကျောင်းချုပ်သည် ဧည့်သည်တစ်ယောက်နှင့် တွေ့ဆုံနေလေသည်။ ရွှေခါးကျောင်းချုပ်ထံသို့ လာရောက် လည်ပတ်သည့်

ညွှန်သည်မှာ သိုင်းလောကမှ ကျော်ကြားသော လူငယ် ဓားသမား ဝမ်ယုဖြစ်၏။

ကျောင်းချုပ်နှင့် ဝမ်ယုတို့ စကားပြောဆိုနေစဉ် ကျောင်းချုပ်၏ တပည့် ငါးယောက်သည် ယိုင်ယိုင်ဖြင့် ဝင်ရောက် လာကြလေသည်။

ကျောင်းချုပ် ရင်ထိတ်သွားပြီး....

'ဟေ့... ဒါ ဘယ်လိုဖြစ်လာကြတာလဲ'

ဟု မေးလိုက်လေသည်။

သူ၏တပည့်များက....

'ဆရာ... ကျွန်တော်တို့ကို မျက်မမြင်တစ်ယောက် စော်ကားသွားပါတယ်'

ဟု ထည်ဆည်တိုင်တန်းကြလေသည်။

ကျောင်းချုပ် ဒေါသထွက်သွား၏။

သူ၏တပည့်များကို စစ်ဆေးကြည့်လိုက်သောအခါ ချိတ်သေးကြောနေရာ၌ ငွေအပ်လေးများ စိုက်ဝင်နေသည်ကိုတွေ့ရလေသည်။

ချိတ်သေးမကြောနေရာကို ထိုးခိုက်မိသွားခြင်းကြောင့် သိုင်းပညာ ဆုံးရှုံးသွားပြီဖြစ်ကြောင်း သိနိုင်လေသည်။



'တောက်.... ငါ့တပည့်တွေကို သိုင်းပညာ ဆုံးရှုံးသွားအောင် လုပ်တဲ့လူကို ငါ ဘယ်နည်းနဲ့မှ ခွင့်မလွှတ်နိုင်ဘူး'

ဟု ဒေါသတကြီး အော်ဟစ်လိုက်သည်။

ထို့နောက် ညွှန်သည် ဝမ်ယုကိုပင် အမှု မထားနိုင်တော့ဘဲ....

'အဲဒီ မျက်မမြင် ဘယ်မှာလဲ'

ဟု မေးလိုက်သည်။

'ချန်အန်းမြို့ဘက်ကို ဦးတည်သွားနေပါတယ်'

ဟု ပြောကြလျှင်....

'သင်ကြသေးတာပေါ့ကွာ'

ဒေါသကျောင်းချုပ်သည် မျက်မမြင်နှင့် ရင်ဆိုင်ရန် ဆုံးဖြတ်လိုက်လေတော့သည်။

* * *

မျက်မမြင်သည် တောင်ဝှေးကို မြေပေါ် ထောက်ကာ ခြေလှမ်းမှန်မှန် ခရီးနှင်နေပါသည်။

ကျောင်းကျားမြို့၌ ဖြစ်ပျက်ခဲ့သောကိစ္စအတွက် အယ်တော့မှ နောင်တရမည်မဟုတ်ချေ။

နိုင်ထ ဂိစိ နှင်း ပြုလုပ်သိုသူများကို ပညာပေး ဆုံးမလိုက်ခြင်းသာ မဟုတ်ပါလား။

မျက်မြင် ရှေ့ဆက်လျှောက်လာစဉ် ရှတ်တရက် ရှေ့မှ ထမ်းပိဘ်ထားသူများ ရှိနေသည်ဟု စိတ်ထဲ ခံစားလာရလေသည်။

သူ၏ခြေလှမ်းများ တုံ့ခနဲ ရပ်တန့်သွားလေသည်။

မြင်နိုင်သော မျက်လုံးများဖြင့် ရှေ့သို့ လှမ်းကြည့်လိုက်၏။

ထိုစဉ်...

'မင်းက မျက်စိသာမမြင်တယ် အနေအထားကို ရက်စက်ကြမ်းကြုတ်တာပဲ'

ခက်ထန်သော စကားသံ ထွက်လာသည်ကို ကြားလိုက်ရလေသည်။

မျက်မမြင်ရင်ဝယ် ထင့်သွားသည်။

'မိတ်ဆွေက ဘယ်သူများလဲဗျာ'

ဟု မေးလိုက်သည်။

'ဘယ်သူလဲ ဟုတ်လား၊ ကျုပ် တပည့်တွေကို ဆော်လိုက်ပြီး ကျုပ် ဘယ်သူလဲဆိုတာ မေးရဲတဲ့သတ္တိ မဆိုးဘူး'

'ဩော်....'



မျက်မမြင်သည် အခြေအနေကို နားလည် သဘောပေါက်သွားလေသည်။

စားသောက်ဆိုင်ရှေ့တွင် သူ ဆုံးမလိုက်သူများသည် မကျေနပ်ကြသဖြင့် သူတို့၏ ဆရာကို သွားရောက် တိုင်တန်းကြခြင်းဖြစ်ကြောင်း နားလည်လိုက်သည်။

ထို့ကြောင့်....

'ခင်ဗျား တပည့်တွေ ဘာလုပ်ခဲ့တယ်ဆိုတာ အရင် မေးကြည့်ပါဦး'

ဟု ပြောလိုက်သည်။

မျက်မမြင်အား ဟန့်တားလိုက်သူမှာ ကျောင်းချုပ် ဖြစ်ပါသည်။

လူငယ် စားသမား ဝမ်ယုသည် ကျောင်းချုပ်တွင် ပြဿနာပေါ်နေသည်ဖြစ်၍ မနေနိုင်ဘဲ လိုက်လာခဲ့ရလေသည်။

ကျောင်းချုပ်က....

'အပိုတွေ ပြောမနေနဲ့ ငါ့တပည့်တွေ သိုင်းပညာ ဆုံးရှုံးသွားအောင် လုပ်လိုက်တဲ့အတွက် မင်းဘယ်လိုဖြေရှင်းမလဲ'

မျက်မမြင်က အေးတိအေးစက်ဖြင့်...

'သူတို့ကိုအသက်ချမ်းသာပေးလိုက်တာပဲ၊ ကျုပ်ကိုကျေးဇူးတင်ရဦးမှာပါဗျာ'

‘ဩော် မင်းကဒီလိုလား၊ ကောင်းပြီလေ၊ ကျုပ်ရဲ့ရွှေခါး ကိုကျော်နိုင်ရင်တော့ မင်းဆက်သွားလို့ရမယ်၊ ဒါမှမဟုတ်ရင် သေဖို့သာပြင်ထားပေတော့’

စကားဆုံးလျှင် ရွှေခါးကို စွင့်ခနဲမြည်အောင် ဆွဲထုတ် လိုက်ကာ မျက်မမြင်ထံ ခုန်ဝင် တိုက်ခိုက်လိုက်လေတော့သည်၊

* * *

ရွှေခါး ကျင်းချူးသည် ထိပ်တန်း သိုင်းသမားကြီးတစ် ယောက် ဖြစ်လေသည်။

သူ၏တိုက်ကွက်များသည် ကြောက်မက်ဖွယ်ကောင်းအောင် ပြင်းထန်နေလေသည်။

သို့သော်...

မျက်မမြင်က ပွတီအာသီကာရှောင်တိမ်းလိုက်ပြီး ဘောင် ဝေးကို ဝှေ့ယမ်းကာ ပြန်လည်တိုက်ခိုက်လိုက်လေသည်။

လူငယ်ဓားသမားဝမ်ယုက တိုက်ကွက်ကိုသက်ပိုက် ကြည့် နေပါသည်။

ရွှေခါးကျင်းချူးသည် မျက်မမြင်ကို ဆုံးမနိုင်လိမ့်မည်ဟု ယုံကြည်ထားလေသည်။



သက်တွေ့တွင် မျက်မမြင်၏ တိုက်ကွက်ကြောင့် ကျင်းချူး သည်ပင် ဖရိုဖရဲဖြစ်လာသည်ကို တွေ့ရသောအခါ မျက်မှောင် ကြုတ်သွားလေသည်။

‘မျက်မမြင် မခေပါလား’

စိတ်ထဲ ကျိတ်ပြီး မှတ်ချက်ချမိလေသည်။

မျက်မမြင်၏ဘောင်ဝေးသည် မြွေဟောက်တစ်ကောင်အဖွယ် တွန့်လိမ် ဝှေ့ယမ်းကာ တိုက်ခိုက်နိုင်သလို ကျားပွတ်ကဲ့သို့လည်း သုံးနိုင်သည်။

ထို့အပြင်....

ဓားတစ်လက်ကဲ့သို့လည်း အသုံးပြုနိုင်သည်ကိုတွေ့ရ၏။

ထိပ်တန်းသိုင်းသမားတစ်ယောက်၏ လက်ထဲ၌ မြက်ဘစ်ပင် ကြိုးတစ်ချောင်းသည်ပင် ကြောက်မက်ဖွယ်ကောင်းသော လက် နက်တစ်ခုဖြစ်လာနိုင်သည်ဟု အဆိုရှိသည်မဟုတ်ပါလော။

ရွှေခါးကျင်းချူးသည် တဖြည်းဖြည်း နောက်ဆုတ်ပေးနေ ရ၏။

ရုတ်တရက်....

မျက်မမြင်သည် တိုက်ခိုက်မှုကိုရုပ်သိမ်းကာ နောက်သို့ခုန် ဆုတ်လိုက်ပြီး....

‘အဖြစ်မှန်ကို သေသေချာချာစုံစမ်းပါဗျာ၊ ပြီးမှဘာလုပ်ရ မယ်ဆိုတာ ဆုံးဖြတ်တာ မှန်လိမ့်မယ်’

ဟု ပြောလိုက်သည်။

ထို့နောက်....

ထွက်သွားရန် ဟန်ပြင်လိုက်လေသည်။

ရွှေခါးကျင်းချူးက အံကြိတ်ရင်း....

'သားမှ မပြောမနေနဲ့ မင်းကိုမဆုံးမရရင် ငါမကျေနပ်ဘူးကွ'

ဒေါသထကြီး အော်ငေါက်ကာ ခုန်ဝင်တိုက်ခိုက်လိုက်လေသည်။

မျက်မြင်သည် အသာအယာရှောင်တိမ်းလိုက်ပြီး ခြေတစ်ဖက်ဆန့်ထုတ်ကာ တန်းကျောက်လိုက်လေသည်။

ရွှေခါးကျင်းချူးမှာ မရှောင်နိုင်တော့ပါ။

'ဝုန်း'

ခြေကန်ချက်မိကာ အဝေးသို့လွင့်စဉ်သွားလေသည်။

မျက်မြင်သည် ရွှေခါးကျင်းချူးကို ဂရုမစိုက်တော့ဘဲ ထွက်သွားရန် ဟန်ပြင်လိုက်သည်။

လူငယ် ဓားသမားဝမ်ယု မနေနိုင်တော့ပါ။

'ရပ်လိုက်'

ဟန့်တားရင်း မျက်မြင်ထံ ခုန်ဝင်သွားလေတော့သည်။

❁ ❁ ❁



ငွေအပ်ရာဇာထင်းမင် (၀) မျက်မြင်သည် အဖြစ်အပျက်များကို ရှင်းလင်းပြောပြနေလေသည်။

မမျှော်လင့်ဘဲ အဘေးအဖွဲ့ကိစ္စလေးတစ်ခုမှ စကားပြဿနာကြီးထွားလာရသည်ကို သံဝေဂရနေလေသည်။

'ဓားသမားဝမ်ယုက ကျုပ်ကို မယှဉ်နိုင်ခဲ့ဘူး၊ ဒါကို သူက မကျေဘူးလေ၊ ရွှေခါးကျင်းချူးနဲ့ နှစ်ယောက်ပေါင်းပြီး တိုက်ခိုက်ကြတော့၊ သူတို့နှစ်ယောက်ဟာ ဘယ်လိုလူစားတွေဆိုတာ မင်းသိပါတယ်၊ ကျုပ်လဲ မတတ်နိုင်တဲ့နောက်ဆုံး ငွေအပ်ဓားတွေကို အသုံးပြုလိုက်ရတယ်၊ ရွှေခါးကျင်းချူး ဒဏ်ရာရသွားပေမယ့် ဝမ်ယုကတော့ ကံဆိုးသွားတယ်၊ ကျုပ်လဲ စိတ်ပျက်ပြီး ချန်အန်းကို မသွားတော့ဘူး၊ အဲဒီပြဿနာဟာ အေးတိအေးစက် ပြီးဆုံးသွားမှာမဟုတ်ဘဲ ရန်ငြိုးရန်စကြီးတစ်ခုလို ဖြစ်နေမယ်ဆိုတာ ဆင်ခြင်မိလို့ စိုးမှားလာပြီး ဇာတ်မြှုပ်နေတာ သိုင်းလောကကို စိတ်ကုန်ပါပြီဗျာ'

ဟု ပြောလေသည်။

ရေမြင်းလေးမှာ ရှောင်မာကို ကြည့်လိုက်သည်။

မျက်မြင်၏ စကားအရ အပြစ်မရှိကြောင်း သဘောပေါက်သွားလေသည်။

ဓားသမားဝမ်ယု သေဆုံးသွားသည့်ကိစ္စနှင့် ပတ်သက်ပြီး ရှောင်မာက မည်သို့ ဆုံးဖြတ်မည်နည်း။

မျက်မြင်က....

'ငါတော့ ပြောပြီးပြီ၊ ယုံတာမယုံတာ မင်းသဘောပဲ'

ဟု ပြောသည်။

ရွှောင်မာ ခေါင်းညိတ်လိုက်သည်။

'ကျုပ်ယုံပါတယ်'

'ဟင်'

မမျှော်လင့်သော စကား ကြားလိုက်ရလျှင် မျက်မမြင် ကြောင်အမ်းအမ်း ဖြစ်သွားလေသည်။

'မင်း....မင်း ယုံတယ် ဟုတ်လား'

'ဟုတ်တယ်'

'ဒါ....ဒါဆို'

'ကျုပ်က ခင်ဗျားကို အပြစ်မတင်တော့ပါဘူးဗျာ'

မျက်မမြင် ဝမ်းသာသွားလေသည်။

သူ၏ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွားသည်။

'ငါက ဒီလိုဖြစ်လာမယ်လို့ လုံးဝမထင်မိဘူး'

ဟု ပြောသည်။

ရှောင်မာက....

'ကျုပ်က ဝမ်ယုအတွက် တာဝန်ရှိတာ မှန်ပါတယ်၊ ဒါပေမယ့် ဆောင်မခြင်လုပ်ဖို့ ဘယ်တုန်းကမှ စိတ်မကူးဘူးဗျ'



မျက်မမြင်က....

'အင်း....ဒါကြောင့်လဲ မင်းဟာ သိုင်းလောကမှာ မင်းကို သိသူ မရှိသလောက် ကျော်ကြားနေတာပဲပေါ့'

ဟု မှတ်ချက်ချလေသည်။

ရှောင်မာက....

'ခင်ဗျားကိုလဲ သိုင်းလောကသားတွေက သိနေကြပါတယ်ဗျာ'

မျက်မမြင် ရယ်မောလိုက်သည်။

'ကျုပ်က ဒီလောက်လဲ မဟုတ်ပါဘူး'

'ဒါထက် ခင်ဗျား ဒီမြို့မှာ နေလာပြီးမှ ထူးဆန်းလျှို့ဝှက် လုပ်ရပ်တွေကို စောက်ပိုက်ကြည့်နေတာတော့ ကျုပ်နားမလည် နိုင်ဘူးဗျ'

ရှောင်မာ၏စကားကြောင့် မျက်မမြင်က....

'ကျုပ်က သူ့ကို ဆုံးမချင်ပါတယ်၊ ဒါပေမယ့် ကျုပ် ဓာတ်မြုပ်နေတာ ပေါ်သွားမှာကို စိုးရိမ်တဲ့အပြင် ဒေါ်သနဂါး လဲ ရှိနေသေးတော့ အစစအရာရာ ဆင်ခြင်နေရတာပေါ့ဗျာ'

'ဒေါ်သနဂါးဆိုတာက....'

မျက်မမြင်သည် ရှောင်မာ၏အမေးကို ဖြေရန် တန့်ပြင်လိုက် သည်။

ထို့စဉ်မှာပင်....

ဆူဆူညံညံအသံများ ထွက်ပေါ်လာပြီး လူတစ်စု ပြေး
လွှား ရောက်ရှိလာကြလေတော့သည်။

လွင်စာပေ
အမှတ် ၁၅/၁၃၈၊ ဗ ဝေး
တောင် ၄ မြို့
ရုံး ၂၁၄၉၉

## မကောင်းသူပယ်

ဆူဆူညံညံအသံများ ထွက်ပေါ်လာသည်။
ဇရပ်ရှေ့သို့ လူတစ်စု ရောက်ရှိလာလေသည်။
တုသင်းခေါင်းဆောင်သော သူဌေးကြီး၏ လူယုံသိုင်း
သမားများ ဖြစ်နေသည်။
ရှောင်မာ ပြုံးလိုက်သည်။
'ခင်ဗျား ဘာပြန်ပြီလား'
ဟု ပြောလိုက်သည်။
တုထင်းက....
'အေး... ဒီတစ်ခါ ခင်းကို ပြတ်ပြတ်သားသားဆုံးမဖို့ လာခဲ့
တာပဲ'

မကျေမနပ်ပြောလေသည်။

ရှောင်မာအာ....

'ကောင်းပြီလေ၊ ဘယ်သူက ဆုံးမနိုင်မလဲ ကြည့်ကြ၊ မင်းတို့လဲ မြို့က အမြန်ဆုံးထွက်သွားဖို့ ပြင်ပေတော့၊ ဆက်ပြီး မိုက်မဲနေကြဦးမယ်ဆိုရင် ကျုပ်က ချမ်းသာပေးတော့မှာ မဟုတ်ဘူး'

ဟု ခပ်ပြတ်ပြတ် ပြောလိုက်သည်။

အနက်ရောင် ဝတ်ထားကြသူများသည် မနေဝံ့ကြတော့ဘဲ ထွက်ပြေးရန် တာန်ပြင်လိုက်ကြလေသည်။

ထိုစဉ်....

'တား....တား....ဟား....'

ကျယ်လောင်သော ရယ်မောသံများ ထွက်ပေါ်လာလေသည်။

လှမ်းကြည့်လိုက်ကြသောအခါ လူငါးယောက် ရောက်ရှိလာကြသည်ကို တွေ့မြင်လိုက်ရလေတော့သည်။

* * *

လူငါးယောက် ရောက်ရှိလာကြသည်။



အဖိုးတန်ပိုးဖဲအင်္ကျီများ ဝတ်ဆင်ထားသူ တစ်ယောက်အား လူဆေးယောက်က ခြံရံကာ ရောက်ရှိလာကြခြင်းဖြစ်သည်။

ပိုးဖဲအင်္ကျီဝတ်ဆင်ထားသူမှာ ထိုက်ဝူးမြို့မှ ဒုစရိုက် ခေါင်းဆောင်ကြီး သူဌေးကြီးလျှူ ဖြစ်ပေသည်။

သူဌေးကြီးလျှူနှင့် လိုက်လာသူလေးယောက်မှာ မကြာသေးမီကမှ ခေါ်ထားသည့် ကြေးစားသိုင်းသမားများ ဖြစ်သည်။

ဓားသုံးဖော်ဆိုသည့် ကြေးစားသုံးယောက်သည် အရင်ရောက်ရှိလာကြပြီး သံဆက်ဝါးဆိုသူက မနေ့ကမှ ရောက်လာခြင်း ဖြစ်သည်။

ဓားသုံးလက်နှင့် သံဆက်ဝါးတို့သည် ကြေးစားလူသတ်သမားများဖြစ်ကြပြီး သူတို့၏လက်ချက်ကြောင့် အသက်ဆုံးရှုံးကြရသည့် သိုင်းသမားများ မနည်းတော့ချေ။

သူဌေးလျှူသည် ကြေးစားများ ရှိနေခြင်းကြောင့် အားတက် နေပါသည်။

ရှောင်မာအား ခြေဆုံးခေါင်းဆုံး ကြည့်လိုက်ပြီး....

'ခေါင်းမာတဲ့ကျားဆိုပြီး နာမည်ကြီးနေတော့ ကျုပ်က အဟုတ်ကြီး မှတ်နေတာ၊ လက်စသတ်တော့ မလောက်လေး မလောက်စား အောင်လေးတစ်ယောက်ကိုး'

ဟု နှိမ့်ချလာ ပြောလိုက်လေသည်။

ရှောင်မာက ဘာမှမပြောချေ။

အခုအချိန်သည် စကားပြောရမည့် အချိန်မဟုတ်ကြောင်း သဘောပေါက်ထားလိုက်သည်။

သူဌေးလျှို၏နံဘေးတွင် မြွေပွေးမြွေဟောက်ထက်ကြောက်စရာကောင်းသော ကြေးစားလူသတ်သမားများ ရှိနေသည် မဟုတ်ပါလား။

သူဌေးလျှိုက....

'ရှောင်မာ....ရှောင်မာ မင်းဘာသာ တခြားနေရာမှာ နေရင်ကောင်းသား၊ ထိုက်ဝူးမြို့ကို လာခဲ့တာ သေချင်လို့ပဲ ဖြစ်ရမယ်'

ဟု ပြောလေသည်။

ရှောင်မာမှာ မလှုပ်မယှက်ရပ်နေဆဲ။

ဇချပ်ပေါ်မှ ကြည့်နေသည့် မြင်းလေးသည် ကြောက်ရွံ့ထိတ်လန့်ကာ အသားများပင် တဆတ်ဆတ်တုန်ယင်နေပါတော့သည်။

မျက်စမြင်က ငြိမ်နေ၏။

ထွက်ပေါ်နေသော စကားသံများ အသံဗလံများကို သေသေချာချာ နားစွင့်နေဟန်ရှိလေသည်။

သူဌေးလျှိုသည် ရှောင်မာကို အထင်သေးစွာ ပြောလိုက်ပြီးမှ –



'ကဲ... ဓားသုံးဖော် ဒီကောင့်ကိုဆုံးမလိုက်ပေတော့'

ဟု ပြောလိုက်လေသည်။

ဓားသုံးဖော်သည် ငွေမျက်နှာတစ်ခုတည်းကို ကြည့်သူများ ဖြစ်လေသည်။

သူဌေးလျှို ငွေအမြောက်အမြားပေးကာ ငှားရမ်းထားသည်ဖြစ်ရကား....

'ယား'

ဩသံပေးရင်း ခုန်ထွက်လာကြလေသည်။

ရှောင်မာကို တြိဂံပုံ ဝိုင်းရံထားလိုက်ကြသည်။

ရှောင်မာပြုံးလိုက်သည်။

'မင်းတို့သုံးယောက်ကြောင့် ဒုက္ခရောက်ရသူတွေ မနည်းတော့ဘူး....၊ ဒီကနေ့ ငါနဲ့လာတွေ့တာ ကံဆိုးတာပဲ'

ဟု ပြောလိုက်၏။

ဓားသုံးဖော် ဒေါသထွက်သွားကြလေသည်။

'ဘယ်သူကံဆိုးမလဲ ကြည့်ကြသေးတာပေါ့'

ဟု အော်ခေါက်ရင်း ဓားကိုယ်စီနှင့် စတင်တိုက်ခိုက်လိုက်ကြလေသည်။

ရှောင်မာလည်း ချက်ချင်း ပြန်လည် တိုက်ခိုက်လိုက်လေတော့သည်။

* * *

ဓားသုံးဖော်သည် ဓားပညာတော်သလို အတွေ့အကြုံရှိကျက်သော သိုင်းသမားများ ဖြစ်လေသည်။

ရှောင်မာသည် ခေသူမဟုတ်ကြောင်း သဘောပေါက်ထားကြသဖြင့် မပေါ့ဆဝံ့ဘဲ သတိကြီးစွာထားလျက် တိုက်ခိုက်ကြခြင်းဖြစ်သည်။

သူတို့၏ဓားကွက်များသည် ကြောက်မက်ဖွယ် ကောင်းအောင် ပြင်းထန်နေလေသည်။

တစ်ယောက်ကဝင်ရောက်တိုက်ခိုက်လိုက်ပြီးသည်နှင့် နောက်တစ်ယောက်က တိုက်ခိုက်ရန် အသင့်ဖြစ်နေသည်။

သုံးယောက်သား အချက်ကျကျ တစ်ယောက်တစ်လှည့်စီဝင်ကာ တိုက်ခိုက်ကြသလို သုံးယောက်ပေါင်း၍လည်း တိုက်စစ်ဆင်ကြလေသည်။ တိုက်ပွဲများ အလွန်ပြင်းထန်နေပါသည်။

ရှောင်မာသည် ခြေနှစ်ဖက်ကို လျင်မြန်စွာ ရွှေ့လျားရင်း ခန္ဓာကိုယ် ယိမ်းနွဲ့ကာ ရှောင်တိမ်းရင်း တစ်ချက်တစ်ချက် ပြန်လည်တိုက်ခိုက်နေပါသည်။



သူက ပြန်လည်တိုက်ခိုက်လိုက်ရာ တစ်ချက်ဆိုလျှင်တစ်ချက် ဆိုသလောက် ထိရောက်မှုရှိပြီး ဓားသုံးဖော်၏ သိုင်းကွက် ပျက်ပျက်သွားလေသည်။

ဓားသုံးဖော်သည် ရှောင်မာအား လွယ်လွယ်ကူကူအနိုင်ရမည်မဟုတ်ကြောင်း တစ်စထက်တစ်စ သဘောပေါက်လာကြသည်။

ထို့ကြောင့်....

'ယား....'

ဩသံပေးကာ သုံးယောက်သား ပြိုင်တူခုန်ဝင်လိုက်ကြပြီး ဓားများဖြင့် ဝှေ့ယမ်းတိုက်ခိုက်လိုက်ကြသလို လက်နက်ပုန်းများဖြင့်လည်း ပစ်ခတ်လိုက်ကြလေသည်။

ရှောင်မာ မည်သို့မျှ ရှောင်တိမ်းနိုင်ခြင်းမရှိအောင် အစွမ်းကုန် တိုက်ခိုက်လိုက်ကြခြင်း ဖြစ်လေသည်။

သူတို့၏တိုက်ကွက်ကြောင့် ရှောင်မာ သေဆုံး သွားရတော့မည်ဟု ရေမြင်းလေး ထင်မှတ်သွား၏။

'အစ်ကိုကြီးတော့ ဒုက္ခပါပဲ'

ငိုသံပါလေးဖြင့် ညည်းညူမိလိုက်လေသည်။

ထိုစဉ်မှာပင်....

'အား....'

'ဝုန်း...'

'အမယ်လေး...'

စူးရှသော အော်ဟစ်သံများ ထွက်ပေါ်လာသည်။

ရှောင်မာအား တိုက်ခိုက်လိုက်ကြသော ဓားသိုးဖော်သည် မြေပေါ် ဝုန်းခနဲ ဝုန်းခနဲ လဲကျသွားကြသည်ကို တွေ့မြင်လိုက်ရလေတော့သည်။

✱ ✱ ✱

'အား...'

ရေမြင်းကလေး လွှတ်ခနဲအော်လိုက်သည်။

မြင်ကွင်းကို မယုံကြည်နိုင်အောင် ဖြစ်သွား၏။

ရှောင်မာလဲကျသွားရမည့်အစား ဓားသိုးဖော်သည် မြေပေါ်လဲကျနေကြပြီ မဟုတ်ပါလား....။

သူတို့၏ရင်ဝ၌ ဓားမြှောင်တစ်လက်စီစိုက်ဝင်နေ၏။

အမှန်တော့...

သူတို့သည် လက်နက်ပုန်းများ ဓားမြှောင်များဖြင့် ရှောင်မာကို ပစ်ခတ်လုပ်ကြံခဲ့ကြခြင်း ဖြစ်လေသည်။

သို့သော်....



ရှောင်မာက လက်နက်ပုန်းများကို ဖမ်းယူကာ ပြန်လည်ပစ်ခတ်လိုက်ခြင်းကြောင့် သုံးယောက်သား မရှုမလှ ခံလိုက်ရခြင်းဖြစ်ပေတော့သည်။

ရှောင်မာသည် ဘေးမသီရန်မခတဲ ရန်သူကို အနိုင်ရယူလိုက်သည်ကိုတွေ့ရလျှင် ရေမြင်းလေး ဝမ်းသာသွားလေတော့သည်။

'ဒါမှ အစ်ကိုကြီးကွ'

ဟု အော်ဟစ်လိုက်သည်။

မျက်မမြင် သက်ပြင်းသဲ့သဲ့ချလေသည်။

ရှောင်မာကို အထင်သေးစဆား ဆိုခဲ့သည့် သူဌေးလျှုမှာ အသံတိတ်နေပြီ ဖြစ်သည်။

မြူးကျယ်သော မျက်လုံးအစုံဖြင့် ရှောင်မာကို အထိတ်တလန့် ကြည့်နေသည်။

ထိုစဉ်....

သံလက်ဝါးက ရှေ့သို့ ခုန်ထွက်ကာ ရှောင်မာနှင့် ရင်ဆိုင်လိုက်လေသည်။

သံလက်ဝါးသည် အသက် လေးဆယ်ခန့် ရှိပြီး ဥပဓိရုပ်ကောင်းသူ ဖြစ်သည်။

ခန္ဓာကိုယ် ကြံ့ခိုင်ထန်စွမ်းပြီး လက်နက်တစ်စုံတရာ ဆောင်ထားခြင်း မရှိချေ။ သူဌေး လျှုက အားတက်သွားပြီး....

'သံလက်ဝါး၊ သူ့ကို ဆုံးမလိုက်စမ်းပါ၊ ကျုပ်တော့ ငွေဝါ
သောင်း အပိုဆုအဖြစ် ချီးမြှင့်မယ်'

ဟု အော်ပြောလိုက်လေသည်။

ရှောင်မာ ပင့်သက်ရှိုက်လိုက်သည်။

'လက်စသတ်တော့ သံလက်ဝါးလို့ နာမည်ကြီးနေတာ
နောင်ကြီး ချန်းစိန်ကိုး'

ဟု ရေရွတ်လိုက်လေသည်။

သံလက်ဝါး ခေါင်းညိတ်လိုက်သည်။

'ခေါင်းမာတဲ့ကျားကို နှိမ်နင်း ပေး ရမယ် ဆိုကတည်းက
မင်းနဲ့ ရင်ဆိုင်ရမယ်ဆိုတာ ငါသိနေပါတယ်ကွာ'

သူတို့နှစ်ယောက် တစ်ယောက်ကိုတစ်ယောက် သိနေကြသည်
ကို တွေ့ရလျှင် သူဌေးလျူ မျက်နှာပျက်သွားလေသည်။

'သံလက်ဝါး၊ မင်းက ခေါင်းမာတဲ့ကျားကို သုတ်သင်
ရှင်းလင်းပေးမယ်ဆိုပြီး ကျုပ်ဆီက ငွေဘစ်သိန်း ယူသွားတယ်
မဟုတ်လား၊ ခုတော့ ဘယ်လိုဖြစ်ပြန်တာလဲ'

ဟု အော်ပြောလေသည်။

သံလက်ဝါးက သူဌေးလျူဘက် လှည့်ကာ....

'ကျုပ်အလုပ်ကို ကျုပ် သိတယ်၊ ခင်ဗျား ပါးစပ်ပိတ်ထား
လိုက်စမ်း'



ဟု ငေါက်လိုက်သည်။

သူဌေးလျူ ဘာမှထပ်မပြောရဲတော့ချေ။

သံလက်ဝါးက ရှောင်မာဘက် ပြန်လှည့်လိုက်၏။

ရှောင်မာက....

'နောင်ကြီးချန်းစိန်ရဲ့ အာမခံဌာနမှာ ပစ္စည်းတွေပျောက်
ဆုံးခဲ့လို့ ပြဿနာတွေ ဖြစ်ပေါ်ခဲ့တယ်ဆိုတာ ကျွန်တော်ကြား
လိုက်ပါသေးတယ်၊ အဲဒီဘုန်းက ခရီးလွန်နေလို့ နောင်ကြီး
ဆီကိုရောက်မလာနိုင်ခဲ့ဘူး'

ဟု ပြောလိုက်သည်။

သံလက်ဝါးက....

'ဟုတ်တယ်၊ ကျုပ်ရဲ့လူယုံတွေက ကျုပ်မသိအောင် တိတ်
တဆိတ်ခိုးယူထွက်ပြေးသွားကြတာပဲ၊ အာမခံပစ္စည်းတွေကသိန်း
ပေါင်းသုံးဆယ်လောက် တန်ဖိုးရှိတယ်၊ ကျုပ်ပိုင်ဆိုင်တဲ့ပစ္စည်း
အားလုံး ထိုးပေးတာတောင် မကျေနိုင်ဘူး၊ သိုင်းလောကတစ်ခု
လုံးက ကျုပ်ကို ပြစ်တင်ရှုံ့ချကြတယ်၊ ဆေးဖော်ကြောဖက်
မလုပ်ကြတော့ဘူး။ ကျုပ်ဟာ လူမွဲသုံးလုံး ဖြစ်သွားရတဲ့ အပြင်
နာမည်ပါပျက်ရတယ်၊ ပစ္စည်းပိုင်ရှင်ပေးဖို့ ကျန်နေသေးတဲ့ငွေ
ကို အဘင်းတောင်းတယ်၊ ကဲကျုပ်ဘာလုပ်မလဲ'

ရှောင်မာ စိတ်မကောင်းဖြစ်သွားလေသည်။

မမျှော်လင့်သော အကြောင်းကိစ္စတစ်ခုသည် လူကောင်းတစ်ယောက်အား လူဆိုးတစ်ယောက်ဘဝသို့ တွန်းပို့လိုက်ပြဖဟုတ်ပါလော။

သံလက်ဝါးက…

'မင်းကို ငါခင်ပါတယ်၊ ဒါပေမယ့် မင်းကိုသာငါက သတ်သင်ရှင်းလင်းပစ်နိုင်ခဲ့မယ်ဆိုရင် ငါ့ရဲ့ဈေးနှုန်း မြင့်တက်သွားမယ်လေကွာ'

မှန်ပေသည်။

ခေါင်းမာတဲ့ကျား ရှောင်မာကို သုတ်သင်ပယ်နိုင်ခဲ့လျှင် နောင်အခါ သံလက်ဝါးကို ငှားရမ်းလိုပါက ငွေအမြောက်အမြားပုံပေးကာ ငှားရမ်းရတော့မည်ဖြစ်ပေသည်။

သံလက်ဝါး၏ အကျိုးဆောင်ရှက်ခဈေးနှုန်းသည် အ
မထန် မြင့်တက်သွားပေလိမ့်မည်။

ရှောင်မာက…

'နောင်ကြီးက ဒီဘဝမှာပျော်ပိုက်သွားမယ်လို့ ကျုပ်မထင်မိခဲ့ဘူး'

ဟု ပြောလိုက်သည်။

သံလက်ဝါးက…

'အခြေအနေပေးသလိုဝါနေတတ်ပါပြီကွာ၊ ငါဟာ အ
ဌာန ခေါင်းဆောင်ဘဝနဲ့ နေချင်တယ်၊ ဒါပေမယ့် ကြေး



အလုပ်က ပိုပြီးအကျိုးပေးတယ်၊ ဝါဟာ ကြေးစားဘဝနဲ့ ရပ်တည်ရမယ့်လူဆိုတာ ငါနားလည်နေပြီလေ'

ရှောင်မာက…

'ကြေးစားဘဝဆိုတာ မကောင်းပါဘူးဗျာ'

'ကောင်းတယ် ဆိုးတယ်ဆိုတာ ဘယ်လိုသတ်မှတ်ရမလဲ၊ ငါမသိတော့တာ ကြာပြီကွ'

ရှောင်မာသည် သံလက်ဝါးအား ဖျောင်းဖျ၍ ရနိုင်တော့မည် မဟုတ်ကြောင်း နားလည်လိုက်လေသည်။

သံလက်ဝါးက…

'ကဲ… ငါ့အလုပ်ကို ငါ တာဝန်ကျေအောင် လုပ်တော့မယ်၊ မင်း သတိထားပေတော့'

စကားဆုံးလျှင် လက်ဝါးစောင်းနှစ်ဖက်ဖြင့် စတင်တိုက်ခိုက်လိုက်လေတော့သည်။

* * *

သံလက်ဝါး၏ တိုက်ခိုက်မှုမှာ ကြောက်မက်ဖွယ်ကောင်းအောင် ပြင်းထန်လှပေသည်။

သူ၏ သံလက်ဝါးတိုက်ကွက်သည် အုတ်နံရံကိုပင် ပြိုကျသွားစေနိုင်လောက်အောင်အစွမ်းရှိကြောင်း ရှောင်မာ ကောင်းစွာ သဘောပေါက်ထားသည်။

ထို့ကြောင့်...

ထိပ်တိုက်ရင်ဆိုင်ခြင်းမပြုဘဲ ခန္ဓာကိုယ် ယိမ်းနွဲ့ကာ ရှောင်တိမ်းပေးနေရလေသည်။

'ယား'

သံလက်ဝါးက ငြာသံပေးကာ တရကြမ်း တိုက်ခိုက်နေ၏။

ရှောင်မာ လဲကျသွားတော့မှ သူ၏တိုက်ခိုက်မှု ရပ်တန့်သွားမည် ဟူသော သဘောရှိလေသည်။

ရှောင်မာသည် ရှောင်တိမ်းရင်း တဖြည်းဖြည်း အခက်ကြုံလာလေသည်။

ကြာရှည် ရှောင်တိမ်းနေနိုင်မည်မဟုတ်ဘဲ တစ်ချိန်မဟုတ် တစ်ချိန်တွင် သံလက်ဝါး၏ လက်ချက်ဖြင့် ဒုက္ခရောက်ရလိမ့်မည်ဟု နားလည်ထားသည်။

ထို့ကြောင့် မလွှဲမရှောင်သာတော့ဘဲ ပြန်လည်တိုက်ခိုက်ရလေသည်။

ဇယ်ဆက်သလို ခုတ်ချလာသော သံလက်ဝါး၏ လက်ဝါးစောင်း ခုတ်ချက်များကြားသို့ လျှပ်တစ်ပြက် တိုးဝင်လိုက်သည်။

ဘေးလွတ်အောင် နောက်ဆုတ်ရှောင်ရမည်ကို မရှောင်ဘဲ ရှေ့သို့ ဇွတ်တိုးဝင်လိုက်သည်မှာ အန္တရာယ် များလှပေသည်။



သံလက်ဝါး၏ လက်ဝါးစောင်းခုတ်ချက်တစ်ချက် ခံလိုက်ရပါလျှင် ဒုက္ခရောက်သွားနိုင်သည် မဟုတ်ပါလား။

သံလက်ဝါးကိုယ်တိုင်ပင် ရှောင်မာက နောက်မဆုတ်ဘဲ ရှေ့သို့ ဇွတ်တိုးဝင်လာခြင်းကြောင့် ရင်ထိတ်သွားလေသည်။

အတွေ့အကြုံ ရင့်ကျက်သူပီပီ သူ့အသက်ကိုပင် ရင်ဆိုင်ရတော့မည်ဖြစ်ကြောင်း နားလည်လိုက်၏။

ထို့ကြောင့်....

'ယား'

ညာဘက်လက်ဝါးစောင်းတွင် ပို၍အားစိုက်ကာ ခုတ်ချလိုက်လေသည်။

ရှောင်မာသည် သူ၏ လက်ဝါးစောင်းနှစ်ဖက် ခုတ်ချက်ကြား၌ ရောက်ရှိနေပါသည်။

ညာဘက် လက်ဝါးစောင်းမှာ ဘယ်ဘက်ထက်ပို၍ အားပြင်းကြောင်း သတိပြုမိလိုက်လျှင် ခန္ဓာကိုယ်ကြုံ့ကာ ဘယ်ဘက်သို့ ယိုင်လိုက်၏။

သံလက်ဝါး၏ ဘယ်လက်ဝါးစောင်းသည် သူ၏ပခုံးပေါ် ကျရောက်လာလေသည်။

ထိုတစ်ဒင်္ဂအချိန်အတွင်းမှာပင် လူချင်းနီးကပ်သွားပြီဖြစ်ရာ ရှောင်မာက ဦးခေါင်းဖြင့် သံလက်ဝါး၏ ရင်ဘတ်ကို ဆောင့်ချလိုက်လေသည်။

'ဝုန်း'

'ဝုန်း'

ကျယ်လောင်သောအသံများ ထွက်ပေါ်လာလေသည်။

ရှောင်မာသည် ဧယီးဧယိုင်ဖြင့် နောက် ဆုတ်သွား၏။

သူ၏ဝဲဘက်ပခုံးမှာ နိမ့်ဆင်းနေသည်။

ထိုနည်းတူ....

သံအက်ဝါးဆည်လည်း နောက်သို့ သုံးလေးလှမ်းခန့် ဆုတ်သွားကာ....

'ဝေါ့'

ပါးစပ်ထဲမှ သွေးများ အန်ထုတ်လိုက်သည်။

ထို့နောက်....

'ဖုတ်....'

မြေပေါ် လဲကျကာ မလှုပ်မယှက် ဖြစ်သွားလေတော့သည်။

* * *

ထူငွေးကြီးလျှူ အကူအညီ ပေါ်ထေးသည့် ကြေးစား လူသတ်သမား လေးယောက်လုံး မြေပေါ် လဲကျနေကြပြီ ဖြစ်လေသည်။



တုထင်းနှင့် အနက်ရောင် ဝတ်ဆင်ထားကြသူများမှာလည်း ထွက်ပြေးကုန်ကြပြီ ဖြစ်လေသည်။

ထခု....

သူငွေးကြီးလျှူသည် ရှောင်မာ၏ရှေ့တွင် အကာအကွယ် ဆင်းမဲ့စွာဖြင့် တင်ယောက်ဘည်း ကျန်ရစ်ခဲ့လေသည်။

ရှောင်မာက....

'ခင်ဗျား ဘာမှမတတ်နိုင်တော့ပါဘူး'

ဟု ပြောလိုက်သည်။

သူငွေးလျှူ မျက်နှာပျက်သွားသည်။

'ကျုပ်....ကျုပ်ကို ချမ်းသာပေးပါကွာ'

ရှောင်မာက ခေါင်းညိတ်လိုက်သည်။

'စိတ်ချ၊ ကျုပ်က မခုခံနိုင်တဲ့လူကို ဘာမှ မလုပ်ပါဘူး။ တစ်ခုတော့ ရှိသယ်၊ ကျုပ်စကားကို ခင်ဗျား နားထောင်ရမယ်'

သူငွေးလျှူက....

'ပြောပါကွာ၊ ကျုပ် နားထောင်ပါ့မယ်'

'ကောင်းပြီ၊ ခုချိန်ကစပြီး ခင်ဗျား ပိုင်ဆိုင်တဲ့စီးပွားရေး လုပ်ငန်းတွေကို အလုပ်သမားတွေကို လွှဲပြောင်းပေးလိုက်ရမယ်။ ခင်ဗျားပိုင်တဲ့ ပစ္စည်းဥစ္စာ အားလုံးကို ဆင်းရဲနွမ်းပါးတဲ့လူတွေ

ကို ဝေခြမ်းပေးရမယ်၊ မီဘမဲ့ဂေဟာ ဘိုးဘွား ရိပ်သာ ဘုံကျောင်းတွေကို လှူပစ်ရမယ်'

ရှောင်မာ စကားအတိုင်းဆိုလျှင် သူဌေးလျှူသည် အဝတ်တစ်ထည် ကိုယ်တစ်ခုသာ ကျန်ပေတော့မည်။

ရှောင်မာက...

'ကဲ....ခင်ဗျား အသက်စွန့်မလား၊ ပစ္စည်းဥစ္စာတွေကို စွန့်မလား ကြိုက်တဲ့လမ်းရွေးပါ'

သူဌေးလျှူ ခေါင်းငိုက်စိုက်ကျသွားသည်။

'ကျုပ် ပစ္စည်းတွေကို စွန့်ပါ့မယ်'

ဒုစရိုက်လုပ်ငန်းများဖြင့် မတရား ရရှိထားသည့် ပစ္စည်းဥစ္စာများကိုစွန့်ဖို့ ဝန်လေးနေသော်လည်း အသက်နှင့်ယှဉ်လာသောအခါ မတတ်နိုင်ဘဲ သဘောတူလိုက်ရလေသည်။

ရှောင်မာက...

'ကောင်းပြီ၊ ခင်ဗျား အတိအတိုင်း အခု ချက်ချင်း ဆောင်ရွက်ပေတော့....'

ဟု ပြောလိုက်သည်။

* * *



ခေါင်းမာတဲ့ကျား ရှောင်မာ....

ရှောင်မာသည် ရောက်လေရာ အရပ်တိုင်းတွင် မကောင်းမှု ဒုစရိုက်လုပ်ငန်းများကို ချေမှုန်း ဖြိုခွဲပစ်ခဲ့သည်ချည်း ဖြစ်လေသည်။

ယခုလည်း....

ထိုက်ဝူးမြို့မှ ဒုစရိုက်လုပ်ငန်းပေါင်းစုံ လုပ်ကိုင်သည့် သူဌေးလျှူကို ချေမှုန်းလိုက်ပြီ ဖြစ်ပါသည်။

သူဌေးလျှူသည် ပစ္စည်းဥစ္စာ အားလုံးကို စွန့်လွှတ်လိုက်ရသည်။

ထို့ကြောင့်....

စိတ်ဖောက်ပြန်ကာ ရူးသွပ်သွားပြီး ချောင်ထဲ ခုန်ဆင်းကာ ကိုယ့်ကိုယ်ကို အဆုံးစီရင်သွားလေတော့သည်။

ထိုက်ဝူးမြို့တွင် ဒုစရိုက်လုပ်ငန်းများ ကင်းစင်သွားသည်။

ဆင်းရဲနွမ်းပါးသူများ အထိုက်အလျောက် ပြေလည်သွားသည်။

သူဌေးလျှူ မတရားအပိုင်စီးခဲ့ကြသော စီးပွားရေးလုပ်ငန်းများသည် အမှန်တကယ် လုပ်ကိုင်သည့် အလုပ်သမားများ လက်ထဲရောက်လေသည်။

ဤသို့ဖြင့်....

ရေမြင်းလေးသည်လည်း စားသောက်ဆိုင်လေးတစ်ဆိုင်၏ ပိုင်ရှင်ဖြစ်လာလေတော့သည်။

မိတ်ဆွေ

---

ရေမြင်းလေးသည် စားသောက်ဆိုင်လေးတစ်ဆိုင်၏ ပိုင်ရှ
ထံသို့ ရောက်ရှိသွားလေသည်။

ထို့ကြောင့်....

ဆိုင်ကိုအသစ်ပြန် ဖွင့်မဖွင့်မီ ကျေးရွာတော၌ ထားရစ်ခဲ့
သည့် မိခင်ဖြစ်သူကိုခေါ်ဖို့ ခရီးထွက်သွားလေသည်။

ရှောင်မသည် ဇာချပ်ဘွဲ့မခံနေရတော့ပါ။

ထိုက်ဝူးမြို့တွင် ရှောင်မာကိုကျေးမွေးပြုစုလိုသူများ အလျှံ
ပယ် ဖြစ်နေတော့သည်။

ရှောင်မာက အခွင့်အရေးယူတတ်သောလူ မဟုတ်ပါ။



သူ၏ဆောင်ရွက်ချက်များသည် မတရားဖိနှိပ်ခံနေရသူများ ဒုက္ခရောက်နေသူများအတွက်သာ ဖြစ်ပါသည်။

သူ၏ကိုယ်ကျိုးအတွက် တစ်ပြားတစ်ချပ်ပင်ရယူခြင်းမရှိပေ။

မည်သို့ဆိုစေ....

သူ၏စေတနာကြောင့် သူ့အား ကျေးမွေးပြုစုလိုသူများ ပေါများလာ လိုလေသေးမရှိ ပြည့်စုံနေလေတော့သည်။

ထိုက်ဝူးမြို့တွင် ဒုစရိုက်မှုများကို အမြစ်ပြတ်ချေမှုန်းလိုက်ခြင်းကြောင့် ဘယ်သောအခါမှ ပြန်လည်ခေါင်းထောင်လာတော့မည် မဟုတ်တော့ချေ။

ထိုက်ဝူးမြို့သည် ထာဝရ သာယာလှပနေတော့မည်ဖြစ်လေသည်။

* * *

စားသောက်ဆိုင်ထဲ၌ လူရှင်းနေ၏။

ရှောင်မာက အရက်တစ်အိုးနှင့် ပဲပြားကြော်တစ်ပွဲကို စားသောက်နေလေသည်။

တစ်ယောက်တည်းထိုင်ကာ စားသောက်နေရခြင်းကြောင့် ပျင်းရိသလို ခံစားနေရသည်။

ရေမြင်းလေးသည်လည်း ပြန်ရောက်မလာသေးပါ။

ရှောင်မခသည် အရက်သောက်ရင်း....

'အင်း....ပြဿနာလေးတစ်ခုရှင်းပြီးရင်တော့ ငါဒီကထွက်သွားလို့ရပါပြီ'

ဟု တီးတိုးရေရွတ်လိုက်လေသည်။

သူသည် ခြေထောက်တွင် ဗေွပါသူဟု ဆိုနိုင်ပါသည်။

ဘယ်သောအခါမှ နေရာဌာနတစ်ခုတွင် အချိန်ကြာမြင့်စွာ ကြာရှည်နေလေ့မရှိခဲ့ပါ။

တစ်နေရာမှတစ်နေရာ ပြောင်းရွှေ့သွားလာနေခဲ့သည်ချည်း ဖြစ်လေသည်။

သူ၏ခံယူချက်သည် ဒုက္ခရောက်နေသူများကို ကူညီမည်၊ မတရားသူများ၊ မကောင်းမှုဒုစရိုက် လုပ်ငန်းလုပ်ကိုင်နေသူများကို ချေမှုန်းနှိမ်နင်းမည်ဟူ၍ မဟုတ်ပါလား။

ထိုက်ဝူးမြို့တွင် ဒုစရိုက်လုပ်ငန်းများကို ချေမှုန်းပြီးလျှင် အခြားတစ်နေရာသို့ သွားရပေဦးမည်။

မကောင်းမှုဒုစရိုက်လုပ်ငန်းများ ရှိနေသမျှ ကာလပတ်လုံး ရှောင်မာတ ဆုံးသောခရီးကို နှင်နေရဦးမည်သာဖြစ်ပါသည်။

ရှောင်မာတွင် ဖြေရှင်းစရာကျန်နေသေးသည့် ကိစ္စများမှာ ချည်သည့်ကိစ္စဖြစ်ပါသနည်း။



ရှောင်မာအရက်သောက်နေစဉ် လူတစ်ယောက်သည် ခြေသံပြင်းပြင်းနင်းကာ ဆိုင်ထဲဝင်ရောက်လာသည်။

ထိုလူမှာ နားထိုင်းကြီးဖြစ်ပါသည်။

* * *

နားထိုင်းကြီးသည် ခြေသံပြင်းပြင်းနင်းကာ ဆိုင်ထဲဝင်ရောက်လာသည်။

ရှောင်မာထံသို့ တည့်တည့်မတ်မတ်လှမ်းလာပြီး....

'တို့နှစ်ယောက် မြို့ပြင်ကိုသွားပြီး စာရင်းရှင်းလိုက်ရင်ကောင်းမယ်'

ဟု ပြောလိုက်လေသည်။

ရှောင်မာက အရက်ခွက်ကိုချကာ နားထိုင်းကြီးကို မော့ကြည့်လိုက်၏။ နားထိုင်းကြီးသည် အလွန်စိတ်လှုပ်ရှားနေသည့် အသွင်သဏ္ဌာန်ရှိနေသည်ကို တွေ့ရလေသည်။

ရှောင်မာ ပြုံးလိုက်သည်။

'အေးအေးဆေးဆေးပေါ့ဗျာ၊ ထိုင်ပါဦး၊ အရက်သောက်ရင်း ပြောလို့လဲရပါတယ်'

နားထိုင်းကြီးသည် ရှောင်မာနှုတ်မေးလှုပ်သည်ကိုကြည့်ကာ ရှောင်မာပြောလိုက်သည့်စကားကို နားလည်ပုံရလေသည်။

'မင်းသေတော့ပဲ'

ဟု ပြောပြီး ခုံအစ်လုံးဆွဲအော ရှောင်မာနှင့် မျက်နှာချင်းဆိုင် ထိုင်ချလိုက်လေသည်။

ရှောင်မာက....

'သောက်ပါဦး'

အရက်တစ်ခွက် ငှဲ့ပေးလိုက်သည်။

နားထိုင်းကြီးက အရက်ခွက်ကိုယူအော တစ်ရှိန်ထိုး မော့ချလိုက်သည်။

ပြီးလျှင်....

'မင်းက ထိုက်ဝူမြို့က မကောင်းမှုဒုစရိုက် လုပ်ငန်းတွေကို အမြစ်မကျန် ဖြိုဖျက်ပစ်လိုက်တာပဲ'

ဟု ပြောလိုက်လေသည်။

ရှောင်မာ ပြုံးလိုက်သည်။

'ကျုပ် ဘယ်နေရာကို ရောက်ရောက် ဒီလိုဖြစ်အောင် ကြိုးစား အားထုတ်ခဲ့တာချည်းပါပဲဗျာ'

နားထိုင်းကြီးက...

'ဒါပေမယ့် မင်းလုပ်ရပ်တွေက မပြည့်စုံသေးဘူးကွ'

ရှောင်မာက...

'ဘာဖြစ်လို့လဲ'



'ထိုက်ဝူမြို့မှာ ဒုစရိုက်သမားတစ်ယောက် ကျန်နေသေးလို့ပဲ'

'ဘယ်သူလဲဗျ....'

သူမေးလိုက်သောအသံသည် စိတ်မပါလှကြောင်း ထင်ရှားနေလေသည်။

နားထိုင်းကြီး ရင်ကော့ကာ....

'ငါပဲ'

ဟု ပြောလေသည်။

ရှောင်မာပြုံးလိုက်သည်။

'ခင်ဗျားတာ ဒုစရိုက်သမား ဟုတ်လား'

နားထိုင်းကြီးက....

'သိပ်ဟုတ်တာပေါ့၊ သိုင်းလောကတစ်ခုလုံး အော့နှလုံးနာကြတဲ့ ဒေါသနဂါး ချီလုံ ဆိုတာ ငါပဲ'

'ဩ....'

ဒေါသနဂါးသည် တစ်ချိန်က သိုင်းလောက၌ နာမည်ဆိုးဖြင့် ကျော်ကြားခဲ့သော သိုင်းသမားဆိုးကြီး တစ်ယောက်ဖြစ်လေသည်။

ဒေါသအလွန်ကြီးပြီး ထစ်ခနဲဆိုလျှင် တိုက်ခိုက်ဖို့စိတ်ကူးတတ်သူဖြစ်သည်။

သူ၏ဒေါသကြောင့် အရှားပေါင်းများစွာ ကျူးလွန်မိခဲ့ပြီး သိုင်းလောကတစ်ခုလုံး အောင့်နှလုံးနာသည့် သိုင်းသမားဆိုးကြီး ဘဝ ရောက်ခဲ့ရပေတော့သည်။

နားထိုင်းကြီးက....

'ကဲ... ငါ့ဘယ်သူလဲဆိုတာ ခင်းသိပြီမဟုတ်လား၊ ထိုက်ဝူးမြို့မှာ မကောင်းသူတွေကို ဖယ်ရှားပစ်ချင်ရင် ငါ့ကိုချန်ထားလို့ မရဘူး....'

ဟု ပြောလိုက်လေသည်။

ရှောင်မဲ့ာက....

'ခင်ဗျားမရှိလို့ ဘယ်ဖြစ်မလဲဗျ'

'ဘာကွ...'

'ဈေးသည်တွေ ကုန်သည်တွေက ကျုပ်ကိုအပြစ်တင်ကြမှာပေါ့'

'ဟင်...မင်း....မင်း...'

နားထိုင်းကြီး ပါးစပ်အဟောင်းသား ဖြစ်သွားလေတော့သည်။

သူသည် ထိုက်ဝူးမြို့တွင် အထမ်းသမားအဖြစ် လုပ်ကိုင်စားသောက် နေထိုင်ခဲ့သူဖြစ်သည်။



သူက မညည်းမညူ လုပ်ကိုင်ပေးပြီး ပေးသလောက်သာ ယူတတ်သဖြင့် ဈေးသည်များ ကုန်သည်များက နှစ်သက်သဘောကျကြပေသည်။

ခိုင်းစရာရှိလျှင် နားထိုင်းကြီးကို အတိရတတ်ကြသည်။ ကျွေးစရာရှိလျှင်လည်း သတိရတတ်ကြပေသည်။

နားထိုင်းကြီးသည် ရှောင်မာကို မျက်လုံးကြီး ပြူးကာ ကြည့်လိုက်ပြီးလျှင်....

'မင်း....ခင်းက'

'ကျုပ် သိတာက ခင်ဗျားဟာ အထမ်းသမား နားထိုင်းကြီးပဲဗျ'

ရှောင်မာက....

'ကဲ...သောက်လိုက်ပါဦးဗျာ'

နောက်ထပ် အရက်တစ်ခွက် ငှဲ့ပေးလိုက်သည်။

ယခုတစ်ကြိမ်....

နားထိုင်းကြီးက မသောက်သေးဘဲ ရှောင်မာကိုမော့ကြည့်လိုက်ပါသည်။

ရှောင်မာက ပြုံးပြလိုက်လျှင်....

'မင်းက ငါ့ကို တကယ်ပဲ အထမ်းသမားတစ်ယောက်လို့ သဘောထားတာလား'

ဟု မေးလိုက်သည်။

ရှောင်မာက....

'ကျုပ်ကတော့ ဒီလိုပဲ မြင်တာပဲ၊ ကျုပ်တင်မကပါဘူး၊ ထိုက်ဝူးမြို့ တစ်မြို့လုံးက ဒီအတိုင်း မြင်ကြတာပါပဲခင်လေ'

နားထိုင်းကြီးက နောင်တရသော အသံဖြင့်....

'ဒေါ်သနုဂါးဆိုတာ သေဆုံးသွားပါပြီကွာ၊ ကုန်ထမ်းသမား နားထိုင်းကြီး ဆိုတာပဲ ရှိပါတော့တယ်'

ဟု ပြော၏။

ရှောင်မာက....

'ကျုပ် ယုံပါတယ်ဗျာ'

နားထိုင်းကြီးက....

'ကျုပ်က ဒေါ်သကို မထိန်းနိုင်ခဲ့ဘူး၊ ထစ်ခနဲဆို ကိုယ်ထိလက်ရောက် လုပ်လိုက်ချင်တယ်၊ ကြာတော့ လူတွေက ကျုပ်ကို မုန်းလာတယ်၊ ကျုပ်ကလဲ အရှဲ့တိုက်ပြီး ပိုဆိုးပြခဲ့မိတယ်၊ ဒါပေမယ့် ကိုယ်တွေ့ကြုံလိုက်မှ အကောင်းအဆိုး ဝေဖန်ပိုင်းခြားလာနိုင်တော့တယ်၊ ကျုပ် အခုဖြစ်လို့ ဒီမြို့ကို ရောက်လာပြီး ကုန်ထမ်းသမား ဖြစ်နေခဲ့တယ်ဆိုတာ မင်း သိသလား'

ရှောင်မာက ဘာမှမပြောဘဲ နေလိုက်သည်။

နားထိုင်းကြီး အဘယ်ကြောင့် နောင်တတရားရကာ စိတ်ထား ပြောင်းလဲသွားခဲ့သည်ကို သူ မသိပါ။



သို့သော်...

နား ထိုင်းကြီးက ပြောပြလိမ့်မည်ဟု ယုံကြည်ထားလေသည်။

အမှန်ပင်....

နားထိုင်းကြီးသည် အရက်ခွက်ကိုယူကာ မော့ချလိုက်ပြီး စိတ်လိုလက်ရ ပြောပြလာလေတော့သည်။

❁

ဒေါ်သနှင့်နေခင်ထ

---

လုရှန်မြို့။

လုရှန်မြို့၏တောင်ဘက်တွင် ရှေးဟောင်းဘုံကျောင်း တစ်[ခု] ရှိသေးသည်။

ထိုဘုံကျောင်းနံဘေး၌ သေးငယ်သော်လည်း သပ်သပ်ရပ်ရပ်ရှိသော အိမ်လေးတစ်လုံး ရှိနေသည်။

ထိုအိမ်လေးမှာ နာမည်ကျော် ထမားတော် ဟူန်၏အိမ် ဖြစ်ပါသည်။

ထမားတော် ဟူန်သည် သခင်ဘာမနေနားအောင်ပြီး ဆေ[း] စွမ်းထက်သည့် စေတနာ ထမားတော် ဖြစ်ချေသည်။



ထို့ကြောင့်....

ဒေါ်သနဂါး ချီလုံသည် ဒဏ်ရာ ဗလပွဖြင့် ရောက်ရှိလာသောအခါ လက်ခံပြီး ဆေးကုသပေးခဲ့လေသည်။

ချီလုံ ဒဏ်ရာရခဲ့သည်များ အကြောင်း ရှိပါသည်။

လုရှန်မြို့အဝင်ရှိ စားသောက်ဆိုင်တစ်ဆိုင်တွင် သိုင်းသမားအချို့နှင့် ခိုက်ရန် ဖြစ်ပွားခဲ့ခြင်းကြောင့် ဖြစ်သည်။

စားသောက်ဆိုင်တွင် စားသောက်ဖွယ်ရာ အပြိုင်အဆိုင်မှာကြားရင်း ချီလုံသည် ဒေါသမထိန်းနိုင်ဘဲ စတင် ရန်ပြုခဲ့ခြင်း ဖြစ်လေသည်။

သိုင်းသမား ဆယ့်လေးယောက်နှင့် တစ်ယောက် ရင်ဆိုင်ခဲ့ရသည်။

သိုင်းသမား ဆယ့်လေးယောက်စလုံးကို အလဲအကွဲတိုက်ခိုက်နိုင်ခဲ့သလို သူလည်း ဒဏ်ရာဗလပွရကာ ထမားတော် ဟူန်ထံ ရောက်ရှိခဲ့ခြင်း ဖြစ်လေသည်။

ထမားတော်ဟူန်က စေတနာမေတ္တာဖြင့် ကုသပေးခဲ့ပါသည်။

သို့ဖြင့်....

သုံးရက်အတွင်း ချီလုံ ထူထူထောင်ထောင် ဖြစ်လာသည်။

ချီလုံ သက်လာသသည့်အချိန်မှာပင် ကြေကွဲဖွယ် ဖြစ်ရပ်များ ပေါ်ပေါက်ခဲ့လေတော့သည်။

မိုးစင်စင်လင်းလာသည်နှင့် ချီလုံ အိပ်ရာမှ နိုးလာလေသည်။

မျက်လုံးဖွင့်ပြီးသည်နှင့် ဒဏ်ရာ အခြေအနေကို စစ်ဆေးကြည့်လိုက်သည်။

သူ၏ဒဏ်ရာများအား သိသိသာသာကြီး သက်သာနေပြီ ဖြစ်လေသည်။

'အင်း... ဆရာတော်ကြီးသာ ကိုယ်ဖိရင်ဖိ ကုသမပေးဘူး ဆိုရင် မလွယ်ဘူး၊ အသက်အန္တရာယ် မထိခိုက်တောင် ဒုက္ခိတ ဖြစ်သွားနိုင်တယ်'

ဟု ဆင်ခြင်မိကာ သခင်တော်ကြီး ဟုန်ကို ကျေးဇူးတင်မိလေသည်။

ထို့အပြင်...

'ငါ ဒီမှာ ကြာကြာ ဆက်နေလို့မဖြစ်ဘူး၊ ဒီကုံနေ့ပဲ ထွက်သွားတာပဲ ကောင်းမယ်'

ဟု ဆုံးဖြတ်ချက်ချမိသည်။

ခုတင်ပေါ်မှ လူးလိမ့်ဆင်းကာ အခန်းအပြင်ဘက် ထွက်လာခဲ့၏။



အခန်းအပြင်ဘက်ရောက်လျှင် သခင်တော် ဟုန်သည် လူတစ်စုနှင့် စကားပြောဆိုနေသည်ကို တွေ့ရလေသည်။

ထိုလူများသည် ချီလုံ ထွက်လာသည်ကိုမြင်လျှင် ပို၍ လှုပ်လှုပ်ရှားရှား ဖြစ်လာကြလေသည်။

လက်ညှိုး ငေါက်ငေါက်ထိုးကာ ဒေါသတကြီး အော်ပြောလာကြလေသည်။

ချီလုံ ရင်ထိတ်သွားလေသည်။

နားထိုင်းနေခြင်းကြောင့် စကားသံများကို မကြားရသော်လည်း မျက်မှောင်ကြုတ်ကာ သေသေချာချာ အကဲခတ်ကြည့်လိုက်လျှင် နှုတ်ခမ်းလှုပ်ပုံကိုကြည့်ကာ...

'သူဟာ လူဆိုးကြီးတစ်ယောက်ပဲဗျ'

'သူ့ကို ကျုပ်တို့ လက်ထဲအပ်ပါ'

'သူ့ကို ဆုံးမရမယ်'

ဟု တစ်ယောက်တစ်ပေါက် ပြောနေကြကြောင်း ထောက်လိုက်ရလေသည်။

ချီလုံ ဒေါသထွက်သွားလေသည်။

'တောက် ... သူတို့တာ ငါ့ကို ဒုက္ခပေး ချင်နေကြတာကိုး သိကြသေးတာပေါ့'

စိတ်ထဲမှ ကြုံးဝါးရင်း ရှေ့သို့ တစ်ဟုန်ထိုးပြေးသွားကာ...

'ဘယ်ကောင်လဲကွ၊ ငါ့ကိုဆိုးမယ်လို့ပြောတာ'

အောင်ငေါက်ရင်း ဆိုးမည်ဟုပြောခဲ့သူကို ဆောင့်ဆွဲကာ ကိုင်ပေါက်ပစ်လိုက်လေသည်။

ထိုလူမှာ ကြက်ငယ်လေးငှက်ကလေးပမာ ချိုလုံလက်ထဲပါ သွားပြီး ကိုင်ပေါက်ခြင်းခံလိုက်ရလေတော့သည်။

'ဝုန်း....'

'အား....'

ထိုလူ မြွေလှုံခံလိုက်ရသည်ကိုမြင်လျှင် ကျန်လူများ မဲ့ မရပ်နိုင်ဖြစ်သွားပြီး လက်နက်ကိုယ်စီဆွဲထုတ်ကာ....

'တိုက်ကြဟေ့....'

ဗြောသံပေးကာ စိုင်း၍တိုက်ခိုက်လာကြလေတော့သည်။

သမားတော် ဟုန်၏အိမ်ထဲ၌ ပြင်းထန်စွာ တိုက်ပွဲကြီး ရုတ်ခြည်းပေါ်ပေါက်လာလေတော့သည်။

ချိုလုံအား သမားတော်ဟုန်က ထောက်ခံပြီး ဆေးကုသပေး နေသည်ကို သိရှိသွားကြသော မြို့ခံသိုင်းသမားများသည် စု ရောက်ရှိလာကြခြင်း ဖြစ်သည်။

မြို့အဝင်ရှိ စားသောက်ဆိုင်၌ ဖြစ်ပေါ်ခဲ့ကြသော တိုက် ကြောင့်လည်းကောင်း၊ သိုင်းလောက၌ နာမည်ဆိုးတွင်နေခြ ကြောင့်လည်းကောင်း ချိုလုံကို လက်မခံလိုကြချေ။



ချိုလုံသည် အများသူငါကို ဒုက္ခပေးမည့်သူ မလိုလားအပ်သူဟု သဘောပိုက်ထား ရောက်လာကြခြင်းဖြစ်သည်။

ချိုလုံသည် အလွန်ထွားကျိုင်းသန်မာလှပီပီ ဓားနှစ်ဖက် ဝေ့ယမ်းပြီး....

'သတ္တိရှိရင်လာကြစမ်း'

အသံဝါကြီးဖြင့်အော်ကာ ရန်ကြမ်း တိုက်ခိုက် လိုက်လေသည်။

သူ၏လက်ဝါးရိုက်ချက်ကြောင့် မြို့ခံသိုင်းသမားများအနား မကပ်နိုင်ကြဘဲ တစ်ယောက်ပြီးတစ်ယောက် လွင့်စဉ်ကုန်ကြလေသည်။

သမားတော်ဟုန်သည် ရှင်၏အိမ်ထဲ၌ သွေးထွက်သံယိုတိုက်ပွဲ ဖြစ်ပေါ်လာခြင်းကြောင့် အလွန် စိတ်ထိခိုက်သွားလေသည်။

သမားတော်တစ်ယောက်၏ အိမ်ဂေဟာနှင့် တိုက်ပွဲသည် လား လားလားမှ ဆက်ဆိုင်ခြင်းမရှိပါချေ။

'တော်ကြပါတော့ကွယ်'

တကြော်ကြော် အော်ဟစ်တောင်းပန်နေလေသည်။

သို့သော်....

ရှင်၏တောင်းပန်မှုကို မည်သူမျှ ဂရုစိုက်ဘဲ ဆက်၍တိုက်ခိုက်နေကြလေသည်။

သမားတော်ဟုန်သည် ချီလုံအား စေတနာထားပြီး ဆေး
ကုပေးခဲ့သည့်အလျောက်....

'မောင်ရင် တော်ပါပေ့ကွယ်၊ ကျုပ်ဖြေရှင်းပေးပါမယ်'

တောင်းပန်ရင်း ချီလုံထံသို့ ပြေးသွားလိုက်၏။

ချီလုံမှာ ဒေါသခြောင်းခြောင်း ထွက်နေသည်ဖြစ်ရ
သမားတော်ဟုန် ပြေးဝင်လာသည်ကို ရန်သူဟုအထင်မှားကာ

'သွားစမ်း....'

လက်ဝါးဖြင့် ဆီး၍ရိုက်ချလိုက်လေသည်။

'ဝုန်း....'

'အား....'

စူးရှကျယ်လောင်သောအသံများ ထွက်ပေါ် လာလေသည်
သမားတော် ဟုန်သည် အဝေးသို့လွင့်စဉ်သွားကာ ကြမ်း
ပြင်ပေါ် လဲကျသွားလေသည်။

'ဟာ... သမားတော်ကြီး ထိသွားပြီဟေ့'

'တော်တော် ရက်စက်တဲ့လူ'

'ကိုယ့်ကျေးဇူးရှင်ကိုတောင် ပြန်ပြီး တိုက်ခိုက်ရက်တယ်'

မြို့ခံသိုင်းသမားများ တစ်ယောက်တစ်ပေါက် အော်ဟစ်
လိုက်ကြလေသည်။



တွက်ကိုဏ်စကားသံများကို ချီလုံကြားပါ၏။

သို့သော်....

သူ့ကိုယ်ပါးစပ်လှုပ်သည်ကိုကြည့်ကာ အဓိပ္ပာယ်ကို နားလည်
လိုက်လေသည်။

မျက်လုံးကြီးပြူးသွားပြီး ကပျာကယာ လှမ်းကြည့်လိုက်
သောအခါ သမားတော်ကြီး ဟုန်သည် ကြမ်းပြင်ပေါ်၌
ပက်လက်ဖြစ်နေသည်ကို တွေ့လိုက်ရလေသည်။

'ဟာ....'

ချီလုံ အထိတ်တလန့် အော်လိုက်မိသည်။

သူ၏ လက်ဝါးရိုက်ချက် မည်မျှပြင်းထန်ကြောင်း သူ
ကိုယ်တိုင် အသိဆုံးဖြစ်သည်။

သူ၏လက်ဝါးရိုက်ချက် ခံလိုက်ရသော သမားတော်ဟုန်
သည်....

ချီလုံ၏ဦးခေါင်းများ အိုးထိန်းစက်ကဲ့သို့ ခြာခြာလည်သွား
လေသည်။

'ငါမှားပြီ'

ချက်ချင်း မှားပြီဟူသောအသိဝင်လာသည်။

သမားတော်ဟုန်ထံ ပြေးသွားဝံ့ပါ။

မြို့ခံသိုင်းသမားများက တိုက်ခိုက်ရန် ပြေးလာကြသည်။

ချီလုံ မနေနိုင်တော့ဘဲ...

'ယား'

ငြာသံပေးကာ ကြမ်းပြင်ပေါ် ခြေဆောင့်ကာ ပြတင်းပေါက်မှ တစ်ဆင့် အပြင်တက်ခုန်ထွက်လိုက်သည်။

ထို့နောက်...

တစ်ဟုန်ထိုး ပြေးထွက်သွားတော့သည်။

*　　　*　　　*

နားထိုင်းကြီး ထက်ပြင်းချလိုက်သည်။

'ကျုပ်... ဘယ်လောက်ကြာအောင် ပြေးနေမိမှန်းမသိဘူး။ ကျုပ်သတိရလာတော့ ဒီမြို့ကိုရောက်နေပြီ၊ အဲဒီအချိန်ကစပြီး ဒေါသနဂါး ချီလုံဆိုတဲ့ဘဝ ပျောက်ပြီး ကုန်းထမ်းသမား နားထိုင်းကြီးပေါ်လာတာပါပဲ'

ဟု ပြောလေသည်။

ရှောင်မာက...

'ရော့ သောက်လိုက်ပါဦးကွာ'

ဟု ပြောကာ အရက်တစ်ခွက် ငှဲ့ပေးလိုက်ပြန်သည်။



နားထိုင်းကြီးက အရက်သောက်ချလိုက်ပြန်သည်။

'မင်း... ထိုက်ဝူးမြို့ကို ရောက်လာတာ ကျုပ်ကိုတိုက်ရှာနေတာလို့ ကျုပ်ထင်မိတယ်'

ရှောင်မာက ခေါင်းခါယမ်းလိုက်သည်။

'ခင်ဗျား မှားသွားပြီဗျ'

နားထိုင်းကြီးက...

'မင်းတကယ် ပြောတာလား'

'တကယ်ပါဗျာ'

နားထိုင်းကြီးက...

'ထိုက်ဝူးက ဒုစရိုက်ခေါင်းဆောင် သူဌေးလျှိုကို ဆုံးမပေးမယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ လာခဲ့တာပေါ့'

ရှောင်မာက ထပ်မံခေါင်းခါယမ်းလိုက်သည်။

'မဟုတ်ဘူးဗျ'

'ဟင်...'

'သူဌေးလျှိုလိုလူစားမျိုးတွေမှာ ဒီမြို့မြို့အနှံ့မှာရှိနေတာကြီးပဲ၊ သေသေချာချာတွေးရင် ထူးဆန်းပါဘူးဗျာ'

'ဒါဆို... မင်းဘာကြောင့် ထိုက်ဝူးကိုလာခဲ့တာလဲ'

ရှောင်မာသည် ခြေသလုံ အိမ်တိုင် သွားလာနေသူဖြစ်၍ ထိုဘိုးမြို့သို့ရောက်လာသည်မှာ ထူးဆန်းသောကိစ္စမဟုတ်ချေ၊

သို့သော်....

ရှောင်မာက သူရောက်လာရသည့် အကြောင်းရင်းကို ပြောလိုက်သောအခါ ထူးဆန်းသွားလေတော့သည်၊

'ကျုပ် လူတစ်ယောက်ကို ရှောင်တိမ်းထွက်ပြေးရင်း ဒီကို ရောက်လာတာပါဗျာ'

* * *

နားထိုင်းကြီး ပါးစပ်အဟောင်းသား ဖြစ်သွားလေသည်၊

ခေါင်းမာတဲ့ကျားရှောင်မာသည် အကြောက်အလန့်ကင်းမဲ့သူ၊ အသက်ကိုပဓာနမထားသူ ဖြစ်ကြောင်း သိုင်းလောကတစ်ခုလုံး သိရှိထားကြလေသည်။

တစ်စုံတစ်ခု ပြုလုပ်တော့မည်ဆိုလျှင် မည်သို့သောအခက်အခဲ အန္တရာယ်ရှိသည်ဖြစ်စေ နောက်မဆုတ်ဘဲ ခေါင်းမာစွာ ဇွတ်တိုးလုပ်တတ်သူလည်း ဖြစ်သည်။

ခေါင်းမာတဲ့ကျား ရှောင်မာအား လူတစ်ယောက်အား ရှောင်တိမ်းထွက်ပြေးနေရသည်ဆိုသော စကားမှာ မိုးပြိုကျသည်ဆိုသော စကားထက်ပင် အံ့သြဖွယ် ကောင်းပေတော့သည်။



နားထိုင်ကြီးသည် ရှောင်မာ၏မျက်လုံးကြီးပြူး၍ ကြည့်ကာ မည်သို့ပြောရမှန်းမသိဖြစ်သွားလေသည်။

ထိုစဉ်....

'ဒေါက်... ရှပ်ရှပ်... ဒေါက်... ရှပ်ရှပ်'

မြည်သံများ ထွက်ပေါ်လာသည်။

လူတစ်ယောက်သည် တောင်ဝှေးကိုထောက်ကာ ခြေရှပ်တိုက်လျှောက်ရင်း ဆိုင်ထဲဝင်လာသည်ကို တွေ့မြင်လိုက်ရ၏။

ရှောင်မာသည် မျက်လုံးသူငယ်အိမ် ဖျတ်ခနဲ လှုပ်ရှားသွားသည်ကိုသတိပြုမိလိုက်သည့် နားထိုင်းကြီးက ချက်ခနဲ လှည့်ကြည့်လိုက်လေသည်။

ထိုအခါ....

ဆိုင်ထဲဝင်လာသည့် မျက်မမြင်(ဝါ)ငွေအင်ရာဇာ ထင်မင်းကို တွေ့လိုက်ရလေသည်။

မျက်မမြင်က....

'ကျုပ်ဆာ အရက်ဆိုင် ဆယ့်သုံးဆိုင်တိတိ ရှာပြီးပြီ၊ ဒီဆိုင်မှာရော ခေါင်းမာတဲ့ကျား ရှိသလား'

ဟု အော်မေးလာလေသည်။

ရှောင်မာက ပြုံးလိုက်သည်။

'ရှိပါတယ်ဗျာ၊ ခင်ဗျားလိုက်ရှာနေမှန်းသိလို့ ကျုပ်က ဒီမှာ အေးအေးဆေးဆေး ထိုင်နေမိတာပါ'

ဟု ပြောလိုက်သည်။

သူ၏အသံကြားလျှင် မျက်မမြင်သည် ချက်ချင်းပင် တန်းတန်းမတ်မတ် လှမ်းသွားလေတော့သည်။

နားထိုင်းကြီးက မလှုပ်မယှက် ထိုင်နေ၏။

မျက်မမြင်သည် အနီးသို့ရောက်သောလျှင် နားထိုင်းကြီး၏ အသက်ရှူသံကို ကြားသွားပြီး....

'ဪ....မင်းမှာ ညှော်သည်ရှိနေတာကိုး'

ဟု ပြောကာ ခြေလှမ်းရပ်လိုက်လေသည်။

ရှောင်မာက....

'တခြားလူ မဟုတ်ပါဘူး၊ မိတ်ဟောင်းဆွေဟောင်းတွေပါ အေးအေးဆေးဆေး ထိုင်ပါဦးဗျာ'

ဟု ပြောလိုက်သည်။

မျက်မမြင်က လက်ဆန့်ထုတ်ကာ ခုံကိုစမ်းပြီး အကျအန ထိုင်ချလိုက်လေသည်။

ရှောင်မာက....

'အရက်သောက်လိုက်ပါဦးဗျာ'



အရက်တစ်ခွက် ငှဲ့ပေးလိုက်လေသည်။

မျက်မမြင်က အရက်ခွက်ကိုယူကာ....

'ကျုပ်က ဒီတစ်ခွက်သောက်ပြီးရင် ကျုပ်တိုက်တဲ့အရက်ကို မင်းပြန်သောက်ရမယ်'

ဟု ပြောလေသည်။

ရှောင်မာအား ပြုံးလိုက်သည်။

'နေပါဦး၊ ကျုပ်ကို ဘာကြောင့် အရက်တိုက်ချင်ရတာလဲဗျ'

မျက်မမြင်က....

'နှုတ်ဆက်အရက်လေ၊ မင်း ဒီက ထွက်သွားတော့မယ်ဆိုတာ ငါ မရိပ်မိဘူး ထင်နေလို့လား'

ရှောင်မာ ရယ်မောလိုက်သည်။

'ကျုပ်က ခြေသလုံးအိမ်တိုင်ထားပဲဗျာ၊ ဘယ်နေရာမှာမှ အတည်တကျ မနေတတ်ဘူးဗျ'

'ငါသိပါတယ်၊ ထိုသ်ဝူမြို့က ဒုစရိုက်မှုတွေကို ဖြိုဖျက်ပြီးတာနဲ့ အနေနုနဲ့အမြန် မင်းသွားမှာပဲ'

'ဒါ အမှန်ပါပဲဗျာ'

မျက်မမြင်က....

'မင်းကို နှုတ်ဆက်အရက် တိုက်ချင်တဲ့အပြင် မင်းကို စကား တစ်ခွန်းလဲ လက်ဆောင်ပါးလိုက်ချင်သေးတယ်ကွ'

'ပြောပါဗျာ'

မျက်မမြင်က အလွန်တည်ကြည်သော မျက်နှာထားဖြင့်...

'သိုင်းလောကထဲမှာ ခြေထလုံးအိမ်တိုင် လျှောက်သွားပြီး ဒုစရိုက်မှုတွေကို ချေမှုန်းနေတာထက် ပိုပြီးလေးနက်တဲ့ ကိစ္စ တစ်ခုကို အာရုံစိုက်စေချင်တယ်'

'ဘာကိစ္စလဲဗျာ'

'ငွေချိတ်'

ရှောင်မာ မျက်မှောင်ကြုတ်သွားလေသည်။

'ငွေချိတ် ဟုတ်လား'

'ဟုတ်တယ်၊ ငွေချိတ်ဆိုတဲ့ စကားလုံးဟာ အင်မတန် လျှို့ဝှက် နက်နဲတယ်၊ အခြင်းအရာရဲ့ သဘောကို ဆောင်တယ်လို့ ပြောနိုင်တယ်'

ရှောင်မာ ငိုင်သွားသည်။

ငွေချိတ်....

ငွေချိတ်ဆိုသော စကားလုံးနှင့် ပတ်သက်ပြီး ကြုံတွေ့ခဲ့ရ သော အဖြစ်အပျက်တစ်ခုကို ဖျတ်ခနဲ သတိရလာလေတော့ သည်။

* * *



ည...

ကောင်းကင်ပေါ်၌ လခြမ်းပဲ့လေးသာရှိနေပါသည်။

ကြယ်လေးများ မလင်းတစ်လှည့် လင်းတစ်လှည့် ဝင်းလက် တောက်ပနေသည်။

ကြယ်ရောင်လရောင်သည် နက်ရှိုင်းသော အမှောင်ထုကို ထိုးဖောက်ရန် မစွမ်းသာပါ။

ပတ်ဝန်းကျင်တွင် အမှောင်ရိပ်များ ကြီးစိုးနေလေသည်။

ညဉ့်အမှောင်ထုအောက်တွင် 'ပညာရှိ လွှစုဆင်း'၏အိမ် ဂေဟာသည် တိတ်ဆိတ်ငြိမ်သက်နေလေသည်။

ပညာရှိလွှစုဆင်းသည် သိုင်းလောကတွင်ထင်ရှားသော စာ ပေ ပညာရှင်ကြီး ဖြစ်လေသည်။

ရှေးဟောင်းစာပေကျမ်းဂန်များကို ထုံးလိုချေရေလိုနှောက် နိုင်သူလည်း ဖြစ်သည်။

သိုင်းပညာတော်သလို စာပေပညာကျွမ်းကျင်သဖြင့် နေလို လလို ထင်ရှားသည့် ဆရာကြီးတစ်ဆူ ဖြစ်လေသည်။

ပညာရှိ လွှစုဆင်းထံသို့ ရှောင်မာသည် အဆည်အပတ် ရောက်လာသောအခါ ပြဿနာရပ်တစ်ခုနှင့် ကြုံတွေ့ရလေ သည်။

ပညာရှိ လွှစုဆင်းသည် ရှောင်မာကို ဝမ်းသာအားရ ကြို ဆိုရင်း....

'ခေါင်းမာထဲ့ကျားအေး၊ စင်းရောက်လာတာနဲ့ အခတော်ပဲ၊ ငါ့မှာ ပြဿနာတစ်ခု ကြုံနေရတယ်ကွ'

ဟု ခရီးရောက်မဆိုက် ပြောလိုက်လေသည်။

ရှောင်မာသည် ပြဿနာပေါင်းစုံနှင့် နပန်းလုံးနေရသူ ဖြစ်သည့်အတိုင်း စိတ်ဝင်စားသွားပြီး...

'ဘယ်လိုပြဿနာများလဲကွာ၊ ကျွန်တော့်ကို ပြောပါဦး'

'အေး...ပြောတာပေါ့၊ လာ စာဖတ်ခန်းထဲ သွားရအောင်'

လေ့စုဆင်းသည် ရှောင်မာအား သူ၏ စာဖတ်ခန်းထဲသို့ ခေါ်ဆောင်သွားလေသည်။

စာဖတ်ခန်းထဲရောက်သျှင် နေရာထိုင်ခင်းပေးရင်း သေသေ ချာချာ သိမ်းဆည်းထားသော စာတစ်စောင်ကို ထုတ်ယူသော...

'ရော့... ဒီစာကိုဖတ်ကြည့်'

ရှောင်မာက ယူကာဖတ်လိုက်လေသည်။

စာထဲ၌...

'ပညာရှိ လေ့စုဆင်း ကျုပ်တို့အဖွဲ့တွင် ဝင်ရောက် တာဝန် ထမ်းဆောင်ပါ၊ ချီးမြှင့်ချီးမြှောက်စားခြင်း... မည်၊ သို့မဟုတ်ဘဲ ငြင်းပယ်မည်ဆိုလျှင် သေ... အပြစ်ပေးခြင်း ခံရမည်....။

ပုံ...
ငွေချိတ်...။



ဟု ရေးထားသည်ကိုတွေ့ရလေသည်။

ရှောင်မာက စာကို လေ့စုဆင်းထံ ပြန်ပေးယင်း....

'ခြိမ်းခြောက်သားတာပဲ'

ဟု ပြောလိုက်သည်။

လေ့စုဆင်းခေါင်းညိတ်ကာ...

'ဟုတ်တယ်၊ ကျုပ်တော့ ဘယ်လိုမှ စဉ်းစားလို့မရအောင် ဖြစ်နေတယ်၊ ငွေချိတ်ဆိုတာဘယ်သူလဲ၊ ကျုပ်လဲမသိဘူး....၊ ခင်းဗျာ'

'ကျွန်တော်လဲမသိဘူး၊ ဒါပေမယ့် လျှို့ဝှက် အဖွဲ့အစည်း တစ်ခုရဲ့ နာမည်ပဲ ဖြစ်နိုင်တယ်'

လေ့စုဆင်းက....

'ဒါဆိုရင်တော့ ငွေချိတ်အဖွဲ့ဟာ ပေါ့ပေါ့တန်တန် သဘောထားလို့ မရဘူးဆိုတာ သင်္ချာနေပြီပဲ'

ဟု မှတ်ချက်ချလိုက်လေသည်။

မှန်ပေသည်....။

ပညာရှိလေ့စုဆင်းအား ခြိမ်းခြောက်ရဲသည်မှာ တော်တန်ရုံ သတ္တိဖြင့် မဖြစ်နိုင်ပေ။

လေ့စုဆင်းသည် ကိုယ်တိုင်က သိုင်းပညာတော်ပြီး မိတ်ဆွေ အပေါင်းအသင်းများလှသည် မဟုတ်ပါလား။

လေ့စုဆင်းအား ဒုက္ခပေးရန် ကြံစည်လျှင် စိစိညက်ညက်ကြေမှုန်းခံရမည်ဖြစ်ကြောင်း သိုင်းလောကသားတိုင်း နားလည်ထားကြလေသည်။ လေ့စုဆင်းက....

'ရော့.... ဟောဒီစာကို ဖတ်ကြည့်ဦး'

နောက်ထပ် တစ်စောင် ထုတ်ပေးလိုက်၏။

ရှောင်မားက ယူကာ ဖတ်ကြည့်လိုက်သည်။

စာထဲ၌....

'လေ့စုဆင်း....'

သုံးရက်အတွင်း အကြောင်းပြန်ပါ။

ငွေချိတ်....။

ဟု ရေးထား၏။

ရှောင်မာ ပြုံးလိုက်သည်။

'သူတို့က ကိုယ့်ကိုယ်ကို အထင်ကြီးလွန်းနေပြီလို့ ကျွန်တော်ထင်တယ်'

ဟု ပြောလိုက်သည်။

လေ့စုဆင်းက....

'ကျုပ်က ဂရုမစိုက်သလို နေလိုက်တယ်လေ၊ ရော့ နောက်တစ်စောင် ဖတ်ကြည့်ဦး'



တတိယမြောက်စာကို ရှောင်မာ ဖတ်ကြည့်လိုက်သည်။

စာထဲ၌....

'လေ့စုဆင်း....

အဆုတ် သုံးရက်နေ့ဟာ ခင်ဗျား၏ နောက်ဆုံးနေ့ပဲ....'

ငွေချိတ်

ဟု ရေးထား၏။

ရှောင်မာက....

'အဆုတ်သုံးရက်ဟာ ဒီနေ့ပဲ....'

'ဟုတ်တယ်လေ၊ ဒါကြောင့် ကျုပ်အိမ်မှာ တစ်ညတည်း ခိုဖို့ မင်းကို ပြောခဲ့တာပေါ့'

'ဟာ....သိပ်ကောင်းတာပေါ့'

ရှောင်မာက သဘောတူလိုက်သည်။

လေ့စုဆင်းနှင့် ရှောင်မာတို့သည် အိမ်သားများကို ရှောင်ခိုင်းပြီး နှစ်ယောက်သား တစ်အိမ်လုံး အလှမ်းချကာ ခြိမ်းခြောက်ထားသည့် ငွေချိတ်ကို ထိုင်စောင့် နေခဲ့ကြလေတော့သည်။

* * *

'ဝုတ်....ဝုတ်...ဝုတ်...'

ရုတ်တရက် ခွေးဟောင်သံ၊ ခွေးအူသံ ထွက်ပေါ်လာလေသည်။

အမှောင့်ထဲ ထိုင်နေသော ရှောင်မစနှင့် လွှစုဆင်းတို့ လှုပ်လှုပ်ရှားရှား ဖြစ်သွားကြလေသည်။

လွှစုဆင်းက....

'လာကြပြီ ထင်တယ်'

ဟု တိုးတိုးပြောလေသည်။

ရှောင်မာက....

'ကောင်းတယ်၊ မြန်မြန်လာတော့ ပိုကောင်းတာပေါ့'

ထို့နောက်....

'ဝုန်း....'

ကျယ်လောင်သော အသံကြီး ထွက်ပေါ်လာလေသည်။

လွှစုဆင်းက....

'သူတို့ အိမ်ရှေ့တံခါးကို ရိုက်ချိုးဖျက်ဆီးလိုက်ကြပြီ'

ဟု ပြောလေသည်။

ရှောင်မာ သက်ပြင်းချလိုက်သည်။

'သူတို့က ခိုးကြောင် ခိုးဝှက် မလုပ်တာကို ချီးကျူးရမယ် ဖြစ်နေပြီ၊ ကျွန်တော်တို့ မီးထွန်းလိုက်ရင် ကောင်းမယ်'



လွှစုဆင်း သဘောတူလေသည်။

'ကောင်းသားပဲ'

ချက်ချင်း မီးအိမ်ထွန်းညှိလိုက်သည်။

မီးရောင် ထွက်ပေါ်လာသည်နှင့် တစ်အိမ်လုံး လင်းလင်းကျင်းကျင်း ဖြစ်လာလေသည်။

ထိုအခါ...

အိမ်ရှေ့တံခါးကြီးကို ရိုက်ချိုးဖျက်ဆီးကာ ဝင်လာသူ သုံးယောက်ကို တွေ့လိုက်ရလေသည်။

ထိုလူသုံးယောက်သည် ငွေရောင် အဝတ်အစားများ ဝတ်ဆင်ထားကြသည်။ သူတို့၏ခါး၌ သံကြိုးဖြင့် ပြုလုပ်ထားသော ငါးမျှားချိတ်ကောက်နှင့် လက်နက်များ ချိတ်ဆွဲထားကြလေသည်။

ထိုလူသုံးယောက်သည် ရှောင်မာတို့ထံသို့ တန်းတန်းမတ်မတ် လှမ်းလာကြပါသည်။

လွှစုဆင်းက...

'မင်းတို့ ငါ့ကို ဖမ်းဖို့ လာခဲ့ကြတာဆိုရင်တော့ မှားပြီကွ၊ ကဲ.. မင်းတို့ ဘယ်သူတွေလဲ၊ ငါ့ကို ဘာကြောင့် ခြိမ်းခြောက်ကြရတာလဲ၊ အမှန်အတိုင်း ပြောပါ၊ မင်းတို့ အသက်ကို ချမ်းသာပေးလိုက်မယ်'

ဟု ပြောလိုက်လေသည်။

ထိုလူသုံးယောက်သည် လေ့စုဆင်း၏စကားကို လုံးဝ ဂရု မစိုက်ဘဲ ရှေ့ဆက် တိုးလာကြသည်။

ရှောင်မာ မျက်ခမှောင်ကြုတ်သွားသည်။

ထိုလူများကိုကြည့်ရသည်မှာ အသိဉာဏ် ကင်းမဲ့နေသူများ ပမာ ရှိနေကြသည် မဟုတ်ပါလား။

လေ့စုဆင်းက....

'ဟေ့....ငါပြောတာ ကြားကြတယ်မဟုတ်လား'

ငေါက်ချင်း ရှေ့လှမ်းထွက်ကာ ရင်ဆိုင်လိုက်၏။

ရှောင်မာ ရင်ထိတ်သွား၏။

'ဦး... သတိထား'

ကပျာကယာ လှမ်းပြီး သတိပေးလိုက်သည်။

သို့သော် နောက်ကျသွားပြီ ဖြစ်လေသည်။

ထိုလူသုံးယောက်သည် ခါးမှချိတ်များကိုဖြုတ်ယူကာ ဝိုင်း၍ တိုက်ခိုက်လိုက်ကြလေသည်။

လေ့စုဆင်းက....

'မင်းတို့ သေချင်ပြီထင်တယ်'

လက်ဝါးဖြင့် ဆီးကြိုရိုက်ချလိုက်၏။



သူ၏လက်ဝါးရိုက်ချက်များ ပြင်းထန်လှသည်ဖြစ်ရာ ထိုလူသုံးယောက်သည် မည်သည့်နည်းနှင့်မဆို သူတို့၏ တိုက်ကွက်ကို ချုပ်သိမ်းကာ နောက်ဆုတ်သွားကြရမည် ဖြစ်လေသည်။

ယခုမူ လုံးဝ နောက်မဆုတ်သည့်အပြင် ရှေ့သို့ အတင်း တိုးလာပြီး ချိတ်များဖြင့် ချိတ်ဆွဲတိုက်ခိုက်လိုက်လေသည်။

လေ့စုဆင်း၏ လက်ဝါးရိုက်ချက်သည် ထိုလူသုံးယောက်အား ထိမှန်သွားသလို ထိုသူတို့၏ ချိတ်များသည်လည်း လေ့စုဆင်း၏ လည်ပင်း ရင်ဝနှင့် ဝမ်းဗိုက်တွင် ချိတ်မိသွားလေသည်။

'ဝုန်း'

'အား'

စူးရှကျယ်လောင်သော အသံများ ထွက်ပေါ်လာသည်။

ထိုလူသုံးယောက် လဲကျသွားသလို လေ့စုဆင်းလည်း လဲကျသွား၏။

လေးယောက်စလုံး ကြမ်းပြင်ပေါ်တွင် မလှုပ်မယှက်ဖြစ်အောင် သေဆုံးသွားကြသည်ကိုကြည့်ရင်း ရှောင်မာ ပါးစပ်အဟောင်းသား ဖြစ်သွားလေတော့သည်။

* * *

ငွေချိတ် ...

ငွေချိတ်ဆိုသော စကားလုံးကို မျက်မမြင်က ပြောလာလေသည်။

ရှောင်မာမှာ ကျောရိုးတစ်လျှောက် အေးစိမ့်သွားသည်ဟု ခံစားလိုက်ရလေသည်။

မျက်မမြင်က....

'လွန်ခဲ့တဲ့ တစ်နှစ်ကျော်လောက်က ကျုပ်ကြားခဲ့ရတာပဲ၊ ရာထူးဂုဏ်ရှိန်ရှိတဲ့ လူတစ်ယောက်က လျှို့ဝှက်အဖွဲ့အစည်းတစ်ခု ထူထောင်ခဲ့တယ်၊ ငွေချိတ်လို့ အမည်ပေးထားတယ်၊ ငွေချိတ် အဖွဲ့ရဲ့ အဓိက ရည်ရွယ်ချက်ဟာ သိုင်းလောကကို လွှမ်းမိုး ချုပ်ကိုင်ဖို့ပဲ'

ဟု ပြောလေသည်။

ရှောင်မာက...

'ခင်ဗျားသိတာ ဒါအကုန်ပဲလား'

ဟု မေးလိုက်သည်။

မျက်မမြင်က....

'ကျုပ်က ဒါထက်ပိုပြီး သိခဲ့တယ်ဆိုရင် ဒီမှာလာပြီး ခေါင်း မြှုပ်နေမှာ မဟုတ်ဘူး၊ သူတို့နဲ့ သွားတွေ့တာ ကြာပြီပေါ့'

သူက ငွေချိတ်အဖွဲ့နှင့် သွားပြီး ရင်ဆိုင်မည်ဖြစ်ကြောင်း လက်ဝါးရိုက်သည်။



နားထိုင်းကြီးသည် သူတို့နှစ်ယောက်အား တစ်လှည့်စီ အကဲခတ် ကြည့်နေပါသည်။

သူတို့ ပြောဆိုနေကြသည့် စကားများကို ကောင်းစွာ သိရှိ နားလည်ပုံ ရလေသည်။

'ငွေချိတ်ဆိုတာ မြောက်ပိုင်းနယ်ခြားက မျိုးနွယ်စု တစ်ခုရဲ့ ရိုးရာ အမှတ်အသားတစ်ခုပဲ'

ဟု ဝင်ပြောလေသည်။

ရှောင်မာက...

'ခင်ဗျားသိတယ် ဟုတ်လား'

ဟု မေးလိုက်သည်။

နားထိုင်းကြီးက....

'သူတို့ဟာ တောင်ပေါ်ဒေသမှာ နေကြတယ်၊ ရက်စက် ကြမ်းကြုတ်တယ်၊ သူတို့မျိုးနွယ်စုအချင်းချင်းတောင် ငြိမ်ကြတာ မဟုတ်ဘူး၊ အမြဲတမ်း သွေးဆာနေတဲ့ ဝံပုလွေတွေ လိုပေါ့'

ရှောင်မာ သက်ပြင်းချလိုက်သည်။

မျက်မမြင်က....

'သိုင်းလောကက ငွေချိတ်နဲ့ မြောက်ပိုင်း နယ်ခြား တောင် ပေါ်ဒေသက ငွေချိတ် ဘယ်လိုဆက်သက်နေမှာလဲ၊ အဓိပ္ပာယ် မရှိတာ'

လှိုင်စာပေ
အမှတ် ၁၅/၁၃၈၊ မြို့လမ်း
ဖုန်း ၂၁၃၄၄

ဟု မခကျမနပ် ပြောခဲ့သည်။

စကားအဆက်ဆင်းပြောနေသည်ကို ဝင်ရှုပ်ရကောင်းလားဟု ခကျမနပ် ဖြစ်နေခြင်းပင်....

နားထိုင်းကြီးသည် မျက်မမြင်ကို ရှေ့ခေါ်ကိုက်တဲ့ ရှောင်မောကို စိုက်ကြည့်ရင်း....

'အဲဒီကိုသွားမယ်ဆိုရင် လူတစ်ယောက်က ဦးခေါင်းနှစ်လုံးရှိမှ ဖြစ်လိမ့်မယ်'

ဟု ပြောလေသည်။

ရှောင်မော ရယ်မောလိုက်သည်။

'ကျုပ်ကတော့ စိတ်ကူးပါဘူးဗျာ'

နားထိုင်းကြီးက....

'ဒါပဲကောင်းတယ်'

ဟု ပြောသည်။

မျက်မမြင်က ထိုင်ရာမှထကာ....

'ကျုပ်က မင်းကို အကျိုးအကြောင်း ပြောပြပြီးပြီ၊ ကဲ... ကျုပ်ကို ခွင့်ပြုပါဦး'

ဟု ဆိုကာ ထွက်သွားတော့သည်။

မျက်မမြင် ထွက်သွားပြီး မရှေးခ ရှေ့ခင်းမှ ခပင် နားထိုင်းကြီးကသည်၊ ထိုင်ရာမှ ထလိုက်ပြီး....



'ကျုပ်လဲ သွားတော့မယ်၊ မင်းက ဘယ်လိုလူစားကြောင့် များ ထွက်ပြေး ရှောင်တိမ်းနေရတယ်ဆိုတာ ကျုပ် သိချင်တယ်၊ ဒါပေမယ့် မမေးပါဘူး၊ မင်းလဲ ပြောမပြပါနဲ့ကွာ'

စကားဆုံးလျှင် ချူးခနဲလှည့်ကာ ထွက်သွားလေတော့သည်။

## ကြောက်ရတဲ့လူ

မျက်မမြင်နှင့်နှားထိုင်းကြီးတို့ ထွက်ခွာသွားကြပြီးဖြစ်လေ
သည်။ ရှောင်မှာအား နေရာတွင် ထိုင်နေဆဲ ...

မျက်မမြင်နှင့် နားထိုင်းကြီးတို့သည် သူ့ရှေ့တွင် မရှိကြ
တော့သည်း သူ၏စိတ်ထဲ၌ ရှိနေသည်ဟု ခံစားနေရလေသည်။

သူသည် အလှန်ခေါင်းမာသူဖြစ်ကြောင်း ကိုယ်ကိုယ်တိုင်
သိပါ၏။ ထို့ကြောင့်လည်း ထွက်ပြေးတိမ်းရှောင်နေရခြင်း
ဖြစ်သည်ဟု နားထိုင်းကြီးကို ပြောပြလိုက်သည်။

ရှောင်မှာက သက်ပြင်းချလိုက်သည်။

အရက်တစ်ခွက်ငှဲ့သောက်ရန် ဟန်ပြင်လိုက်သည်။



ထိုစဉ်....

'ခွပ်...ခွပ်...ခွပ်...ခွပ်'

မြင်းခွာသံ၊ မြင်းလှည်းဘီးလှိမ့်သံများ ထွက်ပေါ်လာသည်
ကို ကြားလိုက်ရလေသည်။

ရှောင်မှာက အတ်ခနဲခေါင်းထောင်လာ၏။

နားစွင့်လိုက်သောအခါ မြင်းခွာသံများသည် စားသောက်
ဆိုင်ရှေ့တွင် ရပ်တန့်ကွယ်ပျောက်သွားကြောင်း သိလိုက်ရလေ
သည်။

မရှေးမနှောင်းပင်....

ကျောက်စိမ်းရောင်ဆင်တူ ဝတ်ဆင်ထားကြသော မိန်းကလေး
လေးယောက်သည် ဆိုင်ထဲသို့ အလွန်သိမ်မွေ့စွာ ဝင်လာ
ကြလေသည်။

ထိုမိန်းကလေးလေးယောက်သည် နှစ်ယောက်စီ ဝဲယာတစ်
ဖက်တစ်ချက်စီခွဲလိုက်ကြ၏။

သူတို့လက်ထဲတွင် ပန်းခြင်းတောင်းများ ကိုင်ထားကြပြီး
ခြင်းတောင်းထဲမှ ပန်းများကိုယူကာ ဆိုင်ထဲကြဲလိုက်ကြသည်။

မွှေးကြိုင်သော ပန်းရနံ့များသည် တစ်ဆိုင်လုံးလွှမ်းမိုး
သွားလေတော့သည်။

ရှောင်မှာ သေသေချာချာ အကဲခတ်ကာ ကြည့်လိုက်သော
အခါ ပန်းများသည် ပရမ်းပတာ ပြန့်ကျဲနေခြင်းမျိုးမဟုတ်ဘဲ

ဆိုင်အပေါက်ဝမှသည် သူ၏စားပွဲဆီသို့ ဦးတည်ကာ လမ်းကလေးတစ်ခုအဖြစ် ပေါ်ပေါက်လာသည့်ပုံသဏ္ဌာန်ကြဲထားခြင်းဖြစ်သည်ကို တွေ့ရလေသည်။

မိန်းကလေးလေးယောက်က ပန်းကြဲပြီးသည်နှင့် မရှေးမနှောင်းမှာပင် ကြေးနီရောင်သမ်းနေသည့် အသားအရည်ရှိသော လူသန်ကြီးခြောက်ယောက် ဝင်ရောက်လာကြလေသည်။

လူ့ဘီလူးကြီးများကား သန်မာထွားကျိုင်းကြသူများဖြစ်ပေသည်။ ခါး၌ ဓားတစ်ချောင်းစီ ချိတ်ထားပြီး ရှည်လျားသောဆံပင်များကို ကျစ်ဆံမြီးတစ်ချောင်းအဖြစ် ကျစ်ထားသည်။

ရွှေနားကွင်းတစ်ဖက်စီဆွဲထားသေး၏။

လူသန်ကြီးခြောက်ယောက်သည် မိန်းကလေးလေးယောက်ကိုဖြတ်ကျော်ကာ ရှောင်မာထံသို့လှမ်းလာကြသည်။

ရှောင်မာက လှုပ်မယှက်ထိုင်နေဆဲ....

လူသန်ကြီးခြောက်ယောက်သည် ရှောင်မာနှင့်မလှမ်းမကမ်းသို့ရောက်လျှင် သုံးယောက်စီဝဲယာ တစ်ဖက်တစ်ချက် ခွဲခွာရပ်လိုက်ကြသည်။

ကျောက်ရုပ်ပမာ လှုပ်မယှက်ရပ်လိုက်ကြပြီးသည်နှင့် ချိုလွင်သာယာသော တူရိယာသံများ ထွက်ပေါ်လာလေသည်။

တေးသံများနှင့်အတူ အဖြူရောင်ဝတ်ဆင်ထားသော မိန်းကလေးလေးယောက် ဆိုင်ထဲဝင်ရောက်လာလေသည်။



ထိုမိန်းကလေးမှာ အသက်ဆယ့်ရှစ်နှစ်ခန့်ရှိပြီး အလွန်ချောမောလှပသူလေးဖြစ်သည်။

အဖိုးတန်စိန်ရွှေရတနာများ ကိုယ်လုံးညွတ်မျှဝတ်ဆင်ထားသေး၏။

ထိုမိန်းကလေးသည် အလွန်နူးညံ့သိမ်မွေ့သော လှုပ်ရှားမှုဖြင့် ရှောင်မာထံသို့ ဦးတည်လှမ်းလာ၏။

ရှောင်မာရင်ထဲ တထိတ်ထိတ်ခုန်လာသည်။

မျက်တောင်မခတ်ဘဲ မိန်းကလေးကို ငေးကြည့်နေလိုက်လေသည်။

မိန်းကလေးသည် ရှောင်မာ၏ရှေ့သို့ရောက်လျှင် ရုတ်တရက် ကြမ်းပြင်ပေါ် ဒူးထောက်ချလိုက်သည်။

ရှောင်မာကို ဒူးထောက်အရိုအသေပြုလိုက်ခြင်း ဖြစ်လေသည်။

ရုတ်တရက်....

ရှောင်မာသည် ကြမ်းပြင်ကို ခြေဆောင့်လိုက်သည်။ သူ၏ နောက်ယ်အပေါ် မြောက်တက်သွားပြီး မီးခိုးတန်းပမာ ပြတင်းပေါက်မှ တစ်ဆင့် အပြင်ဘက်သို့ တိုးထွက်သွားလေတော့၏။

ပေါ်

* * *

ရှောင်မာသည် ဘာမပြောညာမပြော ထွက်ပြေးသွားပြီ
ဖြစ်သောသည်။

ဒူးထောက်နေသောမိန်းကလေးက မတ်တတ်ရပ်လိုက်သည်၊

သူမ၏မျက်နှာတွင် ဝမ်းနည်းကြေကွဲသည့် အရိပ်အယောင်
များ ထင်ယပ်နေလေသည်။

ကျောက်စိမ်းရောင် ဝတ်ဆင်ထားသော မိန်းကလေး
လေးယောက်သည် သူမအနီးသို့ရောက်ရှိလာကာ ခြံရံထားလိုက်
ကြလေသည်။

မိန်းကလေးက....

'သူ့ကိုတွေ့အောင်အတော့်ကို ခက်ခက်ခဲခဲရှာခဲ့ရတယ်၊ ရှေ
မယ့်တွေ့တော့လဲ....

သူမက စကားကို တစ်ပိုင်းတစ်စနှင့်ရပ်ထားလိုက်လေသည်၊
မိန်းကလေးက....

'အချိန်ရှိပါသေးတယ်လေ၊ ထပ်ပြီး ကြိုးစားကြည့်ရဦးမှာ
ပေါ့'

ဟု တီးတိုးပြောလေသည်။

လှိုင်ထ ထိုမိန်းကလေးသည် မည်သူ ဖြစ်ပါသနည်း။

အဘယ့်ကြောင့် ရှောင်မာအား လာရောက် ဒူးထောက်
မိန်းဆာနည်း။

* * *



ဘာလာယံဇရပ်။

ယခု ရှောင်မာသည် ဘာလာယံဇရပ်၌ ပြန်လည်ရောက်ရှိ
နေပြီဖြစ်လေသည်။

မျက်မမြင်နှင့် နားထိုင်းကြီးတို့ မရှိပါ။

သူတို့သည် မြို့လယ်ဈေးသို့သွားကာ ကိုယ့်အလုပ်ကိုယ် လုပ်
နေကြမည်ဟု ရှောင်မာ ယူဆထားလေသည်။

သူအိပ်နေကျနေရာတွင် ကောက်ရိုးများခင်းကာ လှဲချ
လိုက်သည်။

သူဌေးလျှုံအား ဆုံးမပြီးနောက် စားကောင်းသောက်ဖွယ်
များ၊ အရက်များကို အလျှံအပယ် စားသောက်ခဲ့ရပါသည်။

တည်းခိုခန်းတွင် ဇိမ်ကျကျ အနားယူနိုင်ခဲ့ပါသည်။

သို့သော်....

ဇရပ်ပေါ်မှ ကောက်ရိုးမွေ့ရာပေါ် ရောက်လာသော
အခါ ရှောင်မာမှာ ပို၍လွတ်လပ်ပြီး အေးချမ်းသည်ဟု ခံစား
နေရလေသည်။

ရှောင်မာသည် စားသောက်ဆိုင်၌ ဗိုက်တင်းအောင် စား
သောက်ခဲ့ပြီးပြီမို့ ကျောခင်းလိုက်သောအခါ မျက်ခွံများ
လေးလံလာလေတော့သည်။

ခဏခနဲအိပ်ပျော်သွားတော့မည်ဆဲဆဲ ခြေသံများထွက်ပေါ်
လာခြင်းကြောင့် ပြန်နိုးသွားလေသည်။

မျက်လုံး ဖွင့်ကြည့်လိုက်သော အခါ ဇရပ်ပေါ်သို့ လူနှစ်ယောက် တက်လာကြသည်ကို တွေ့လိုက်ရလေသည်။

ရှောင်မာ ကျိတ်ပြီး ပြုံးလိုက်မိသည်။

မျက်မမြင်နှင့် နားထိုင်းကြီးတို့ မဟုတ်ပါလား။

နားထိုင်းကြီးက....

'ကျုပ်ထင်တဲ့ အတိုင်းပဲ'

ဟု ပြောလေသည်။

မျက်မမြင်က....

'ဘာလဲ ရှောင်မာပြန်ရောက်နေပြီ ဟုတ်လား၊ သူ့ရဲ့ အသက်ရှူသံကို ကျုပ်ကြားတယ်'

'သိပ်မှန်တာပေါ့'

လူတို့နှစ်ယောက်သည် ရှောင်မာအနီးသို့ ချဉ်းကပ်လာကြ၏။ ရှောင်မာ မနေနိုင်တော့ဘဲ ထထိုင်လိုက်ရလေတော့သည်။

နားထိုင်းကြီးက....

'ခေါင်းမာတဲ့ကျားလဲ ကြောက်တတ်တာပဲဆိုတာ ခုမှ ကျုပ်သိတော့တယ်'

ဟု ပြောလေသည်။



မျက်မမြင်က....

'ဟုတ်တယ်၊ သူက မိန်းခကို ပို့ပြီးကြောက်တာ ပိုပြီး အံ့သြဖို့ ကောင်းတယ်၊ သိုင်းသမားကသားတွေ သိသွားရင်တော့ ဟားတိုက် ရယ်ကြမှာပဲ'

ဟု ဝင်ပြောလေသည်။

ရှောင်မာက မချိပြုံး ပြုံးလိုက်သည်။

'လက်စသတ်တော့ ခင်ဗျားတို့ သိနေကြပြီကိုး....'

'တို့က သိချင်လို့မဟုတ်ပါဘူး၊ ထိုက်ဝူးမြို့ထဲ ထူးထူးခြားခြားဝင်လာတဲ့ လူတွေကို တွေ့လို့ အကဲခတ်ကြည့်နေတုန်း တိုက်တိုက်ဆိုင်ဆိုင် မင်းရှိနေတဲ့ဆိုင်ထဲ ဝင်သွားတာ တွေ့လို့ကွ၊ အဲ...မင်းထွက်ပြေးသွားတာလဲ တွေ့လိုက်တယ် ဆိုပါတော့ကွာ'

ရှောင်မာက....

'ကျုပ်က လူတစ်ယောက်ကို ရှောင်တိမ်းထွက်ပြေးရင်း ဒီကို ရောက်လာတာပါလို့ ပြောပြီးပြီပဲဗျာ'

နားထိုင်းကြီးက....

'ကျုပ်တို့က ဒီမြို့မှာ ကုန်ထမ်းတဲ့လူနဲ့ ဖိနပ်ချုပ်တဲ့လူဆိုပြီး နေလို့ရတယ်၊ မင်းကတော့ ဘာမှလုပ်လို့ရမှာ မဟုတ်ဘူး'

ဟု ပြောသေးသည်။

မှန်လေသည်။

ရွှေဝါမသည် သူဌေးလျှာအား ဆုံးမလိုက်သည့် 'ခေါင်းမာတဲ့ကျား' အဖြစ် ထိုက်ဝူးမြို့တစ်မြို့လုံး သိထားကြပြီး ဖြစ်သောသည်။

နားထိုင်းကြီးတို့လို ဇာတ်မြုပ်နေ၍ ရနိုင်တော့မည် မဟုတ်ပါ။

ရွှင်မာသာ....

'ကျုပ်က သွားတော့မလို့ဘဲ၊ သူတို့ ရောက်လာလို့'

'အေးလေ၊ သူတို့လိုက်မရှာခင် မြန်မြန်ပြေးတာ ပိုမကောင်းဘူးလား'

ရွှင်မာသာ ခေါင်းခါယမ်းလိုက်ပြီး....

'မကောင်းဘူး'

'ဟေ...'

နားထိုင်းကြီးက မျက်မှောင်ကြုတ်သွားပြီး....

'ဘာဖြစ်လို့လဲကွ'

ဟု မေးလိုက်လေသည်။

ရွှင်မာသာ....

'ကျုပ် ဇီမြို့နဲ့ဝေးအောင် ပြေးပြီလို့ သူတို့ထင်နေကြမှာပဲ၊ ဇီမှာ သူတို့ ခေါင်းတောက်အောင် လိုက်ရှာနေတုန်း ကျုပ်က အေးအေးဆေးဆေး အနားယူနေလို့ရတာပေါ့ဗျာ'



'ဟား....ဟား....ဟား....'

နားထိုင်းကြီးသည် ရွှေဝါမ၏ အကြံပိုင်ပုံကို သဘောကျစွာ ရယ်မောလိုက်လေသည်။

မျက်မမြင်က....

'မင်းက ခေါင်းမာတာပဲရှိတယ်၊ ဉာဏ်တော့ မကောင်းသေးဘူးကွ'

ဟု ဝင်ပြောသည်။

ရွှင်မာသာ မျက်မှောင်ကြုတ်သွားပြီး....

'ဘာဖြစ်လို့လဲဗျ'

'ဘာဖြစ်ရမှာလဲ၊ မင်း ဇီမြို့မှာ ရောက်နေတယ်ဆိုတာ သူတို့သိပြီး လိုက်လာနိုင်တယ်ဆိုတာလည်းက သူတို့ဟာ မင်း ဘယ်နေရာပဲရောက်ရောက် တွေ့အောင် ရှာနိုင်တဲ့လူတွေဆိုတာ ထင်ရှားနေလို့ပေါ့ကွ'

'ဩော်....'

ရွှင်မာ ငိုင်သွားလေသည်။

သူက ထိုက်ဝူးမြို့သို့ ရောက်လာသည်မှာ မကြာသေးပါ။

သို့တိုင် ထိုက်ဝူးမြို့အထိ ဆိုက်ဆိုက်မြိုက်မြိုက် လိုက်လာပြီး တွေ့အောင် ရှာနိုင်သူများသည် အခြား နေရာ၌လည်း တွေ့အောင် ရှာနိုင်ကြလိမ့်မည်သာ ဖြစ်သည်ဟု ဆင်ခြင်မိလေသည်။

မျက်မြင်က ...

'မင်း ရှောင်တိမ်းနေတာထက် လိုက်တိုက် ရင်ဆိုင်ပြီး ဖြေရှင်း လိုက်တာ အကောင်းဆုံး ဖြစ်မယ်လို့ ငါထင်တယ်'

ဟု ပြောလေသည်။

ရှောင်မာ သက်ပြင်းချ လိုက်သည်။

'ကျုပ် မလုပ်ဝံ့ဘူးဗျ'

'ဘာဖြစ်လို့လဲ'

'သူတို့က အခွင့်အရေးပေါ်တယ်၊ ချမ်းသာကြွယ်ဝတယ်၊ ရာထူးဂုဏ်ရှိန် ရှိတယ် ဆိုတာ ထင်ရှားနေတယ်၊ တဘယ့် ထိပ် တန်းလူစားမျိုးတွေက ဖေဒါလို လေသွင်းနေတဲ့ ကျုပ်ကို လာပြီး ဒုံးထောက်တာ ဖောင်ရှုံတန်ရှုံကိစ္စ ဘယ်ဖြစ်နိုင်ပါ မလဲဗျ'

မျက်မမြင်နှင့် နားထိုင်းကြီးတို့ ငိုင်သွားကြလေသည်။

ရှောင်မာ၏စကားမှာ သေး ထွက် အောင် မှန် နေ သည် မဟုတ်ပါလော။

ရှောင်မာက...

'သူတို့မှာ ဖြေရှင်းမရနိုင်တဲ့ ပြဿနာတစ်ခုခု ရှိနေလို့သာ ဒါကြောင့် ကျုပ်ကို အကူအညီ တောင်းချင်တာပဲ ဖြစ်လိမ့် မယ်'



ဟု တွေးတွေးဆဆ ပြောသည်။

မျက်မမြင်က....

'မင်းက ဒုက္ခရောက်နေတဲ့သူတွေကို ကူညီနေကျပဲ မဟုတ် လား'

ဟု မေးလိုက်သည်။

ရှောင်မာက....

'ဒီကိစ္စက တစ်မျိုးဗျ'

'ဘယ်လိုတစ်မျိုးလဲ'

'သူတို့ အခြေအနေနဲ့ သိုင်းလောကထဲက ထိပ်ဆိုတဲ့ သိုင်း အကျော်အမော်တွေကို အကူအညီ တောင်းနိုင်တယ်၊ ကျုပ်လို အညတရအစ်ယောက်ဆီ ကိုလာတာ မရိုးသားဘူး၊ ထင်လို့ပဲဗျ'

မျက်မမြင်က တွေဝေသွားလေသည်။

နားထိုင်းကြီးက....

'မင်းက ဒီလိုထင်ပေမယ့် သူတို့ကတော့ မင်း ပြောတဲ့ တစ်ယောက် ထိပ်သိုင်းသမားဟာ မင်းပဲလို့ ယူဆထားကြရင်ကော'

'ဗျာ....'

ရှောင်မာ ကြောင်အမ်းအမ်း ဖြစ်သွားလေသည်။

နားထိုင်းကြီးက....

'ငါထင်တာတော့ သူတို့ကို ကူညီနိုင်တာ မင်းတစ်ယောက်ပဲ ရှိတယ်လို့ သူတို့ ယူဆထားကြပုံရတယ်ကွ'

ရှောင်မသည် သူ၏ရှေ့၌ ဒူးထောက်လာသည့် မိန်းမချောလေးကို ပြန်၍ငုံ့မြင်ယောင်လာသော ရင်ထဲလှုပ်ရှားလာရသည်။

ထိုမိန်းကလေးသည် နတ်မိမယ်တမျှ ချောမောလှပသူဖြစ်သည်။ အခြွေအရံ အသင်းအပင်း ပေါများပြီး ကျက်သရေ ကြွယ်ဝချမ်းသာသူ ဖြစ်ပုံရသည်။

သူမ၏အရွယ်၊ သူမ၏ဂုဏ်ရှိန်ဖြင့် မာနကြီးသူလေး ဖြစ်ရမည်မှာ မလွဲချေ။

ထို့ကြောင့်....

သူ့အား ဒူးထောက်လာသည်မှာ နှယ်နှယ်ရရ မဖြစ်နိုင်တော့ပါ။

နားထိုင်းကြီးက....

'အကောင်းဆုံးကတော့ သူတို့နဲ့တွေ့ပြီး သေသေချာချာ မေးလိုက်စေချင်တယ်၊ မင်း ဘယ်လို သဘောရသလဲ'

ဟု ပြောသည်။

ရှောင်မာက....

'ထားပါတော့လေ...တကယ်လို့ သူတို့မှာ အခက်အခဲရှိလို့ ကူညီပါလို့ပြောရင်ကော...'



'ကူညီလိုက်ပေါ့ကွ'

ရှောင်မာက နှာခေါင်းရှုံ့လိုက်ပြီး....

'မိုးကိုဒူးနဲ့တိုက်ခိုင်းမယ့်ကိစ္စမျိုးကို အကူအညီတောင်းနေရင်ဗျ ကျုပ်တစ်ယောက်တည်းတော့ မတတ်နိုင်ဘူး၊ တကယ်လို့ခင်ဗျားတို့နှစ်ယောက်ပါ ကျုပ်နဲ့လက်တွဲမယ်ဆိုရင် ကျုပ်လက်ခံလိုက်မယ်'

သူ၏စကားကြားလျှင် မျက်မမြင်က....

'တော့... ငါမပါဘူး'

ဟု တပျာကယာပြောလိုက်လေသည်။

နားထိုင်းကြီးလည်း လက်ခါခြေခါ ဖြစ်သွားသည်။

'ဟာ...ငါလည်းမပါချင်ပါဘူးကွာ'

ရှောင်မာ ပြုံးလိုက်သည်။

'ခင်ဗျားတို့တောင် လုပ်ချင်တဲ့အလုပ်မျိုး ကျုပ်ကိုလုပ်ခိုင်းလို့ ကောင်းပါ့မလားဗျ'

မျက်မမြင်နှင့် နားထိုင်းကြီးတို့ ပါးစပ်ပိတ်ထားလိုက်လေသည်။

ရှောင်မာက....

'ကဲ... ကျုပ်အိပ်ချင်နေပြီဗျ'

ဟု ပြောကာ ကော်ကက်ရိုးခမွှ.ရှာပေါ် ကျော့ခင်းလိုက်သည်။

နားထိုင်းကြီးနှင့် မျက်မမြင်တို့က ငြိမ်နေကြဆဲ....

မကြာပါချေ။

ရှောင်မာ၏ ဘာခေါခေါ်ဟောက်သံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေတော့သည်။

လှိုင်စာပေ
အမှတ် ၁၅/၁၃၈၊ ဒီ လမ်း
ကောဒီ ၄ မြို့
ဖုန်း ၂၁၃၄၄

## ပရိယာယ်

သစ်ရက်....

နှစ်ရက်....

သုံးရက်....

အချိန်များ တရွေ့ရွေ့ကုန်ဆုံးသွားသည်။

ရှောင်မာသည် သာလားယံဇရပ်တွင် လာရောက်အိပ်စက်ခဲ့သည်မှာ သုံးရက်ရှိပြီဖြစ်လေသည်။

သုံးရက်လုံးလုံး ဇရပ်ပေါ်မှမဆင်းဘဲ နေခဲ့သည်။

နားထိုင်းကြီးနှင့် မျက်မမြင်တို့က သူ့အတွက် စားသောက်ဖွယ်ရာများအားယူလာကာ ကျွေးမွေးကြလေသည်။

ရှောင်မာအား လိုက်ရှာနေသည့် လူစုသည် တည်းခိုခန်းတစ်ခုတွင် တည်းခိုကာ သတင်းစုံစမ်းနေကြောင်း ပြောပြကြလေသည်။

ထို့ကြောင့်....

ရှောင်မာ ပို၍ ခြောက်သွားတော့သည်။

'သူတို့က ဒီမြို့က ငါထွက်သွားပြီလို့ ဘာ့ကြောင့်မတွက်ကြတာလဲ'

ဟု မကျေမနပ်တွေးမိလေသည်။

ဤသို့ဖြင့် သေးရက်မြောက်သောနေ့တွင် နားထိုင်းကြီးသည် ဇရပ်ပေါ်သို့ ခပ်သွက်သွက်တက်လာရင်း....

'ရှောင်မာရေ... မင်းအတွက် ဝမ်းသာစရာသတင်းပဲဟေ့၊ မင်းကိုလိုက်ရှာနေတဲ့လူစုဟာ မနေ့ညကဘဲ ထွက်သွားကြပြီကွ'

ဟု ပြောလေသည်။

ရှောင်မာက ဝမ်းသာသွားသည်။

'အင်း....ခုမှပဲ စိတ်အေးရတော့တယ်ဗျာ'

ပြောပြောဆိုဆို ထိုင်ရာမှထရပ်လိုက်လေသည်။

နားထိုင်းကြီးက....

'မင်းဘယ်သွားမလို့လဲ'



ဟု မေးလိုက်သည်။

ရှောင်မာက....

'ကျုပ်က ခြေဦးတည့်ရာ လျှောက်သွားနေတတ်တဲ့ လူဗျ၊ ဒီမှာ သုံးရက်လုံးလုံးနေခဲ့ရတာ ဘယ်သိုနေ့ရလဲ စဉ်းစားကြည့်ပေါ့၊ အစည်းအညာပြေ လမ်းလျှောက်လိုက်ဦးမယ်လေ'

နားထိုင်းကြီးကို နှုတ်ဆက်ကာ ဇရပ်ပေါ်မှ ဆင်းလာခဲ့လေသည်။ နားထိုင်းကြီး၊ ခေါင်းကုတ်ကာ ကျန်ရစ်ခဲ့ပါတော့သည်။

* * *

ရှောင်မာသည် မင်းလမ်းမကြီးအတိုင်း လက်နှစ်ဖက်နောက်ပစ်ကာ လျှောက်လာခဲ့လေသည်။

လမ်းပေါ်၌ အရောင်အသွေး စုံလင်စွာ ဆင်ယင်ထားကြသူများ ဥဒဟို သွားလာနေကြလေသည်။

ဈေးသည်များ၏ ဝယ်ပါယူပါ တစာစာ ခေါ်သံများကိုလည်း ကြားနေရသည်။

စားသောက်ဆိုင်များမှ ဟင်းနံ့များကလည်း လမ်းပေါ်သို့တိုင် ကြိုင်လှိုင်နေလေသည်။

ရှောင်မာသည် ဟိုဟိုသည်သည် ဝေးဝေးကြည့်ရင်း စိတ်ထဲကြည်နူးလာသည်။

သူသည် ဟန်ဆောင် ပဏ္ဏာသနများကို ရှုံ့မုန်းသူဖြစ်သည်။ နေချင်သလိုနေ၊ စားချင်သလိုစား၊ သွားချင်သလိုသွားနေရမှ ကျေနပ်သူ ဖြစ်သည်။

အချုပ်အနှောင် မရှိသော လွတ်လပ်မှုကို အလွန်အမင်း နှစ်ခြိုက် ခုံမင်သူ ဖြစ်လေသည်။

ရွှောင်မာ ဟိုဟိုသည်သည် ငေးမေးကြည့်ရင်း လျှောက်လာခဲ့ရာ တစ်နေရာသို့အရောက်တွင်....

'အဟင့်....အဟင့်....'

ရှုတ်တရက် ငိုကြွေးသံ ကြားလိုက်ရလေသည်။

ရွှောင်မာ ရင်ထိတ်သွားလေသည်။

လှမ်းကြည့်လိုက်သောအခါ သစ်ပင်တစ်ပင်အောက်၌ ကျုံ့ကျုံ့လေးထိုင်လျှ တရှုတ်ရှုတ် ငိုကြွေးနေသော မိန်းကလေးတစ်ယောက်အား တွေ့မြင်လိုက်ရလေသည်။

ထိုမိန်းကလေးမှာ ဟောင်းနွမ်းသော အဝတ်အစားများဝတ်ဆင်ထား၏။ ဆံပင်များမှာလည်း ဆီထိတွေ့ခြင်းမရှိသဖြင့် နီကျင်ကျင် ဖြစ်နေ၏။

အစာရေစာ ဝဝလင်လင် စားသောက်ရခြင်း မရှိ၍ အသားအရည် မွဲခြောက်ခြောက် ဖြစ်နေသည်။

ရွှောင်မာ ခြေလှမ်းရပ်သွားသည်။



ထိုမိန်းကလေး ငိုကြွေးနေသည်မှာ အကြောင်း တစ်ခုခုကြောင့် ဖြစ်ရမည်ဟု တွေးကာ....

'ညီမလေး.... ဘာဖြစ်လို့ ငိုနေတာလဲ'

ဟု လှမ်းမေးလိုက်လေသည်။

သူ၏အသံကြောင့် မိန်းကလေး ခေါင်းမော့ကြည့်လာသည်။ ရွှောင်မာကိုတွေ့လျှင် ထိတ်လန့်တုန်လှုပ်သွားဟန်ရှိသည်။ ချက်ချင်းပင် သစ်ပင်အောက်မှ ထွက်ပြေးသွားလေသည်။

'ဟေ့....ဟေ့....နေဦးလေ'

ရွှောင်မာက လှမ်းပြီး ဟန့်တားလိုက်သော်လည်း မိန်းကလေးက လုံးဝ လှည့်မကြည့်ဘဲ ထွက်ပြေးသွားလေတော့သည်။

* * *

ဆယ်ရက်....

ဆယ်ရက်ဟူသော အချိန်သည် လျင်မြန်စွာ ကုန်ဆုံးသွားသည်ဟု ထင်ရလေသည်။

ရွှောင်မာမှာ ထိုက်စူးမြို့၌ သောင်တင်နေဆဲ။

မျက်မြင်နှစ်ဦး နားထိုင်ကြီးတို့သည် ရွှောင်မာကို နားမလည်နိုင်အောင် ဖြစ်လာကြလေသည်။

နွားထိုင်းကြီးက....

'ရှောင်မာ'

'ပြောပါဗျ'

'မင်း မသွားသေးဘူးလား'

'ဘယ်ကို သွားရမှာလဲ'

'ခြေဦးတည့်ရာကိုပေါ့'

'ဟား...ဟား...ဟား...'

ရှောင်မာက ရယ်မောလိုက်လေသည်။

နွားထိုင်းကြီး မျက်မှောင်ကြုတ်သွားသည်။

'ငါ ပြောတာ ရယ်စရာ ပါလို့လားကွ၊ မင်းလို ခြေသလုံး အိမ်တိုင် သိုင်းသမားက ဒီမြို့မှာ မြဲနေတာ ဘာသဘောတာလဲ'

ရှောင်မာက...

'စိတ်ချပါဗျာ၊ ကျုပ် သွားမှာပါ၊ ဒါပေမယ့်....'

'ဒါပေမယ့် ဘာဖြစ်သလဲ'

'ဒါပေမယ့် အဲ...ဒါပေမယ့်ပေါ့ဗျာ'

ရှောင်မာက ရှေ့ဆက် ပြောမနေတော့ဘဲ ဧရပ်ပေါ်မှ ဆင်းကာ မြို့ထဲသို့ ထွက်လာခဲ့လေတော့သည်။



လမ်းဘေး၌ အရိပ်ကောင်းသော သစ်ပင်တစ်ပင်ရှိနေ၏။

ထိုသစ်ပင်အောက်၌ ရှောင်မာက အကျအန ထိုင်ချလိုက်သည်။ လွန်ခဲ့သော တစ်ပတ်ခန့်က သူထိုင်နေကျသောနေရာတွင် မိန်းကလေးတစ်ယောက်ထိုင်ကာ တရှုက်ရှုက် ငိုကြွေးနေခဲ့သည် မဟုတ်ပါလား။

ရှောင်မာက အေးအေးလူလူထိုင်ရင်း....

'သူက ဘာကြောင့် ဒီမှာထိုင်ပြီး ငိုနေရတာလဲ'

ဟု ရေရွတ်လိုက်သည်။

ထိုက်ဝူးမြို့မှ ထွက်သွားဖို့ ရှောင်မာ ဆုံးဖြတ်ထားပြီး ဖြစ်ပါသည်။

သို့သော်....

ယခုတိုင် ထွက်သွားဖြစ်သေးဘဲ သောင်တင်နေသည်မှာ ထိုမိန်းကလေးကြောင့် ဖြစ်ပါသည်။

သူကလှမ်းမေးလိုက်သောအခါ မိန်းကလေးက လှည့်ကြည့်သော၏၊ သူမ၏ အကြည့်ကို ရှောင်မာ မမေ့နိုင်တော့ပါ။

အားကိုးရာမဲ့၊ ကူညီသည့်သူကို မျှော်လင့် တောင့်တသည့် မျက်ဝန်းအစုံ

ထိတ်လန့်တုန်လှုပ်မှု၊ မယုံသင်္ကာဖြစ်မှု၊ အစစအရာရာ စိုးထိတ်နေမှုတို့အား ဖော်ပြနေသော မျက်လုံးအစုံ....

ရှောင်မာ သက်ပြင်းချလိုက်သည်။

'သူ့မှာ အခက်အခဲတစ်ခုခုရှိနေတာတော့ သေချာတယ်'

ဟု ရေရွတ်လိုက်မိပြန်လေသည်။

သူက အဘယ့်ကြောင့် ထိုမိန်းကလေးအား သတိတရဖြစ်နေရပါသနည်း။

ရွှေဝင်မာက တွေးတောနေစဉ်....

'ဟော့.... ဒါဘာလုပ်တာလဲ'

'အံမယ်.... ပေါက်စီတစ်လုံး စားမလို့ပေါ့လေ'

'သေသွားမယ်၊ အခုချက်ချင်းထွက်သွားစမ်း'

မလှမ်းမကမ်းရှိ စားသောက်ဆိုင်တစ်ဆိုင်မှ ဆူဆူညံညံအသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

ရွှေဝင်မာ လှမ်းကြည့်လိုက်သည်။

ထိုအခါ....

မိန်းကလေးတစ်ယောက်သည် ခေါင်းလေးငုံ့ကာ ပြေးထွက်သွားသည်ကို တွေ့လိုက်ရသည်။

ရွှေဝင်မာက မျက်လုံးပြူးသွားသည်။

'ဟင်.... ဟိုမိန်းကလေးပါလား'

သူသတိရနေမိသော မိန်းကလေးအား မမျှော်လင့်ဘဲ တွေ့လိုက်ရပြီဖြစ်လေသည်။

ရွှေဝင်မာက ဘာမှ မစဉ်းစားနိုင်တော့ဘဲ မိန်းကလေးနောက်သို့ ကော်ခနဲ ပြေးလိုက်သွားလေတော့သည်။

● ● ●

မိန်းကလေးသည် ခေါင်းလေးငုံ့ကာ ပြေးလွှားသွားလေသည်။ အတော်ဝေးဝေးသို့ရောက်သွားပြီး လူရှင်းသော လမ်းကြားကလေးအတွင်းသို့ ရောက်မှ လမ်းဘေး၌ ထိုင်ချလိုက်ပြီး တရှုံ့ရှုံ့ငိုကြွေးနေလေသည်။

ရွှေဝင်မာက သူမနှင့်မလှမ်းမကမ်းတွင် ခြေလှမ်းရပ်လိုက်သည်။

မိန်းကလေးသည် ရွှေဝင်မာကြည့်နေသည်ကို မသိချေ။

ရွှေဝင်မာက သက်ပြင်းချလိုက်သည်။

မိန်းကလေးအနီးသို့ ချဉ်းကပ်သွားပြီး ...

'မိန်းကလေး၊ မင်းမှာ ဘယ်လိုဘယ်လို အခက်အခဲတွေရှိနေလို့လဲ၊ ကျုပ်ကိုပြောပြပါလား၊ ကျုပ်ကူညီပါ့ရစေ'

ဟု ပြောလိုက်လေသည်။

မိန်းကလေးမှာ ကိုယ်ခန္ဓာ ဆတ်ခနဲ တုန်ခါသွားပါသည်။

ရွှေဝင်မာကို မော့ကြည့်လိုက်ပြီး ထွက်ပြေးသွားရန် ဟန်ပြင်လိုက်လေသည်။

'နေပါဦးကွယ့်'

ရွှေဝင်မာက သူမ၏လက်ကောက်ဝတ်ကို ဖျတ်ခနဲ လှမ်းဆွဲထားလိုက်လေသည်။

'အို...ကျွန်...ကျွန်မကို လွှတ်ပါ'

မိန်းကလေးမှာ ရုန်းလိုက်၏။

ရွှေဝင်မာက....

'မင်း ထွက်မပြေးဘူးဆိုရင် လွှတ်ပေးမယ်'

'ကျွန်...ကျွန်မ မပြေးပါဘူးရှင်'

ရွှေဝင်မာက သူမ၏လက်ကို လွှတ်ပေးလိုက်လေသည်။

မိန်းကလေးသည် သူမ၏စကားအတိုင်း ထွက်မပြေးချေ။

ရှောင်မာက....

'မင်းဟာ အခက်အခဲဒုက္ခ ကြုံတွေ့နေရတဲ့ လူတစ်ယောက် ဆိုတာ ကျုပ်နားလည်တယ်၊ မင်းကို ကျုပ်ကူညီပါရစေ'

ဟု ပြောလိုက်၏။

မိန်းကလေးက သူ့အား မယုံနိုင်သလို ကြည့်လာလေသည်၊

ရှောင်မာက ပြုံးလိုက်သည်။

'ကျုပ်တကယ်ပြောတာပါ၊ကျုပ်နာမည်ရှောင်မာ၊ လူတွေကတော့ ခေါင်းမာတဲ့ကျားလို့ ခေါ်ကြတယ်၊ ကျုပ်ရဲ့ဝါသနာကတော့ ဒုက္ခဆင်းရဲရောက်နေတဲ့ လူတွေကို အသက်စွန့်ပြီး ကူညီတတ်တာပဲ'

ဟု ပြောလိုက်သည်။

မိန်းကလေးက...

'ရှင်... ရှင် တကယ်ပြောတာလားဟင်'

'တကယ်ပေါ့၊ ကဲ...ကျုပ်ဘာကူညီရမလဲ ပြောပါ'

'ကျွန်...ကျွန်မ'

'ပြောသာပြောပါ ဘာမှအားနာစရာမလိုပါဘူး'

'ကျွန်မ ဗိုက်ဆာတယ်'

မိန်းကလေး၏စကားကြောင့် ရှောင်မာမှာနဖူးကိုလက်ဝါးဖြင့် ဖြန်းခနဲမြည်အောင် ရိုက်လိုက်မိတော့သည်။

'ကောင်းရောပေါ့၊ ကဲ...လာ လာ၊ ပင်းကြိုက်သလောက်စား ကျုပ်ကျွေးမယ်'

ဟု ပြောကာ ခေါ်သွား၏။



မိန်းကလေးက မငို့မရဲဖြင့် ရှောင်မာနောက်သို့ လိုက်သွားလေတော့သည်။

* * *

ယခုနေ့ည....

သာလွန်ယံဇရပ်တွင် လူတစ်ယောက် တိုးလာလေသည်။

မိန်းကလေးသည် ရှောင်မာနှင့်အတူ လိုက်လာခြင်း ဖြစ်လေသည်။

ရှောင်မာတာ သူမအတွက် တည်းခိုခန်း၌ အခန်းတစ်ခန်း စီစဉ်ပေးပါသော်လည်း သူမ လက်မခံခဲ့ချေ။

သူငှေးလျှုတို့လူစု ထားရောက် ရန်ပြုပြီးသည့်နောက်ပိုင်း ဇရပ်တွင် လားရောက်အိပ်စက်ကြသည့် အဖြေအနေမဲ့များသည် ကြက်ပျောက်ငှက်ပျောက် ပျောက်သွားကြလေသည်။

ယမြင်းလေးတလည်း ဇာတ်ရွာသို့ပြန်နေသဖြင့် ရှောင်မာ၊ မျက်မမြင်နှင့် နားထိုင်းကြီးတို့သုံးယောက်သာ အိပ်စက်သူများ အဖြစ် ကျန်ရှိတော့သည်။

ယခု....

ရှောင်မာက မိန်းကလေးအား ခေါ်ဆောင်လာသောအခါ မျက်မမြင်နှင့် နားထိုင်းကြီးတို့ အထိတ်တလန့် ဖြစ်ကုန်ကြလေတော့သည်။

မျက်မမြင်နှင့် နားထိုင်းကြီးတို့သည် ဇရပ်ပေါ်တွင် ကြိုတင်ရောက်နှင့်နေခဲ့ကြပါသည်။

ရှောင်မာက မိန်းကလေးကိုခေါ်ကာ ဇရပ်ပေါ် တက်လာသောအခါ နားထိုင်းကြီးသည် မျက်လုံးပြူးသွားပြီး....

'ရှောင်မာ၊ မင်းက မိန်းခလေးလာ ဟုတ်လား'

ဟု မေးလိုက်လေသည်။

ရှောင်မာ ထိတ်ထိတ်ပျာပျာ ဖြစ်သွားသည်။

'ဟာ ...အဲမ်းမပြောစမ်းပါနဲ့ဗျာ၊ အားနာစရာတွေတော့ ဖြစ်ကုန်ပါပြီ၊ ညီမ စိတ်မဆိုးနဲ့နော်၊ သူက ဒီလိုပဲ ပြောတတ်တကွယ့်'

နားထိုင်းကြီးအား လှမ်း၍အပြစ်တင်ရင်း မိန်းကလေးကို တောင်းပန်လိုက်လေသည်။

မိန်းကလေးမှာ ရှက်သွေးဖြန်းကာ မျက်နှာလေး နီရဲသွားပါ၏။

ထို့နောက်....

'ကိစ္စမရှိပါဘူးရှင့်'

ဟု မပွင့်တပွင့်လေး ပြောလေသည်။

ရှောင်မာက....

'လာထိုင် ညီမ'

မိန်းကလေးအတွက် နေရာထိုင်ခင်း ပေးလိုက်သည်။

ပြီးလျှင် နားထိုင်းကြီးတို့ဘက်သို့ လှည့်ကာ....

'သူက ဒုက္ခရောက်နေလို့ ကျုပ် ခေါ်လာတာဗျ'

ဟု ပြောလိုက်သည်။

နားထိုင်းကြီးက....

'ဘယ်လိုဒုက္ခရောက်နေတာလဲ ပြောပါဦး'



ရှောင်မာက....

'သူက....'

ပြောရန် ဟန်ပြင်ပြီး ဘာပြောရမှန်းမသိ ဖြစ်သွားသည်။

မိန်းကလေးဘက် လှည့်ကြည့်လိုက်လေသည်။

မိန်းကလေးက....

'ကျွန်မနာမည် တင်းအေးကျင်းလို့ ခေါ်ပါတယ်ရှင်'

သူမ၏အမည်ကို စတင် ပြောပြလာလေသည်။

နားထိုင်းကြီးနှင့် မျက်မမြင်တို့က နားထောင်နေကြသလို ရှောင်မာသည်လည်း စိတ်ဝင်စားစွာ နားစွင့်နေသည်။

မိန်းကလေးအကြောင်းကို သူသည် ယခုမှ သိရမည်မဟုတ်ပါလား၊ မိန်း[illegible] (ဝါ) တင်းအေးကျင်းက ...

'ကျွန်မဟာ အဖေတွေနဲ့ မြို့ကို ဈေးဝယ် ထွက်လာခဲ့ကြပါတယ်ရှင်၊ မြို့ရောက်တော့ လူဆိုးတွေက ကျွန်မကိုဖမ်းပြီး စားသောက်ဆိုင်တစ်ဆိုင်မှာ အခိုင်းအစေအဖြစ် ရောင်းစားကြပါတယ်။ ကျွန်မလဲ ဆိုင်ရှင်အသစ်မှာ ထွက်ပြေးလာခဲ့တာပါရှင်'

'ဩော်....'

မျက်မမြင်နှင့် နားထိုင်းကြီးတို့ ဦးခေါင်း တဆတ်ဆတ် ညိတ်လိုက်ကြလေသည်။

ရှောင်မာသည် တင်းအေးကျင်းအပေါ် ကရုဏာ သက်သွားသလို လူဆိုးများကို ဒေါပွသွားသေးသည်။

ထို့ကြောင့်....

'ထောက်... ဒီလူတွေကို ညီမ မှတ်မိသလား၊ အစ်ကိုကို ပြောစမ်း၊ မှတ်လောက်သားလောက်အောင် အစ်ကို ဆုံးမလိုက်မယ်'

ဟု ပြောလိုက်သည်။

မျက်မမြင်က...

'နေပါဦး၊ မိန်းကလေးရာ ဘယ်အရပ်ဒေသကလဲ၊ ဘယ်မြို့မှာ ဖြစ်ပျက်ခဲ့တာလဲ'

ဟု ကြားဝင်မေးလိုက်လေသည်။

တင်းလေးကျော့က...

'ကျွန်...ကျွန်မ မမှတ်မိဘူးရှင့်'

'ဘယ်လို...'

'ဘယ်မြို့လဲဆိုတာ ကျွန်မ မမှတ်မိဘူး'

မျက်မမြင်က ပြုံးလိုက်သည်။

'မိန်းကလေး လိမ်ပြောရတာကလဲ မပိရိလိုက်တာ'

'ရှင်...'

ရွှေဝါမှာ မကျေမနပ် ဖြစ်သွား၏။

'ခင်ဗျား ဒီလို မပြောပါနဲ့ဗျ'

ဟု အော်လိုက်သည်။

မျက်မမြင်က ရယ်မောလိုက်သည်။

'ငါက သူ့ရဲ့မျက်နှာ အမူအရာကို မတွေ့ရဘူးကွ၊ သူ့ရဲ့ လေသံကို နားထောင်ကြည့်လို့ပဲရတယ်၊ ဒါကြောင့် သူ့လေသံ ဟာ ပုံမှန်မဟုတ်ဘူးဆိုတာ ငါ သိတာပေါ့'



'ခင်ဗျား'

'လိမ်ပြောတဲ့လူနဲ့ လိမ်မပြောတဲ့လူရဲ့ လေသံကို ငါ ကောင်းကောင်း ခွဲခြားတတ်တာပေါ့'

ရွှေဝါမှာ ဒေါသဖြစ်လာသည်။

ထိုစဉ်...

'ဟင့်...ဟင့်...'

မိန်းကလေးသည် တရှုပ်ရှုပ် ငိုကြွေးကာ ထိုင်ရာမှထပြီး ထွက်ပြေးသွားရန် ဟန်ပြင်လိုက်လေသည်။

'ညီမ... ညီမ....'

ရွှေဝါမှာ ကပျာကယာ ဟန့်တားလိုက်လေသည်။

မိန်းကလေးက...

'ကျွန်မကို မတားပါနဲ့ရှင်၊ ကျွန်မ သွားပါရစေတော့....'

'အို...ညီမ သွားလို့ ဘယ်ဖြစ်ပါ့မလဲ'

'ကျွန်မ သွားပါရစေရှင်'

မိန်းကလေးက ထွက်သွားတော့မည် တကဲကဲ ဖြစ်နေသည်။

ရွှေဝါမှာ စိုးရိမ်တကြီး ဟန့်တားနေ၏။

မျက်မမြင်က...

'သွားစမ်းပါစေကွာ၊ ခဏ ခေါ်လဲ သူပြန်လာစေရမယ်လို့ ငါ ပြောရဲတယ်'

'ဘာဗျ၊ ခင်ဗျား စကားကြည့်ပြောရင် ကောင်းလိမ့်မယ်'

ရွှေဝါက အော်လိုက်သည်။

နားထိုင်ကြီးက....

'ရွှေဝါ နေဦး၊ မျက်မမြင် ပြောတာ မှန်တယ်ကွ'

'ဘာ...'

'ငါ ခုန ဒေသဘာချချ သတိထားမိတယ်၊ သူဟာ မင်း၊ ထွက်ပြေးတိမ်းရှောင်နေရတဲ့ သူ ဖြစ်နိုင်တယ်'

'ဗျာ...'

မျှော်လင့်သောစကား ကြားလိုက်သဖြင့် ရှောင်မာပါးစပ် အဟောင်းသား ဖြစ်သွားလေတော့သည်။

မျက်မြင်နှင့်နားထိုင်းကြီးကို တစ်လှည့်၊ တင်းလေကျော်ကိုတစ်လှည့် ကြည့်လိုက်မိလေသည်။

နားထိုင်းကြီးက...

'ဟုတ်ပါပြီ... သူက မင်းကို တစ်မျိုးနဲ့ စည်းရုံးလို့မရလို့ နောက်တစ်မျိုးပြောင်းစည်းရုံးကြည့်တာပဲ'

ဟု ပြောသည်။

ရှောင်မာက တင်းလေကျော်ကိုကြည့်လိုက်သည်။

တင်းလေကျော် သက်ပြင်းချလိုက်သည်။

သူသည် ထွက်မသွားတော့ဘဲ...

'ရှင်တို့ပြောတာ မှန်ပါတယ်ရှင်'

ဟု အမှန်အတိုင်း ဝန်ခံလိုက်လေတော့သည်။

* * *



ရှောင်မာ ပါးစပ်အဟောင်းသား ဖြစ်နေ၏။

မျက်မြင်နှင့် နားထိုင်းကြီးတို့သာမရှိလျှင် တင်းလေကျော်၏ လှည့်စားမှုခံရတော့မည်ဟု ဆင်ခြင်မိကာ ခံပြင်းလာတော့သည်။

တင်းလေကျော်ကိုစိုက်ကြည့်ရင်း...

'မင်းက ဘာကြောင့်ဒီလိုလုပ်ရတာလဲ'

ဟု ပြောလိုက်သည်။

တင်းလေကျော်က...

'ဈေးတာပေါ်မှာ ကျွန်မကိုကူညီနိုင်တာ ရှင်တစ်ယောက်တည်းပဲရှိလို့ပါရှင်...'

ဟု ပွင့်ပွင့်လင်းလင်းပင် ပြောလေသည်။

ရှောင်မာက...

'ဩ... ဩ... ဆို စားသောက်ဆိုင်မှာတွေ့တဲ့မိန်းကလေးဟာ'

'ကျွန်မပါပဲရှင်'

စားသောက်ဆိုင်၌တွေ့ခဲ့ရသော မိန်းကလေးသည် တင်းလေကျော်ပင် ဖြစ်နေပါ၏။

သူမအား ရုတ်တရက် မမှတ်မိနိုင်အောင် ပုံစံတစ်မျိုးဖြင့် ရုပ်ဖျက်ထားခြင်း ဖြစ်လေသည်။

'ဘာ...'

'ငါ ခုမှ သေသေချာချာ သတိထားမိတယ်၊ သူဟာ မင်း ထွက်ပြေးတိမ်းရှောင်နေရတဲ့သူ ဖြစ်နိုင်တယ်'

'ဗျာ...'

မမျှော်လင့်သောစကား ကြားလိုက်သဖြင့် ရှောင်မခပါးစပ် အဟောင်းသား ဖြစ်သွားလေတော့သည်။

မျက်မမြင်နှင့်နားထိုင်းကြီးကို တစ်လှည့်၊ တင်းလေကျော်ကိုတစ်လှည့် ကြည့်လိုက်မိလေသည်။

နားထိုင်းကြီးက...

'ဟုတ်ပါပြီ... သူက မင်းကို တစ်မျိုးနဲ့ စည်းရုံးလို့မရလို့ နောက်တစ်မျိုးပြောင်းစည်းရုံးကြည့်တာပဲ'

ဟု ပြောသည်။

ရှောင်မခက တင်းလေကျော်ကိုကြည့်လိုက်သည်။

တင်းလေကျော် သက်ပြင်းချလိုက်သည်။

သူသည် ထွက်သွားတော့ဘဲ....

'ရှင်တို့ပြောတာ မှန်ပါတယ်ရှင်'

ဟု အမှန်အတိုင်း ဝန်ခံလိုက်လေတော့သည်။

* * *



ရှောင်မခ ပါးစပ်အဟောင်းသား ဖြစ်ခနေ၏။

မျက်မမြင်နှင့် နားထိုင်းကြီးတို့သာမရှိလျှင် တင်းလေကျော်၏ လှည့်စားမှုခံရတော့မည်ဟု ဆင်ခြင်မိကာ ခံပြင်းလာတော့သည်။

တင်းလေကျော်ကိုစိုက်ကြည့်ရင်း....

'မင်းက ဘာကြောင့်ဒီလိုလုပ်ရတာလဲ'

ဟုပြောလိုက်သည်။

တင်းလေကျော်က....

'ဈေးတစ်ပေါ်မှာ ကျွန်မကိုကူညီနိုင်တာ ရှင်တစ်ယောက်တည်းပဲရှိလို့ပါရှင်....'

ဟု ပွင့်ပွင့်လင်းလင်းပင် ပြောလေသည်။

ရှောင်မခက....

'ဒါ...ဒါ...ဆို စားသောက်ဆိုင်မှာတွေ့တဲ့မိန်းကလေးဟာ'

'ကျွန်မပါပဲရှင်'

စားသောက်ဆိုင်၌တွေ့ခဲ့ရသော မိန်းကလေးသည် တင်းလေကျော်ပင် ဖြစ်နေပါ၏။

သူမအား ရုတ်တရက် မမှတ်နိုင်အောင် ပုံစံတစ်မျိုးဖြင့် ရုပ်ဖျက်ထားခြင်း ဖြစ်လေသည်။

သူမ၏ရုပ်ဖျက်ပညာသည် ရှောင်မကဲ့သို့ ဝါရင့်သိုင်းသမားတစ်ယောက်ကိုပင် လှည့်စားနိုင်ခဲ့သဖြင့် မခံမရပ်နိုင်အောင် ထင်ရှားနေပါတော့သည်။

ရှောင်မာ ယူကြုံးမရဖြစ်သွားလေသည်။

'လာခဲ့စမ်းပါသေး မင်းကိုး၊ ကျုပ်ကို လူတစ်ယောက်က သဲကြီးမဲကြီး လိုက်ရှာနေတယ်လို့ သတင်းရလို့ ကျုပ် စုံစမ်းကြည့်တော့ မင်းတို့လူစုမှန်းသိခဲ့ရတယ်၊ ခင်းတို့သာ ချမ်းသာတယ်၊ ရာထူးဂုဏ်ရှိန် ရှိတယ်၊ အသိုင်းအဝိုင်းကောင်းတယ်ဆိုတာ ကျုပ်ရိပ်မိခဲ့တယ်၊ ဒါကြောင့် ဝေးဝေးကရှောင်ခဲ့တာပဲ'

'ကျွန်မပြောပါရစေဦးရှင်'

တင်းလေးကျင်းက တောင်းပန်လိုသော်လည်း ရှောင်မာ ခေါင်းခါယမ်းလိုက်လေသည်။

'တော်ပါပြီကွာ၊ မင်းတို့ ဘာတဲ့ဖြစ်ဖြစ် ကျုပ်နဲ့ကြည့်ပါဘူး၊ ကဲ....သွားနိုင်ပါပြီ'

တင်းလေးကျင်းက ဝမ်းနည်းသောအကြည့်ဖြင့် လှမ်းကြည့်၏။ ရှောင်မာက မျက်နှာလွှဲထားလိုက်လေသည်။

တင်းလေးကျင်း သက်ပြင်းချကာ....

'ကောင်းပါပြီရှင်၊ ကျွန်မသွားပါတော့မယ်'

သူမသည် ခေါင်းလေးငုံ့ကာ စရပ်ပေါ်မှဆင်းသွားလေတော့သည်။

* * *



တင်းလေးကျင်း ထွက်သွားပြီဖြစ်လေသည်။

စရပ်ပေါ်တွင် ရှောင်မာ၊ မျက်မြင်နှင့် နားထိုင်းကြီးတို့ သုံးယောက်သာ ကျန်ရစ်ခဲ့ကြလေသည်။

သုံးယောက်သား စကားမပြောဖြစ်ကြဘဲ အတွေးကိုယ်စီဖြင့် ထိုင်နေကြသဖြင့် ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်နေလေတော့သည်။

အတော်ကြာသော် မျက်မြင်က...

'သူက အဘကိုအရဲစွန့်ပြီး ချဉ်းကပ်လာခဲ့တာပဲ'

ဟု ပြောလေသည်။

နားထိုင်းကြီးသည် မျက်မြင်၏ နှုတ်ခမ်းလှုပ်ပုံကို ကြည့်ကာ...

'ဟုတ်တယ်၊ သူ့ရဲ့အဆင့်အတန်းနဲ့ ခုလိုရုပ်ဖျက်လာတာဟာ တကယ့်ကိုခက်ခဲတဲ့ စွန့်စားမှုပဲ၊ ဘာကြောင့် သူဒီလိုလုပ်ရသလဲ'

'တကယ့်ကို အကူအညီလိုလို့ နေမှာပေါ့'

သူတို့နှစ်ယောက်က ရှောင်မာကို လှမ်းကြည့်လိုက်ကြလေသည်။ ရှောင်မာက မျက်နှာလွှဲ၍သာ နေလိုက်သည်။

နားထိုင်းကြီးက...

'တင်းလေးကျင်းဟာ မြို့စားနယ်စားတစ်ယောက်ရဲ့သမီး ဖြစ်ရမယ်လို့ ငါပြောရဲတယ်'

ဟု ပြောလိုက်သည်။

မျက်မြင်က....

'အင်း... သူ့ရဲ့အသံကို နားထောင်ရတာ မျိုးရိုး အဆင့်အတန်း မနိမ့်ဘူးဆိုတာ ထင်ရှားတယ်၊ ရွှောင်မာပြောသလိုပဲ သူတို့ အကူအညီ လိုနေပြီဆိုရင် တကယ့်ကို ကြီးမားတဲ့ပြဿနာရပ်ကြီး ပဲ ဖြစ်ရမယ်'

နားထိုင်းကြီးက....

'ဒါဆို ရွှောင်မာငြင်းလိုက်တာ မှန်တာပေါ့'

သူတို့သည် အခက်အခဲ ဒုက္ခရောက်နေသူအား ကူညီဖို့ ဝန်မလေးကြသူများ ဖြစ်ပါသည်။

ထို့ကြောင့်....

အကူအညီမပေးဘဲ ငြင်းလိုက်ရသောအခါ စိတ်ထဲ ကသိကအောက် ဖြစ်နေတော့သည်။

ရွှောင်မာက ဘာမှမပြောဘဲ ငြိမ်နေဆဲ....

မျက်မြင်က....

'တစ်ခုတော့ရှိတယ်၊ တင်းလေကျင်းက သူ့မှာ ဘယ်လိုအခက်အခဲ ကြုံတွေ့နေရတယ်ဆိုတာ ပွင့်ပွင့်လင်းလင်း ပြောနိုင်ရင် သိပ်ကောင်းမှာပဲ၊ ဒါမှ ကူညီနိုင်ရင်လဲ ကူညီတာပေါ့ မကူညီနိုင်လို့ ငြင်းလိုက်ရလဲ စိတ်ထဲမသန့်စရာ အကြောင်းမရှိတော့ဘူးပေါ့'



မျက်မြင်နှင့် နားထိုင်းကြီးတို့သည် ရွှောင်မာကိုယ်စား ပြောနေကြခြင်း ဖြစ်ပေတော့သည်။

သူတို့သည် ရွှောင်မာကို လှမ်းပြီး အကဲခတ်လိုက်ကြပြန်လေသည်။

ရှတ်တရက်....

ရွှောင်မာသည် လှုပ်လှုပ်ရှားရှား ဖြစ်လာပြီး ခေါက်ခုံနဲ့ ထရပ်လိုက်ပြီးလျှင်....

'ကျုပ် သွားတော့မယ်'

ဟု ပြောလေသည်။

မျက်မြင်က....

'မင်း ဘယ်ကိုသွားမှာလဲ'

ဟု မေးလိုက်သည်။

ရွှောင်မာက....

'ထိုက်ဝူးမြို့ကထွက်သွားတော့မလို့'

'ဩ'

မျက်မြင် ပါးစပ်ပိတ်ထားလိုက်သည်။

ရွှောင်မာက....

'ခင်ဗျားတို့ကို နှုတ်ဆက်ခဲ့ပါတယ်ဗျာ'

စကားဆုံးသည်နှင့် ချာခနဲလှည့်ကာ ဇရပ်ပေါ်မှ ဆင်းသွားလေတော့သည်။

* * *

ယခု...

ဇရပ်ပေါ်တွင် လူနှစ်ယောက်သာ ကျန်တော့၏။

ရှောင်မော ထွက်သွားပြီဖြစ်သည်။

မျက်မမြင်နှင့် နားသိုင်းကြီးတို့ ထိုင်နေကြဆဲ....

ရုတ်တရက် ...

ချီလွှင့်သော တူရိယာသံများ ထွက်ပေါ်လာသည်။

ကျောက်စိမ်းရောင်ဝတ် မိန်းမလေးများသည် တူရိယာပစ္စည်း ကိုင်ဆောင်တီးမှုတ်ကာ ဇရပ်ရှေ့သို့ ရောက်လာကြ၏။

သူတို့၏နောက်တွင် ပန်းကြဲသော မိန်းမလေးများ လိုက်ပါလာကြသည်။

ထိုမှတစ်ဖန်...

အလွန်သန်မာထွားကျိုင်းသော လူသန်ကြီးများသည် မြင်းဖြူ လေးကောင်ဆွဲသော အဖိုးတန် မြင်းလှည်းကို ခြံရံလိုက်ပါလာ၏။



မြင်းလှည်းသည် ဇရပ်နှင့် မလှမ်းမကမ်း၌ ရပ်သွား၏။

မိန်းမလေးအချို့က အနီရောင် ကော်ဇောကြီးတစ်ခုကို မြင်းလှည်းမှသည် ဇရပ်ပေါ်သို့ ရောက်အောင် ခင်းလိုက်ကြသည်။

တူရိယာသံများသည် တဖြည်းဖြည်း တိုးတိတ် ကွယ်ပျောက်သွား၏။ မြင်းလှည်းတံခါးပွင့်သွားပြီး အဖြူရောင် ဝတ်ဆင်ထားသော နတ်မိမယ်တမျှ လှပချောမောသည့် မိန်းကလေးတစ်ယောက် ဆင်းလာလေသည်။ ထိုမိန်းကလေးသည် ကော်ဇောပေါ်မှ ဖြတ်လျှောက်လာ၍ ဇရပ်ပေါ် ရောက်လာ၏။

ထိုမိန်းကလေးမှာ တင်းလေကျင်း ဖြစ်လေသည်။

* * *

တင်းလေကျင်းသည် ဇရပ်ပေါ်သို့ ရောက်လာသည်။

သူမ၏ ခမ်းနားထည်ဝါမှုကြောင့် နားသိုင်းကြီးမှာ ထရမလို ထိုင်ရမလို ဂနာမငြိမ် ဖြစ်သွားလေသည်။

မျက်မမြင်က....

'ခင်းပြန်လာပြီလား'

ဟု မေးလိုက်သည်။

တင်းလေကျင်းက....

'ဟုတ်ပါတယ်ရှင်၊ ဟန်ဆောင်တာကို ခေါင်းမာတဲ့ကျွန်မ မကြိုက်ဘူးဆိုတာ ကျွန်မသိပါတယ်၊ ကျွန်မ ကိုယ်တိုင်လဲ မကြိုက်ပါဘူး၊ ကြံရာမရလို့လုပ်မိခဲ့တာ တောင်းပန်မလို့ပါရှင်'

နားထိုင်းကြီးက....

'မင်းနောက်ကျသွားပြီ၊ ရှောင်မာဟာ ဝါတို့ကို နှုတ်ဆက်ထွက်သွားပြီကွ'

ဟု ပြောလိုက်သည်။

တင်းလေကျင်းမှာ စိတ်မကောင်းသောလေသံဖြင့်....

'ဒီလိုဆိုရင် ကျွန်မလား ပြီး တောင်းပန်တဲ့အကြောင်း ပြောပြလိုက်ပါရှင်'

နားထိုင်းကြီးက....

'အင်း....သူနဲ့ပြန်ဆုံရင်တော့ ပြောပြပေးပါမယ်၊ ဒါပေမယ့် သူဟာ လေလိုလွင့်နေတဲ့သူဆိုတော့ ပြန်ဆုံဖို့ဆိုတာ အတော်ခက်တဲ့ ကိစ္စပဲ'

တင်းလေကျင်းက....

'ဘာပဲဖြစ်ဖြစ် သူနဲ့ဆုံရင်ပြောပြပေးမယ်ဆိုတာကို ကျေးဇူးတင်ပါတယ်ရှင်၊ ကဲ ကျွန်မကို ခွင့်ပြုပါဦး'

သူမသည် ပြန်လည်ထွက်ခွာသွားရန်ဟန်ပြင်လိုက်လေသည်။

မျက်မပြင်က....



'ခဏနေပါဦး'

ဟု ဟန့်တားလိုက်၏။

တင်းလေကျင်းက....

'ဘာများပြောစရာရှိလို့ပါလဲရှင်'

'ဩော်....တခြားတော့မဟုတ်ပါဘူး၊ ရှောင်မာအပေါ်အဝင် ကျုပ်တို့က မင်းမှာ အခက်အခဲရှိနေတယ်လို့ ယူဆခဲ့ကြတယ်၊ ဒါ အမှန်ပဲလားဆိုတာ သိချင်လို့ပါ'

တင်းလေကျင်း အနည်းငယ်စဉ်းစားလိုက်ပြီး....

'အမှန်ပါပဲရှင်'

'ဒါဆိုရင် ဘယ်လိုအခက်အခဲရှိနေတယ်ဆိုတာ ပြောပြနိုင်မလား'

မျက်မမြင်က မေးလိုက်သည်။

တင်းလေကျင်း တွေဝေသွားလေသည်။

သူမသည် ရှောင်မာထံတွင် အကူအညီတောင်းလိုသည်။

သခု....

ကူညီမည့်ရှောင်မာက မရှိတော့ပြီ။

သူမ၏အတွင်းရေးကို ဖွင့်ပြောဖို့ သင့်ပါမည်လော။

တင်းလေကျင်း တိတ်ဆိတ်နေသဖြင့် မျက်မမြင်က...

'မိန်းကလေးမှာ ပြောဖို့ခက်ခဲနေတယ်ဆိုရင်လဲ နေပါ၊ မပြောပါနဲ့တော့'

ဟု ပြောလိုက်သည်။

တင်းလေကျင်း သက်ပြင်းချကာ...

'ကျွန်မ ပြောပြပါ့မယ်ရှင်'

မျက်မမြင်နှင့် နားထိုင်းကြီးတို့ စိတ်ဝင်စားစွာ နားထောင်နေလိုက်ကြသည်။

တင်းလေကျင်းက...

'ကျွန်မဟာ ကောင်းလွန်နယ်စားကြီး ဘင်းယန်ရဲ့သမီးပါ၊ ကျွန်မဖေဖေဟာ တစ်နေ့မှာ မိတ်ဆွေတချို့နဲ့အတူ မြောက်ပိုင်းတောင်တန်းဒေသကို ခရီးထွက်သွားပါတယ်၊ အဲဒီကစပြီး ပြန်ရောက်မလာတော့ပါဘူးရှင်'

ကောင်းလွန်နယ်စားသည် အထင်ကရ ပုဂ္ဂိုလ်ကြီး တစ်ယောက် ဖြစ်ခဲ့လေသည်။

နေပြည်တော်မှ ဘုရင်မင်းမြတ်၏ ယုံကြည်အားကိုးမှုကို ခံရသူလည်း ဖြစ်သည်။

ဘုရင်မင်းမြတ်သည် အမှုတော်ကို စွမ်းစွမ်းတမံထမ်းဆောင်သည့်အတွက် ကောင်းလွန်နယ်စားကို အခွင့်အာဏာ အပြည့်အဝ အပ်နှင်းချီးမြှောက်တော် မူလေသည်။



ကောင်းလွန်နယ်စားသည် နယ်နယ်ရရ ပုဂ္ဂိုလ်ကြီး တစ်ယောက်မဟုတ်မှန်း သိထားကြသည့် မျက်မမြင်နှင့် နားထိုင်းကြီးတို့ တုန်လှုပ်သွားကြတော့သည်။

ရုပ်ပျက်ဆင်းပျက် မဖြစ်အောင် မနည်းပင် ကြံဖန်ထိန်းထားလိုက်ကြရလေသည်။

တင်းလေကျင်းက ဆက်ပြောသည်။

'ဖေဖေ ပြန်ရောက်မလာတဲ့အတွက် ကျွန်မတို့ စိတ်ပူပြီး လိုက်လံ စုံစမ်းခဲ့ကြပါတယ်၊ နောက်ဆုံးကြားသိရတဲ့ သတင်းအတော့ ဖေဖေတို့ မြောက်ပိုင်း တောင်းတန်းတွေ ပေါ်မှာ ကျက်စားတဲ့ မျိုးနွယ်စုတစ်စုက ဖမ်းဆီးထားကြတယ်လို့ သိရပါတယ်ရှင်'

'ဩော်....'

'ကျွန်မတို့ဟာ ဖေဖေ့ကို လွတ်ပေးဖို့ အဖိုးတန် ကျောက်မျက်ရတနာ ပစ္စည်းတွေနဲ့ သွားပြီး အလဲအလှယ် လုပ်ကြမယ်လို့ စီစဉ်ထားကြပါတယ်ရှင်'

မြောက်ပိုင်းတောင်တန်းသို့ သွားသည့်ခရီးမှာ အလွန်ဝေးခဲ ကြမ်းတမ်းသည် ဖြစ်လေသည်။

တော်တန်ရုံ ဇွဲသတ္တိဖြင့် အရောက်သွားဖို့မလွယ်ချေ။

တင်းလေကျင်းသည် သူမ၏ခရီးစဉ်တွင် အားကိုးရမည့်သူများကို ခေါ်ဆောင်သွားလိုသည့် သဘောရှိကြောင်း ထင်ရှား၏၊

ထို့ကြောင့်လည်း ရှောင်မောကို မရဏရှာဖွေတော အကူ အညီ တောင်းနေခြင်း ဖြစ်ပုံရလေသည်။

ငြိမ်သက်စွာ အကဲခတ်ကြည့်နေသော နားထိုင်းကြီးက...

'နေပါဦး၊ သခင်မလေးတို့က နယ်စားကြီးကို ဖမ်းထားတဲ့ လူတွေနဲ့ အဆက်အသွယ် လုပ်ပြီးပြီလား၊ ရွှေငွေကျောက်သံ ပတ္တမြားတွေနဲ့ နယ်စားကြီး ကို ဘယ်လို လုပ်မယ်ဆိုတာ သူတို့ သဘောတူရဲ့လား'

ဟု ဝင်မေးလေသည်။

တင်းလေကျင်း အနည်းငယ် စဉ်းစားပြီးမှ ခေါင်းညိတ် လိုက်လေသည်။

'အဆက်အသွယ်လုပ်ပြီးပါပြီ၊ သူတို့လဲ သဘောတူကြပါ တယ်၊ ဒါပေမယ့် မြောက်ပိုင်း တောင်တန်းများမှာ ကျင်လည် ကျက်စားနေတဲ့ မျိုးနွယ်စုတွေ အချင်းချင်း မသင့်မြတ်ကြ ဖေဖေ့ကို ဖမ်းထားတဲ့သူတွေက လမ်းခရီး လုံခြုံမှုအတွက် အာမခံချက် မပေးနိုင်ကြပါဘူး၊ သူတို့ ဆီကို ရောက်အောင် သွားပြီး အလဲအလှယ် လုပ်မှ ဖေဖေ့ကို လွှတ်ပေးမယ်လို့ပြော ပါတယ်'

အလွန် အန္တရာယ်များသောခရီး ဖြစ်ပေသည်။

အဖိုးတန် ရွှေငွေ ကျောက်သံပတ္တမြား သယ်ဆောင်သွား ရဦးမည်ဖြစ်၍ 'မရဏခရီး' ဟုပင် ခေါ်စရာ ရှိတော့သည်၊



မျက်မမြင်က...

'အခုလို ပွင့်ပွင့်လင်းလင်းပြောပြတာ ကျေးဇူးတင်ပါတယ် သခင်မလေး၊ ရှောင်မောသာ ရှိရင် သခင်မလေးရဲ့ အခက်အခဲ ကိုသိပြီး အကူအညီပေးမှာ သေချာပါတယ်၊ သူက လူစွန့် စား တစ်ယောက်မဟုတ်လား'

ဟု ပြောလိုက်၏။

တင်းလေကျင်းက...

'ကျွန်မ ပြောပြချင်ပါတယ်၊ ဒါပေမယ့် သူက ကျွန်မကို တွေ့တာနဲ့ ရှောင်ထွက်သွားလို့ ပြောမပြခဲ့ရတာပေါ့၊ သူ ဒီက ထွက်သွားပြီဆိုတော့ ဘာများ တတ်နိုင်ဦးမှာလဲရှင်၊ ကဲ...ကျွန်မကို ခွင့်ပြုကြပါဦး'

ပြောပြောဆိုဆို ထွက်သွားရန် ဟန်ပြင်လိုက်လေသည်။

မျက်မမြင်က...

'ခဏနေပါဦး သခင်မလေး၊ ကျုပ် တစ်ခုမေးပါရစေဦး'

ဟု လှမ်းပြောလိုက်သည်။

တင်းလေကျင်း ခြေလှမ်းရပ်ကာ...

'မေးပါရှင်'

'ရှောင်မောက မလိုက်ဘူးဆိုရင်လဲ သခင်မလေးတို့ ကိုယ် တိုင် သွားကြရမှာမဟုတ်လား'

'ဟုတ်ပါတယ်ရှင်၊ နက်ပေါင်း သုံးဆယ်အတွင်း ရောက်လာရမယ်လို့ သူတို့က အချိန်ပေးထားပါတယ်၊ အချိန်မရှိတော့တာမို့ ကျွန်မတို့ဘာသာ သွားရတော့မှာပေါ့ပဲ'

မျက်မမြင်က....

'နယ်စားကြီးရဲ့ မိတ်ဆွေတွေ သိုင်းလောကမှာ ရှိသားပဲ၊ သူတို့ဆီမှာ အကူအညီတောင်းရင်ကော'

'ကျွန်မရဲ့အဖေ ဂုဏ်သိက္ခာကို ကျဆင်းသွားမှာကို စိုးရိမ်လို့ လူသိမခံဝံ့ပါဘူးရှင်'

ပြဿနာသည် လွယ်မယောင်နှင့်ခက်၊ တိမ်မယောင်နှင့် နက်သော ပြဿနာတစ်ခုဖြစ်ကြောင်း မျက်မမြင် ဆင်ခြင်မိလေသည်။

အလွန် အတိတ်ထားပြီး သိုသိုသိပ်သိပ် လုပ်ရမည့်ကိစ္စဖြစ်ကြောင်းလည်း နားလည်လိုက်သည်။

ထို့ကြောင့်....

'ရှောင်မာ မရှိတော့ပေမယ့် ကျုပ်က သခင်မလေးကို ကူညီမယ်ဆိုရင်ကော....'

ဟု မေးလိုက်သည်။

တင်းလေကျွင်းက အံ့ဩသွားသည်။

'ကျွန်မကို ကူညီမယ်၊ ဟုတ်လားဟင်'

'ဟုတ်ပါတယ်'



နားထိုင်းကြီးက....

'ကျုပ်လဲ ကူညီပါရစေ'

ဟု ဝင်ပြောလေသည်။

မျက်မမြင်သော နားထိုင်းကြီးပါ တင်းလေကျွင်းအား ကူညီသင့်သည်ဟု ဆုံးဖြတ်လိုက်ကြပြီး ဖြစ်လေသည်။

ထိုစဉ်....

'ခင်ဗျားတို့ ကူညီမှုတော့ ကျုပ်က လက်ပိုက်ကြည့်နေလို့ တယ်ဖြစ်ပါတော့မလဲ'

စကားသံနှင့်အတူ ဇရပ်ခေါင်မိုးပေါ်မှ လူတစ်ယောက် ခုန်ဆင်းလာသည်ကို တွေ့လိုက်ရ၏။

ထိုလူကို တင်းလေကျွင်း မြင်လျှင် ဝမ်းသာသွားသည်။

အကြောင်းမှာ....

ထိုလူမှာ ခေါင်းမာတဲ့ကျား ရှောင်မာ ဖြစ်နေခြင်းကြောင့်တည်း။

ရှောင်မာစာ ဇရပ်ပေါ်တက်လာပြီး....

'ကျုပ်က သခင်မလေးကို ကူညီပါရစေဗျာ'

ဟု လိုလိုလားလားပင် ပြောလိုက်လေသည်။

* * *

ရှောင်မာ၊ မျက်မမြင်နှင့် နားထိုင်းကြီးတို့သည် အသွန်ကြီးကျယ်ခမ်းနားသည့် ဧည့်ခန်းမကြီး တစ်ခုအတွင်း၌ ရောက်ရှိနေကြလေသည်။

ကြမ်းပြင်သည် နင်းရက်စရာမရှိအောင်ပြောင်လက်နေသလို ပရိဘောဂပစ္စည်းများမှာလည်း အဖိုးထိုက်အဖိုးတန်များချည်း ဖြစ်လေသည်။

ပန်းခန်းများ မွှေးကြိုင်နေပြီး အရာရာသည် သန့်ရှင်းသော ခမ်းနားကြီးကျယ်သည့်အသွင်ဆောင်နေသည်။

အပြာရောင်အဝတ်အစား သစ်သစ်လွင်လွင် ဝတ်ဆင်ထားသည့် အိမ်ဖော်များသည် ရှောင်မာတို့အား လိုလေသေးမရှိ ဧည့်ခံပြုစုကြလေသည်။

ရှောင်မာတို့ သုံးယောက်သည် အိမ်ဖော်များလောက်ပင် အထောက်ပြောင်ခြင်းမရှိကြချေ။

မည်သို့ဆိုစေ....

သူတို့စိတ်ထဲ မည်သို့မည်မျှ မခံစားကြရပေ။

သာလာယံဇရပ်တွင် နေထိုင်ခဲ့ကြသလိုပင် အေးအေးဆေးဆေး ရှိနေကြလေသည်။

ချမ်းသာကြွယ်ဝခြင်း၊ ပြည့်စုံခြင်း၊ ဆင်းရဲနွမ်းပါးခြင်း၊ ငတ်မွတ်ခြင်းစသည့် လောကဓံအရာများသည် သူတို့အား လှုပ်ခတ်ခြင်းငှာ မစွမ်းသာတော့ပါ။



တင်းလေကျော်းသည် ရှောင်မာတို့အား လိုလေသေးမရှိ ဧည့်ခံပြီးမှ....

'မနက်ဖြန် ခရီးထွက်မယ်လို့ ကျွန်မစိတ်ကူးထားပါတယ်'

ဟု ပြောလေသည်။

ရှောင်မာက ခေါင်းညိတ်လိုက်သည်။

'အတတ်နိုင်ဆုံး မြန်မြန်သွားနိုင်လေလေ ပိုကောင်းလေလေပဲပေါ့'

မျက်မမြင်နှင့် နားထိုင်းကြီးတို့ကလည်း သဘောတူကြလေသည်။

တင်းလေကျောင်းက....

'တောင်ပေါ်ဒေသကို သွားရမှာဆိုတော့ မြောက်ပိုင်းကို ရောက်ရင် ခြေလျင်သွားကြတာ အကောင်းဆုံး ဖြစ်မယ်လို့ ကျွန်မထင်မိတယ်၊ ရွှေငွေရတနာတွေကိုတော့ ဝေါစင်နဲ့သယ်မယ်လေ'

နားထိုင်းကြီးက....

'အစ်မလေး သဘောတော်သလိုစီစဉ်ပါဗျာ'

တင်းလေကျောင်းက သွားရမည့်ခရီးစဉ်ကို ရှင်းပြလိုက်သည်။ ရှောင်မာတို့က ရှင်းလင်းသည့်အချက်များကို မေးကြ၏။

နေ့တစ်ဝက်ကျိုးအောင် တိုင်ပင် ဆွေးနွေးလိုက်ကြပြီးမှ အသီးသီး အနားယူလိုက်ကြတော့သည်။

* * *

မရဏခရီး...

ရှောင်မာတို့သည် မရဏခရီးကို အစပြုရန် စိုင်းပြင်းနေကြပြီဖြစ်သည်။

ခရီးထွက်ရန် အားလုံးအဆင်သင့်ဖြစ်သွားချိန်တွင်....

'ဟော့...ဘယ်သူလဲ'

တစ်နေသာဆီမှ အော်ခေါက်သံထွက်ပေါ်လာခဲ့သည်၊

တစ်ဆက်တည်းမှာပင်....

'မပြေးနဲ့'

'မိအောင်ဖမ်းကြ'

ဩသံပေးသံများနှင့်အတူ တင်းလေကျောင်း၏လူများ လှုပ်လှုပ်ရှားရှား ဖြစ်သွားကြလေသည်။

ပြေးလွှားသွားသူများ၊ အော်တစ်ရှန်းကန်သံများဖြင့် ရုတ်ရုတ်သဲသဲဖြစ်သွား၏။

ရှောင်မာ ရင်ထိတ်သွားမိသည်။



မျက်မမြင်နှင့်နားထိုင်းကြီးတို့မှာ သူ၏အနီးသို့ ရောက်ရှိလာကြလေတော့၏။

မျက်မမြင်က....

'တစ်ခုခုတော့ ဖြစ်နေပြီ'

သူ၏စကားမဆုံးမီ အစေခံများသည် လူတစ်ယောက်အား ဖမ်းဆီးခေါ်ဆောင်လာကြသည်ကို တွေ့မြင်လိုက်ရလေသည်။

'ဘာဖြစ်ကြတာလဲ'

ခေါင်းမြန်းသံနှင့်အတူ တင်းလေကျောင်းသည် ရောက်ရှိလာလေသည်။ အစောင့်တစ်ယောက်က...

'ကျွန်တော်တို့ဘက်ကို ခယောင်ခလယ်နဲ့ ချဉ်းကပ်လာတဲ့ လူတစ်ယောက်ကို ဖမ်းမိလာတယ် သခင်မလေး'

ဟု အစီရင်ခံလိုက်သည်။

အစောင့်များ ဖမ်းဆီးလာသူမှာ လူငယ်လေးတစ်ယောက် ဖြစ်ပါသည်။

ရှန်းကန်ခြင်းငှာ မစွမ်းသာဘဲ အစောင့်တို့၏ လက်ထဲ၌ ကြက်ကလေး ငှက်ကလေး တစ်ကောင်ပမာ အဖမ်းခံရလေသည်။

'ခေါ်ခဲ့စမ်း'

တင်းလေးကျောင်းကအမိန့်ပေးလိုက်ပြီး လူငယ် သူမ၏ရှေ့သို့ ရောက်ရှိလာလျှင်....

'မင်း ဘယ်သူလဲ၊ ဘာလာလုပ်တာလဲ'

ဟု မေးလိုက်လေသည်။

ထိုစဉ်....

'သူက ရေမြင်းလေးပါ'

ကောသံနှင့်အတူ ရှောင်မာက ရှေ့သို့ လှမ်းထွက်လာလေသည်။

အဖမ်းခံရသောလူငယ်မှာ ရေမြင်းလေးဖြစ်ပါသည်။

ရေမြင်းလေးသည် ရှောင်မာကိုမြင်လျှင် ဝမ်းသာအားရဖြစ်သွားပြီး—

'အစ်ကိုကြီး၊ ကျွန်တော့်ကို ကယ်ပါဦး'

ဟု အော်ပြောလေသည်။

ရှောင်မာနှင့် ရေမြင်းလေးတို့ သိကျွမ်းနေကြသည်ကို တွေ့ရလျှင် လွှတ်ပေးလိုက်ဖို့ အစောင့်များကို တင်းလေကျောင်းက မျက်ရိပ်ပြလိုက်လေသည်။

အစောင့်များက လွှတ်ပေးလိုက်၍ လွတ်မြောက်သွားသော ရေမြင်းလေးသည် ရှောင်မာထံပြေးသွားပြီး....



'ထိုက်ဝူးကို ကျွန်တော်ပြန်ရောက်တော့ အစ်ကိုကြီး ထွက်သွားပြီဆိုတာ သိရလို့ သတင်းစုံစမ်းပြီး လိုက်လာခဲ့တာပါ အစ်ကိုကြီး'

ဟု ပြောလေသည်။

ရှောင်မာက သက်ပြင်းချလိုက်ပြီး....

'ငါ့ညီရာ၊ မင်းရဲ့အမေကိုခေါ်ပြီး ထိုက်ဝူးမှာပဲ အေးအေးဆေးဆေး နေရောပေါ့၊ ဘာ့ကြောင့် အပင်ပန်းခံပြီး လိုက်လာရတာလဲကွာ....'

'အစ်ကိုကြီး၊ အမေဆုံးသွားပါပြီ'

'ဟေ...'

'ကျွန်တော် ရွာပြန်ရောက်ပြီး သုံးရက်အကြာမှာ အမေဆုံးသွားပါတယ်၊ ဒါ့ကြောင့် ရွာမှာမနေချင်တော့သလို ထိုက်ဝူးမှာလဲ မနေချင်တော့တာနဲ့ အစ်ကိုကြီးနောက်ကို လိုက်လာခဲ့တာပါ'

'ဖြစ်မှ ဖြစ်ရလေကွာ'

ရှောင်မာ စိတ်မကောင်း ဖြစ်သွားလေသည်။

ရေမြင်းလေးမှာ မျက်ရည်များ စီးကျလာသောအောင် ထိန်းသိမ်းရင်း....

'အစ်ကိုကြီး၊ ကျွန်တော်ဟာ မိဘမဲ့ ဆွေမျိုးမဲ့တဲ့ တစ်ကောင်ကြွက် တစ်ယောက်ဖြစ်နေပါပြီ၊ အားကိုးစရာ ဆိုလို့

အစ်ကိုကြီးတစ်ယောက်ပဲ ရှိပါတော့တယ်၊ ဒါကြောင့်လိုက်လာခဲ့တာပါ'

ဟု ပြောလေသည်။

ရှောင်မာက ...

'ညီလေး၊ ငါက အန္တရာယ်များလှတဲ့ ခရီးကြမ်းတစ်ခုကို သွားရတော့မှာကွ'

'ကျွန်တော်လဲလိုက်မယ်'

'ဟာ.... ဘယ်ဖြစ်မလဲ'

'ရပါတယ် အစ်ကိုကြီးရဲ၊ အစ်ကိုကြီးနဲ့ သေအတူ ရှင်အတူ နေမယ်လို့ ကျွန်တော် ဆုံးဖြတ်ပြီးပါပြီ'

ရှောင်မာ အကျပ်ရိုက်သွားလေသည်။

ရေမြင်းလေးကို သံယောဇဉ် ဖြစ်ပါသည်။

တစ်ခက်ခဲကြောက် ဖြစ်နေပြီမို့ ကူညီရန် သူ့တွင် တာဝန်ရှိသည်ဟု ခံယူသားသည်။

မရဏခရီးအတွက် ခေါ်သွားရန်အား....

မျက်စမြင်က ...

'သူ့ကိုပါ ခေါ်ခဲ့ပါကွာ၊ တို့အတွက် ကူဖော်လောင်ဘက် တောင် ရသေးတယ်'



ဟု ဝင်ပြောလိုက်သည်။

နားထိုင်းကြီးက....

'ဇရပ်ပေါ်မှာနေတုန်းကလဲ လေးယောက်၊ အခုလဲ လေးယောက် ဘာဖြစ်ရဦးမှာလဲ'

မျက်မမြင်ကြီး၏ စကားကို ထောက်ခံလိုက်လေသည်။

ရှောင်မာက အခင်မသေး တင်းလေကျင်းအား လှမ်းကြည့်လိုက်လေ၏။

သူက ခေါ်သွားလိုသည့်တိုင် တင်းလေကျင်းက သဘောတူဦးမှ ဖြစ်လေသည်။

တင်းလေကျင်းက....

'အစ်ကိုတို့ ခေါ်ချင်တယ်ဆိုရင်လဲ ခေါ်ခဲ့ပေါ့'

ရှောရှောရှူရှူပင် သဘောတူလေသည်။

ရှောင်မာက....

'ဒါဆိုလဲ ညီလေး လိုက်ရင်လိုက်ခဲ့ပေါ့၊ ဒါပေမယ့် တစ်ခု တော့ ရှိတယ်နော်'

'ဟုတ်ကဲ့၊ ပြောပါအစ်ကိုကြီး'

'ကျုပ်ရဲ့စကားကို ညီလေး နားထောင်ရမယ်'

ရေမြင်းလေး ခေါင်းညိတ်လိုက်သည်။

'ကျွန်တော် ကတိပေးပါတယ် အစ်ကိုကြီးရာ'

မမျှော်လင့်ဘဲ…

မရဏာခရီးတွင် ရေမြင်းလေး လိုက်ပါဖို့အကြောင်း ဖန်လာ
လေသည်။

မရဏာခရီးသည် ရေမြင်းလေးကဲ့သို့ အတွေ့အကြုံမရှိ၊ သိုင်း
ပညာ မရှိသူအတွက် မည်သို့မျှ မအပ်စပ်သောခရီး ဖြစ်လေ
သည်။

မည်သို့ဆိုစေ….

ရေမြင်းလေး လိုက်ပါခဲ့ခြင်းကြောင့် ရှောင်မာတို့အတွက်
အပိုးဖြတ်နိုင်သော အထောက်အကူကြီးတစ်ရပ် ဖြစ်ပေါ်လာ
ခဲ့လေသည်။



မြောက်ပိုင်းတောင်တန်းဒေသ….

အရပ်ဒေသမျက်နှာဘယ်ဝယ်ဘယ်ဆီကြည့်ကြည့် မှိုင်းညို့ညို့
တောင်တန်းကြီးများ ပိတ်သို့ကာဆီးထားသော အရပ်ဒေသ
ဖြစ်လေသည်။

အစဉ်သဖြင့် မြူခိုးများ ဝေနေတတ်ပြီး အေးမြမှု လွှမ်း
မိုးနေသော ရှိသည်။

ရှောင်မာတို့လူစုသည် မြောက်ပိုင်း တောင်တန်းဒေသသို့
စတင် ခြေချမိခဲ့ကြပြီ ဖြစ်ပါသည်။

တောင်စဉ်တောင်တန်းများကို ဖြတ်ကျော်ကာ ခရီးနှင်နေ
ကြသည်။ ရှောင်မာနှင့် ရေမြင်းလေးတို့က ရှေ့ဆုံးမှ

ဦးဆောင်ကာ သွား၏။ တင်းလေကျင့်နှင့် အထမ်းသမား လေးယောက်စီ ထမ်းသော ဝေါစင်နှစ်ခုက ရှောင်မာတို့နောက်မှ ဆပ်လျက် လိုက်ပါလာကြသည်။

မျက်မမြင်နှင့် နားထိုင်းကြီးတို့က နောက်ဆုံးမှ တာဝန်ယူ စောင့်ကြပ်ရင်း လိုက်ပါလာကြလေသည်။

မြင်း သို့မဟုတ် မြင်းလှည်းဖြင့် ခရီးသွားနိုင်မည်ဆိုလျှင် ပင်ပန်းနွမ်းနယ်မှု ထက်သာနိုင်ပေသည်။

ယခုတော့…

ခြေကျင် ခရီးနှင်နေကြရာ နံနက် မိုးစင်စင်လင်းသွားမှ နေမွန်းတည့်သည်အထိ ဆယ်မိုင်မျှသာ ခရီးပေါက်နိုင်ခဲ့လေသည်။ နေမွန်းတည့်လျှင် ရပ်နားကာ စားသောက်လိုက်ကြသည်။

ထို့နောက် ခရီးဆက်ပြန်သည်။

တောင်အမြင့်ပိုင်းသို့ ရောက်ရှိလာလေလေ အသွားအလာ ပို၍ခက်ခဲလာလေလေပင်။

သို့သော်….

မည်သူမျှ ညည်းညူခြင်းမရှိကြဘဲ ခရီးနှင်နေကြလေသည်။

ညဘက် နေဝင်သွားပြီး မိုးချုပ်သွားတော့မှ ရောက်သည့် နေရာ၌ပင် ရပ်တန့်ကာ တစ်ညတာ အနားယူလိုက်ကြလေသည်။



နံနက် မိုးစင်စင်လင်းလျှင် ရှေ့ခရီးဆက်ကြပြန်သည်။

ဤသို့ဖြင့်….

နှစ်ရက်လုံးလုံး ခရီးပြင်းနှင်ခဲ့ကြပြီးနောက် တောင်ပေါ်ရွာလေးတစ်ရွာသို့ ရောက်သွားကြလေသည်။

တောင်ပေါ်ရွာလေး၌ စားနပ်ရိက္ခာများ ဝယ်ယူ ဖြည့်တင်းကြသည်။ ရှေ့ဆက်ရမည့် လမ်းခရီးအကြောင်း စုံစမ်းလိုက်ကြသည်။

ရွာခံမုဆိုးတစ်ယောက်အား လမ်းပြအဖြစ် ငှားရမ်းလိုက်ကြသည်။

ထို့နောက်….

ရှေ့ခရီးဆက်ခဲ့ကြလေသည်။

ရှောင်မာတို့လူစုသည် မြောက်ပိုင်း တောင်တန်းဒေသ၏ ကြမ်းတမ်းသောနယ်မြေအတွင်းသို့ တစ်စထက်တစ်စထိုးဖောက် ဝင်ရောက်သွားခဲ့ကြလေတော့သည်။

* * *

နေခြည်ဖြာကျနေသည်။

ဝန်းကျင်တစ်ခုလုံး ကြည်လင်သာယာနေပါသည်။

မပြီလျှောလျှော တောင်ဆင်းလမ်းလေး အတိုင်း ဆင်းလာကြပြီး နောက်ထပ် တောင်ကုန်းတစ်ခုပေါ်သို့ တက်လိုက်ကြသည်။

ကစ်တောင်တက် တစ်တောင်ဆင်းဖြင့် ခရီးနှင်လာခဲ့ကြရာ တစ်နေရာဆီသို့ အရောက်တွင်....

'ရှိ....'

ရှေ့ဆုံးမှ သွားနေသည့် တင်းလေကျောင်း၏ လူတစ်ယောက်ထံမှ အချက်ပေး လေချွန်သံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

အားလုံး ခြေလှမ်းရပ်သွားလေသည်။

တင်းလေကျောင်း၏ လူများသည် ကြိုတင် စီစဉ်ထားကြသည့်အတိုင်း ဝေါစင်နှစ်ခုအား မြေပေါ်ချထား ဝိုင်းရံ ကာကွယ်နေရာယူထားလိုက်ကြလေသည်။

တင်းလေကျောင်း၏ လူများတွင် ဝေါစင်နှစ်ခုအား ထမ်းရန် လူအနီကြီး ရှစ်ယောက်နှင့် အခြေအရံ မိန်းကလေးနှစ်ယောက်အစောင့် လေးယောက် စုစုပေါင်း ဆယ့်လေးယောက် လိုက်ပါလာလေသည်။

တင်းလေကျောင်းသည် အချက်ပေး လေချွန်သံကို ကြားသည်နှင့် ချက်ချင်းပင် ရှောင်မာတို့ အနီးသို့ ချဉ်းကပ်လာပြီး....

'ကျွန်မ လူတွေက ရှေ့မှာ ထူးခြားမှု တစ်ခုခု တွေ့နေကြပြီရှင့်'



ဟု ပြောလိုက်လေသည်။

ရှောင်မာက...

'ဘယ်လို ထူးခြားမှုလဲဆိုတာ သိရအောင် သွားကြည့်ရမကောင်းဘူးလား'

'ကောင်းပါပြီရှင်'

သူတို့နှစ်ယောက်သည် ရှေ့သို့ ပြေးလွှားသွားကြလေသည်။

မျက်မမြင်နှင့် နားထိုင်းကြီးတို့က ဝေါစင်များနှင့် လှမ်းမဆမ်းတွင်ရပ်လျက် ကျန်ရစ်ခဲ့ကြလေသည်။

ရှောင်မာနှင့် တင်းလေကျောင်းတို့ ပြေးလွှား လာခဲ့ကြရာ တောင်ပူစာလေးပေါ်သို့ ရောက်ရှိလာလျှင် တင်းလေကျောင်း၏ အစောင့်နှစ်ယောက်နှင့် ထမ်းပြမုဆိုးတို့ အချင်း များနေကြသည်ကို တွေ့မြင်လိုက်ရလေသည်။

တင်းလေကျောင်းက....

'ဘာဖြစ်နေတာလဲဟေ့'

ဟု လှမ်းပြောလိုက်၏။

သူမကိုမြင်လျှင် အစောင့် နှစ်ယောက် သည် ချက်ချင်း ဦးညွှတ်ဂါရဝ ပြုလိုက်ကြသည်။

တစ်ယောက်က...

'သခင်မလေး၊ သူက ရှေ့ဆက် မသွားရဘူးလို့ ပြောနေပါတယ်'

လမ်းပြမုဆိုးကို ညွှန်ပြကာ တိုင်တန်းလိုက်လေသည်။

တင်းအေးကျောင်းနှင့် ရှောင်မာတို့မှာ လှမ်းပြမုဆိုးအား၊ အကဲခတ် ကြည့်လိုက်ကြ၏။

လမ်းပြမုဆိုး မျက်စိမျက်နှာ ပျက်နေပါသည်။

'ဆက်သွားလို့ မဖြစ်တော့ဘူး'

ဟု တွင်တွင်ပြောနေလေသည်။

တင်းအေးကျောင်းက....

'ဘာကြောင့် ဆက်သွားလို့ မဖြစ်တာလဲရှင့်'

ဟု မေးလိုက်သည်။

လမ်းပြမုဆိုးက....

'ရှေ့ဆက်သွားရင် ဒုက္ခရောက်လိမ့်မယ်၊ ဟိုမှာ သတိပေးထားတယ်'

တစ်နေရာဆီသို့ ညွှန်ပြကာ ပြောလေသည်။



တင်းအေးကျောင်းတို့ ကြည့်လိုက်ကြသောအခါ သစ်ပင်တစ်ပင်ပေါ်၌ ရောင်စုံငှက်မွေးတစ်ချောင်း ထိုးစိုက်ထားသည်ကို တွေ့ရလေသည်။

ရှောင်မာ မျက်မှောင်ကြုတ်သည်။

'ဒီရောင်စုံငှက်မွေးဟာ အန္တရာယ်ရဲ့ အထိမ်းအမှတ် မဟုတ်လားဗျ'

ဟု မေးလိုက်သည်။

လမ်းပြမုဆိုးက....

'ဟုတ်တယ်၊ ကျုပ်တို့ဟာ ငှက်လူတွေရဲ့နယ်မြေထဲကို ရောက်နေကြပြီ၊ ရောင်စုံငှက်မွေးကို မြင်ရင် ချက်ချင်း ရှောင်တိမ်းသွားရမယ်၊ နောက်ကမဆုတ်ဘဲ ရှေ့ဆက်တိုးမယ်ဆိုရင် အားလုံး ဒုက္ခရောက်ကြလိမ့်မယ်'

ရှောင်မာက....

'ဘယ်လို ဒုက္ခရောက်မှာလဲ ပြောပါဦး'

လမ်းပြမုဆိုးက....

'ငှက်လူတွေက သူတို့နယ်ထဲရောက်လာတဲ့လူတွေကို တိုက်ခိုက်လုယက်ကြလိမ့်မယ်ဗျ၊ သူတို့ဟာ အင်တန် ကြမ်းတမ်းတဲ့ တောင်ပေါ်သား မျိုးနွယ်စုတစ်ခုပဲ'

ရှောင်မာက...

'ကျုပ်တို့အသူတို့ကို ခေါင်းတုတ်လိုက်မယ် ဆိုရင်ကောဗျာ'

'ဟာ မဖြစ်နိုင်တာ'

'ဘာကြောင့် မဖြစ်နိုင်ရမှာလဲဗျ'

'သူတို့က....'

လမ်းပြမုဆိုး စကားဆုံးအောင် မပြောလိုက်ရပါ။

အကြောင်းမှာ....

အဝေးမှ ငှက်အော်သံများ ကျယ်လောင်စွာ ထွက်ပေါ်လာသည်ကို ကြားလိုက်ရခြင်း ဖြစ်လေသည်။

* * *

ငှက်အော်သံများ ထွက်ပေါ်လာလေသည်။

ရေကန်ကြီးတစ်ကန်တွင် ငှက်အပေါင်း ရေသောက်ဆင်းရာမှ မြည်ကြွေးနေသော အသံများနှင့် ခပ်ဆင်ဆင်တူသည်။

သို့သော်...



အသံပလံများ ကြားနေရပြီး ငှက်ဟူ၍ တစ်ကောင် တစ်လေမျှပင် မတွေ့ရပါချေ။

ရှောင်မာနှင့် တင်းလေကျင်းတို့ တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြလေသည်။

ငှက်အော်သံများ ကြားရသည်နှင့် လမ်းပြမုဆိုး၏ မျက်စိမျက်နှာ ပျက်သွားလေသည်။

'ကျုပ်တို့ ဒီနေရာက မြန်မြန်ထွက်သွားမှဖြစ်မယ်'

ဟု ပြောကာ ချာခနဲလှည့်ပြီး ထွက်ပြေးသွားလေသည်။

'ဟေ့... ဟေ့'

ရှောင်မာက လှမ်းပြီး ဟန့်တားလိုက်သော်လည်း မမီတော့ချေ။ လမ်းပြမုဆိုးသည် တောင်ပူစာလေး ဝဲဘက်သို့ ဆင်းပြေးသွားပြီး မြက်ကွင်းမှ ပျောက်သွားလေသည်။

ရှောင်မာ သက်ပြင်းချလိုက်သည်။

တင်းလေကျင်းကို လှမ်းကြည့်လိုက်သောအခါ သူမသည် တည်ကြည်သောမျက်နှာထားဖြင့်...

'လမ်းပြမပါတဲ့ကျွန်မတို့ ရှေ့ဆက်မသွားနိုင်စရာအကြောင်း မရှိပါဘူး'

ဟု ပြောလေသည်။

ရှောင်မာ ဘာမှမပြောဘဲ နေလိုက်လေသည်။

ထိုစဉ်...

ထူးထူးဆန်းဆန်း ထွက်ပေါ်လာသော ငှက်အော်သံများသည် ရုတ်ခြည်း ကွယ်ပျောက်သွားကာ ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ် ငြိမ်သက်သွားလေတော့သည်။

သိုင်းလောကအတွင်းကျင်လည်ရင်း တိုက်ပွဲပေါင်းများစွာရင်ဆိုင်ခဲ့ဖူးသည့် ရှောင်မာပင်လျှင် ထူးထူးခြားခြား အခြေအနေများကြောင့် ရင်ထဲ လှုပ်ရှားလာလေသည်။

တင်းလေကျင်းက...

'ကျွန်မစိတ်ထဲ ငှက်လူဆိုတဲ့ လူတွေဟာ အနီးအနားကို ရောက်လာပြီး ကျွန်မတို့ကို ဝိုင်းထားလိုက်ကြပြီ ထင်နေတယ်'

ဟု ပြောလေသည်။

ရှောင်မာ ပြုံးလိုက်သည်။

'သူတို့ ဝိုင်းထားရုံနဲ့ ဘာမှတတ်နိုင်ကြမှာ မဟုတ်ပါဘူး'

ဟု ပြောလိုက်လေသည်။



တင်းလေကျင်းက...

'မှန်တာပေါ့ရှင်၊ သူဘာမှတတ်နိုင်မှာမို့လဲ'

ဟု ထောက်ခံလိုက်သည်။

သူတို့သည် တစ်ယောက်နှင့်တစ်ယောက် အားပေးလိုက်ကြခြင်း ဖြစ်ပါသည်။

မည်သို့သော အန္တရာယ်နှင့် ကြုံတွေ့ရမည်ကိုအား မသိနိုင်ကြပါသေးချေ။

ပတ်ဝန်းကျင်ကို သတိကြီးစွာထားကာ အကဲခတ်နေစဉ်မှာပင်...

'ဂစ်....'

သိမ်းငှက်ကြီးတစ်ကောင်၏ အော်မြည်သံကဲ့သို့ စူးရှကျယ်လောင်သောအသံ ထွက်ပေါ်လာလေသည်။

ရုတ်တရက်....

တောင်ပူစာလေးပေါ်ရှိ သစ်ပင်အချို့ပေါ်မှ ငှက်ကြီးနှစ်ကောင် ပျံဝဲကာ ဆင်းလာသည်ကို တွေ့လိုက်ရလေသည်။

ထိုငှက်ကြီးနှစ်ကောင်သည် ရှောင်မာတို့ထံသို့ တစ်ဟုန်ထိုးထိုးဆင်းလာခြင်း ဖြစ်သည်။

မလွတ်တမ်း သုတ်ချီသွားကြတော့မည့် အသွင်မျိုးဖြစ်လေ သည်။

ရှောင်မာကား လျပ်ဘစ်ပြက်လှုပ်ရှားလိုက်၏။

တင်းခလကျင်းအား ဘေးသို့တွန်းထုတ်ကာ မြေပေါ်ဝမ်းလျားထိုးချလိုက်ပြီး ကျောက်ခဲနှစ်လုံးကောက်ယူကာ သုံးခေါပတ် လိမ့်လိုက်ပြီးမှ ခုန်ထကာ တအားပစ်ပေါက်လိုက်လေသည်။

'ဝှစ်....ဝှစ်'

ကျောက်ခဲနှစ်လုံးသည် အရှိန်ပြင်းစွာပစ်လွင့်သွားပြီး ငှက်ကြီးနှစ်ကောင်အား တည့်တည့်မတ်မတ် ထိမှန်သွားလေတော့သည်။

'အား....'

'အမယ်လေး'

စူးရှသော အော်ဟစ်သံများ ထွက်ပေါ်လာလေသည်။

မြေပေါ် ထိုးခနဲ ဝုန်းခနဲ ပြုတ်ကျသွားသော အသံများနည်း ထွက်ပေါ်လာလေသည်။

သစ်ပင်ပေါ်မှ ခုန်ဆင်းလာသည်မှာ ငှက်ကြီးနှစ်ကောင်မဟုတ်ဘဲ လူနှစ်ယောက်ဖြစ်နေပါသည်။



ထိုလူနှစ်ယောက်သည် မှင်မွှေးငှက်တောင်ဖြင့် ချုပ်ထားသော အဝတ်အစားများ ဝတ်ဆင်ထားကြလေသည်။

သူတို့၏ အသားအရည်သည် နီစပ်စပ်ရှိပြီး မျက်လုံးကျဉ်းကျဉ်း နှာခေါင်းကောက်ကောက် ရှိသူများဖြစ်သည်။

ရှောင်မာပစ်ပေါက်လိုက်သော ကျောက်ခဲသည် ချက်ကောင်းထိသွားပြီး ခံနိုင်ဘဲ ပြုတ်ကျလာခြင်း ဖြစ်ပုံရသည်။

မြေပေါ်သို့ ဖွဲ့အိတ်ကြီးများပမာ ပြုတ်ကျလာပြီး တောင်ပူစာလေး၏ ဆင်ခြေလျှောနိမ့်ပိုင်းသို့ လိမ့်ဆင်းသွားကာ မြင်ကွင်းမှ ကွယ်ပျောက်သွားလေတော့သည်။

ရှောင်မာ ပြုံးလိုက်သည်။

'ငှက်နှစ်ကောင်တော့ အထိနာသွားပြီ'

ဟု ပြောလိုက်သည်။

တင်းခလကျင်းက....

'ဇစ်ယောက်လောက် ဖမ်းမိလိုက်ရင်သိပ်ကောင်းမှာပဲ'

ဟု ညည်းလေသည်။

မှန်ပေသည်။

တစ်ယောက်မိလျှင် ရန်သူအခြေအနေကို စစ်ဆေးမေးမြန်း နိုင်မည်မဟုတ်ပါလား။

ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်သွားပြန်သည်။

ရှောင့်မာသည် အတန်ကြာသည့်တိုင် စောင့်ဆိုင်းနေပြီး ထူးခြားမှုဖြစ်ပေါ်မလာခြင်းကြောင့်....

'ကျုပ်တို့ ရှေ့ဆက်သွားကြရင် ကောင်းမယ်'

ဟု ပြောလိုက်၏။

တင်းလေကျောင်းက....

'သူတို့က ကျွန်မတို့ဆီ မလာရင် ကျွန်မတို့က သူတို့ဆီကိုသွား ကြမယ်ဆိုတဲ့ သဘောလားရှင်'

ရှောင်မာက ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်၊ ထိုင်စောင့်နေရတဲ့ အလုပ်လောက် ပျင်းစရာ ကောင်းတာ ဘာမှမရှိဘူး'

တင်းလေကျောင်းက ...

'ကောင်းပါပြီလေ'

သူမသည် မလှမ်းမကမ်း၌ရှိနေသော သူမ၏လူများကို လက် ဇဝ့ယမ်းပြလိုက်သည်။



အားလုံး လှုပ်လှုပ်ရှားရှား ဖြစ်လာကြလေသည်။

ထို့နောက်....

ရှေ့ခရီးဆက်ရန် ပြင်ဆင်လိုက်ကြလေတော့သည်။

❀ ❀ ❀

နေဝန်းနီမှာ တောင်းတင်အလယ်ဗဟိုမှနေပြီး အနောက် ဘက်သို့ ရွေ့လျားတိမ်းစောင်းနေပြီ ဖြစ်လေသည်။

မကြာမီ ညနေဆည်းဆာအချိန်သို့ ရောက်ရှိလာတော့မည် ဖြစ်သည်။

တင်းလေကျောင်းတို့လူစုသည် လမ်းပြမပါတဲ့ ရှေ့ခရီးနှင်နေ ကြပေသည်။

ငှက်မွေးအင်္ကျီဝတ်ဆင်ထားသူနှစ်ယောက် ခံလိုက်ရပြီးသည့် နောက်ပိုင်းရန်ပြုမည့်သူများထပ်မံထွက်ပေါ်လာခြင်းမရှိခဲ့ချေ။

လာမည့်ဘေး ပြေးတွေ့မည်ဟူသောသဘောဖြစ်၍ တင်းခဲကျောင်းတို့ကလည်း ရှေ့ဆက်ရုံခြင်း ဖြစ်လေသည်။

တောင်ပူစခလေးများကို ဖြတ်ကျော်လာခဲ့ကြပြီး ရှည်လျားစွာ သွယ်တန်းနေသော တောင်တန်းကြီးတစ်ခုပေါ်သို့ ရောက်ရှိလာကြသည်။

ယခုမှ...

မြောက်ပိုင်း တောင်တန်းစဲသည်၌ ပိုင်ပိုင်နိုင်နိုင် ခြေချလိုက်နိုင်ပြီဟု ဆိုနိုင်လေသည်။

တောင်တန်းကြီးတစ်ခုလုံး အစိမ်းရောင် သစ်တောကြီးဖုံးလွှမ်းထား၏။ မြူခိုးများ ဆိုင်းနေသလို အေးချမ်းမှုကြီးစိုးနေသည်။

ရှောင်မာနှင့် တင်းခဲကျောင်းတို့ ဦးဆောင်သော ခရီးဆက်လာရင်း ညနေစောင်းသွားအချိန်၌ ရောက်လာခဲ့သော အခါ ရှောင်မာက...

'ညအက်ခရီးမဆက်ဘဲ အနားယူကြတာ ပို့ပြီးအန္တရာယ်ကင်းမယ် ထင်တယ်'

ဟု အကြံပေးလိုက်လေသည်။



တင်းခဲကျောင်းက သဘောတူလေသည်။

'ကောင်းသားပဲ၊ သင့်တော်မယ့် တစ်နေရာရာရှာပြီး တစ်ည အနားယူဖို့ စီစဉ်ကြတာပေါ့'

သူတို့သည် တစ်ည အနားယူနိုင်မည့်နေရာကို ရှာဖွေလိုက်ကြလေသည်။

မကြာပါချေ...။

တောအုပ်အတွင်း ကျယ်ပြန့်သော မြေကွက်လပ်တစ်ခု၌ ရှိနေသည်ကို တွေ့ရလေသည်။

ရှောင်မာက...

'ဒီမှာပဲ နားကြတာပေါ့'

တင်းခဲကျောင်း ခေါင်းညိတ်လိုက်သည်။

'ကောင်းတယ်၊ မိုးမချုပ်ခင် ကြိုတင်ပြင်ဆင်ထားကြတာ မမှားပါဘူး'

ချက်ချင်းပင် သူ၏လူများကို တစ်ည တာစခန်းချ အနားယူရန် လိုအပ်သည်များကို ပြင်ဆင်ဖို့ အမိန့်ပေးလိုက်လေသည်။

ဝေါစင်နှစ်ခုကို မြေကွက်လပ်အလယ်တွင် နေရာချလိုက်သည်။

ဆစ်ကိုင်းခြောက်များ ထင်းချားရောနှောထား မြေကွက်လပ်ပတ်လည်တွင် မီးပုံများ ပြုလုပ်လိုက်သည်။

ဝေါစင်နှစ်ခုအား ဝိုင်းဖွဲ့ကာ နေရာယူ၍နားလိုက်ကြသည်။

အသင့်ပါလာသောစားသောက်ဖွယ်ရာများကို ညစာအဖြစ် စောစောစီးစီးပင် စားသောက်လိုက်ကြသည်။

အချိန်မရွေး ပေါ်ပေါက်လာနိုင်သည့်အန္တရာယ်ကို ရင်ဆိုင်ဖို့လည်း အသင့်ပြင်ထား လိုက်ကြလေတော့သည်။

* * *

နေဝန်းနီမှာ အနောက်ဘက်တွင် ငုပ်လျှိုးကွယ်ပျောက်သွားပြီ ဖြစ်ပါသည်။

အလင်းရောင် ကွယ်ပျောက်သွားသည်နှင့် အမှောင်ထု ကြီးစိုးလာလေသည်။



မြေကွက်လပ်ပတ်လည်တွင် မီးပုံများ ဖိုထားခြင်းကြောင့် မီးရောင် ထိန်ထိန်လင်းနေပါသည်။

အလင်းရောင်ရှိနေသဖြင့် ရန်သူများ အလစ်အငိုက် ဝင်ရောက်တိုက်ခိုက်လာမည်ကို စိုးရိမ်ပူပန်စရာ မလိုတော့ပေ။

သို့သော်....

ရန်သူ့နယ်မြေအတွင်းရောက်ရှိနေသည်မို့ မည်သူမျှ မပေါ့ဆဝံ့ကြချေ။

နှစ်နှစ်ခြိုက်ခြိုက် အိပ်လိုက်မည် ဟုလည်း စိတ်ကူးဝံ့ကြပါ။

အားလုံး နိုးနိုးကြားကြား ဖြစ်နေကြပေတော့သည်။

တင်လေးကျော်သည် ဝေါစင်နှစ်ခုအနီး၌ ထူခေါ်လူများနှင့်အတူ ရှိနေ၏။

ရှောင်မာက မျက်မြင်တို့နှင့်အတူ မီးပုံတစ်ခု နံဘေး၌ ဝိုင်းဖွဲ့ ထိုင်နေလေသည်။

သုံးယောက်သား ညစာ စားသောက် လိုက်ကြပြီးနောက် မျက်မြင်အား ပင့်သက်ရှိုက်ကာ....

'ဦးကိစ္စကို ငါတော့ သဘောကျတော့ဘူးကွ'

ဟု တီးတိုး ပြောလာလေသည်။

ရှောင်မာက…

'ဘာဖြစ်လို့လဲဗျ…'

ဟု မေးလိုက်သည်။

မျက်မမြင်က…

'ဘာဖြစ်ရမလဲ ဘာမှန်းမသိလို့ပေါ့'

သူ၏စကားကြောင့် ရှောင်မာ ပြုံးလိုက်မိလေသည်၊

သူတို့အား အကဲခတ်ကြည့်နေသော နားထိုင်းကြီးက…

'ကင်းစောင့်ချောင်းက တစ်ခုခုကို လျှို့ဝှက်ထားတယ်လို့ ထ နေတာလားဗျ'

ဟု မေးလေသည်။

မျက်မမြင် ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်၊ သူက ကျုပ်တို့ကို အမှန်အတိုင်း ပြောခဲ့ ဟုတ်မှ ဟုတ်ရဲ့လားလို့ သံသယ ဖြစ်မိတယ်ကွ'

ရှောင်မာက…



'ခုချိန်မှာ တစ်ယောက်နဲ့ တစ်ယောက် သံသယစိတ်တွေ ထားကြတာ ကောင်းမယ် ထင်ပါတယ်ကွာ'

ဟု ဖျောင်းဖျလိုက်သည်။

မျက်မမြင်က…

'ငါနားလည်ပါတယ်၊ မင်းတို့ ဆင်ခြင်နိုင်ရင် ပြီးတာပဲ၊ ငါတစ်ခုပြောစရာ ရှိသေးတယ်'

'ပြောပါ…'

'ငါ့စိတ်ထဲမှာ ရန်သူတွေဟာ အမှောင်ထဲကနေ ငါတို့ကို ဝိုင်းရံထားကြတယ်လို့ ခံစားနေရပေမယ့် ဒါ ထင်တာပဲ ဖြစ်နိုင်တယ်'

ရှောင်မာနှင့် နားထိုင်းကြီး တို့ တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်မိကြလေသည်။

စက္ခုနှစ်ကွင်း အလင်းမရသည့် မျက်မမြင်အား ရန်သူ ဝိုင်းရံထားသည်ဟု ခံစားနေရသည်မှာ အကြောင်းမဲ့ မဟုတ်ကြောင်း နားလည်ထားကြလေသည်။

ရန်သူသည် အမှောင်ထုထဲ၌နေပြီး တိတ်တဆိတ် ဝိုင်းရံထား ကြလိမ့်မည်ဟု သူတို့သည်း ယုံကြည်ထားကြသည် မဟုတ်ပါ လား။

မျက်မမြင်ကုိ....

'တို့က သတိဝီရိယနဲ့နေကြမယ်ဆိုရင် သူတို့ဝင်တိုက်ရဲကြမှာ မလွယ်တဲ့အပြင် တို့က စပြီး တိုက်ခိုက်လိုက်တာနဲ့ သူတို့ထွက်ပြေးသွားကြလိမ့်မယ်လို့လဲ ငါ့စိတ်ထဲ ထင်နေမိဘာယ်'

ဟု ပြောလေသည်။

ရှောင်မာက....

'ဒါဖြင့် စမ်းကြည့်လိုက်ပါလား'

ဟု တိုက်တွန်းလိုက်သည်။

မျက်မမြင်သည် အနည်းငယ် စဉ်းစားလိုက်ပြီး....

'ကောင်းပြီလေ'

သူ၏အင်္ကျီအိတ်ထဲမှ အဝတ်ချုပ်သော အပ်ကလေးများကို နှိုက်ယူလိုက်လေသည်။

ထိုစဉ်....

'ဂစ်....ဂစ်....ဂစ်....'

'ဂူး... ဂူး... ဂူး....'

တောအုပ်ထဲမှ ညဉ့်ငှက်တို့၏ စူးစူးရှရှ အော်မြည်သံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။



မျက်မြင်သည် တုံ့ဆိုင်းနေခြင်းမရှိဘဲ လက်ဝှေ့ယမ်းထား အသံဗလံများ ထွက်ပေါ်လာရာဆီသို့ အပ်ကလေးများ ပစ်လွှတ်လိုက်လေသည်။ အပ်လေးများသည် လေထဲ တိတ်ဆိတ်စွာ ဖြတ်သန်းကာ အမှောင်ထုအတွင်းသို့ တိုးဝင် ကွယ်ပျောက်သွား၏။

မျက်မြင်က အပ်ကလေးများ ပစ်လွှတ်လိုက်သည့် တစ်ဒင်္ဂ အချိန်လေးအတွင်း ရှောင်မာ အသက်အောင့်ထားမိလိုက်သည်။

ထူးခြားမှု တစ်စုံတစ်ခု ဖြစ်ပေါ်လာလိမ့်မည်ဟု ယုံကြည်ထားခြင်းကြောင့် ဖြစ်သည်။

ရှောင်မာ ကြာကြာ မစောင့်လိုက်ရပါ။

'အား....'

'အွန်....'

'အမယ်လေးဗျ'

စူးရှကျယ်လောင်သော အော်ဟစ်သံများ တစ်ခဲနက် ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

* * *

ကျယ်ခလောင်သော အသံများသည် ညဥ့်ယံကို ထိုးဖောက်ထွက်ပေါ်လာလေသည်။

တစ်ဆက်တည်းမှာပင် ဝချန်းသုဦးကား 'ပြေးလွှားသွားသော ခြေသံများ ထွက်ပေါ်လာလေသည်။

မျက်မမြင် သဘောကျစွာ ရယ်မောလိုက်လေသည်။

ရှောင်မာနှင့် နားထိုင်းကြီးတို့သည်၊ ပြုံးလိုက်ကြသည်၊

မျက်မမြင်၏လက်ချက်ကြောင့် ပုန်းအောင်းချောင်းမြောင်းနေကြသူများ ဖချိဖချဲ ဖြစ်သွားကြပြီ မဟုတ်ပါလော။

မျက်မမြင်က....

'အနည်းဆုံး သုံးယောက်လောက်တော့ အိပ်ရာထဲ လဲနေရမှာပဲ'

ဟု ပြောလေသည်။

ရှောင်မာက....

'ခင်း...၊ ဒါကြောင့်လဲ သိုင်းလောကသားတွေက ခင်ဗျားကို ငွေအပ်ရာဇာလို့ ကင်ပွန်းတပ်ကြတာကိုး....'

ဟု ချီးကျူးလိုက်လေသည်။



မျက်မမြင်က....

'ကျုပ်က မျက်မမြင်တစ်ယောက်ဆိုတော့ အကြားအာရုံ ပိုကောင်းတယ်လေ၊ ဒါကြောင့် လက်နက်ပုန်းပညာကိုပဲ အဓိကထား လေ့ကျင့်ခဲ့တာပေါ့၊ တကယ်လို့ ကျုပ်က မျက်စိမြင်မယ်ဆိုရင် ကျုပ်ရဲ့ လက်နက်ပုန်းပညာတာ ခုလောက်ကောင်းနိုင်တော့မယ် မထင်ဘူး'

ဟု ရှင်းပြသည်။

ရှောင်မာသည် မျက်မမြင်က သူ့အား လက်နက်ပုန်းဖြင့်ပစ်မည်ဆိုပါက ရှောင်ဖို့လွယ်မည် မဟုတ်ဟု တွေးတောဆင်ခြင်နေမိလေသည်။

ထိုစဉ် တင်းလေကျင်းသည် သူတို့အနီးသို့ ရောက်ရှိလာလေသည်။

'ဆူဆူညံညံအသံတွေကို ရှင်တို့ကြားလိုက်တယ် မဟုတ်လား'

ဟု မေးလေ၏။

ရှောင်မာက....

'ကြားလိုက်ပါတယ်ဗျာ'

'အဲဒါ....'

'ကျုပ်တို့ကို ဒီတစ်ည ကောင်းကောင်း အနားယူနိုင်ပြီလို့ ပြောသွားကြသလိုပါပဲ'

ရှောင်မဘက အရှိန်းဖောက်လိုက်သဖြင့် မျက်ခမြင်နှင့် နား ထိုင်းကြီးတို့ သဘောကျစွာ ရယ်မောလိုက်ကြလေသည်။

'ဟား....ဟား...ဟား....'

'ဟား...ဟား...ဟား....'

သူတို့၏ ရယ်မောသံများ ကျယ်လောင်စွာ ထွက်ပေါ်လာ လေသည်၊ မှန်ပေသည်။

* * *

'အောက်အီးအီးအွတ်....'

ကြက်တွန်သံများ ဟိုမှသည်မှ ထွက်ပေါ်လာလေသည်၊

အရှေ့ဘက်မှ အလင်းရောင် ထွက်ပေါ်လာသည်။

အမှောင်ထု တဖြည်းဖြည်း လွင့်ပါးသွားသည်။

မိုးစင်စင်လင်းလာသောအခါ ရှောင်မာတို့လူစု ခရီးဆက် ရန် အဆင်သင့် ပြင်ဆင်ထားကြပြီ၊ ဖြစ်နေ၏။

တင်းခလကျင်းက ရှောင်မာကိုကြည့်ကာ....

'ကျွန်မတို့ အရှေ့စူးစူးကို သွားရလိမ့်မယ်'

ဟု ပြောလေသည်။



ရှောင်မာက....

'ကောင်းပြီလေ၊ သွားကြတာပေါ့'

သူတို့ စတင် ထွက်ခွာသွားရန် ပြင်ဆင်လိုက်ချိန်တွင် ရုတ်တရက် ခြေသံများ ထွက်ပေါ်လာလေသည်။

အားလုံး ရင်ထိတ်သွားကြပြီး လှမ်းကြည့်လိုက်ကြ၏။

လူတစ်ယောက်သည် သစ်ပင်များကြားမှ ထွက်ပေါ်လာပြီး သူတို့ထံသို့ တန်းတန်းမတ်မတ် လျှောက်လာနေသည်ကို တွေ့ ရ၏။

ထိုသူသည် မလှမ်းမကမ်းသို့ ရောက်လာလျှင် ပြုံးရွှင်သော မျက်နှာထားဖြင့်....

'အေးချမ်းတဲ့ တောင်ပေါ်မြေကို ရောက်လာကြတဲ့ ဧည့် သည်တွေကို ဝမ်းပန်းတသာ ကြိုဆိုပါတယ်ဗျာ၊ ကျုပ်က တောင်ပေါ်က မျိုးနွယ်စုတွေရဲ့ 'တမန်တော်' ကီဖုံး ဖြစ်ပါ တယ်'

ဟု ကိုယ့်ကိုယ်ကို မိတ်ဆက်လာလေသည်။

ရှောင်မာတို့သည် တမန်တော် ကီဖုံးဆိုသူအား စိတ်ဝင် စားသွားကြသည်။

တမန်တော် ကီဖုံး ရောက်လာသည်မှာ အကြောင်းရှိရမည် ဟုသည်း နားလည်လိုက်ကြ၏။

တမန်တော်ကီဖုံးက….

'ကျုပ်တာ ညွှန်ကြားတော်တို့ရဲ့ အကျိုးအတွက် စကား တစ်ခွန်း ပြောချင်ပါတယ်ဗျာ၊ အဲဒီစကားကတော့ ညွှန်ကြား တော်တွေဟာ ပါလာတဲ့ ပစ္စည်းတွေကို ထားခဲ့ပြီး နောက် ကြောင်း လှည့်ပြန်သွားကြဖို့ပ ပဲ'

ဟု ရယ်ရယ်မောမောဖြင့် ခြိမ်းခြောက်လာလေတော့သည်။

ပထမပိုင်းပြီး၏။

(ဒုတိယပိုင်းစာတ်သိမ်း ဆက်လက်ဖတ်ရှုပါရန်။)

# တက္ကသိုလ်သီဟအောင်

---

## မရဏာခရီးသွား

(ဒုတိယပိုင်း ဇာတ်သိမ်း)